
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း (၁) လူမျက်နှာတောင်နှင့် ထူးဆန်းမှုများ

အခန်း (၂) ရှေးဟောင်းရတနာသိုက်ကို စောင့်နေရသူ

အခန်း (၃) တောနက်ထဲမှအလောင်း

အခန်း (၄) လျှို့ဝှက်ရန်သူလား၊ မိတ်ဆွေလား

အခန်း (၅) အရိပ်မည်းသုံးယောက်နှင့် ကတိစကား

အခန်း (၆) အမှောင်တွင်းမှ အသက်လုပွဲ

အခန်း (၇) ရန်သူများနှင့်တိုက်ခိုက်ရခြင်း

အခန်း (၈) ထင်းရှူးမြိုင်စခန်းမှ လျှို့ဝှက်မြေပုံ

အခန်း (၉) အံ့ဖွယ်သာခေါင် လူမျက်နှာတောင်

အခန်း (၁၀) တောနက်အတွင်းမှတိုက်ပွဲ

အခန်း (၁၁) ယဇ်စင်တိုင်မှ နှစ်ယောက်ချင်းအသက်လုပွဲ

အခန်း (၁၂) ထရုံခမြစ်ကမ်းပါးမှ လျှို့ဝှက်အန္တရာယ်

အခန်း (၁၃) ဂူအတွင်းမှ မရဏထောင်ချောက်

အခန်း (၁၄) လူမျက်နှာတောင်ခြေမှ အလောင်းများ

အခန်း (၁၅) လူသားစားသည့် လူပုံများ

အခန်း (၁၆) မရဏထောင်ချောက်နှင့် ပျောက်ဆုံးသွားသော လူမျက်နှာတောင်

အခန်း (၁၇) လှပသော ချစ်ခြင်းတရားဖြင့်




အခန်း (၁)

## လူမျက်နှာတောင်နှင့် ထူးဆန်းမှုများ

မြန်မာနိုင်ငံအနောက်ဘက်မှ တံတိုင်းကြီးသဖွယ် ကာရံထားသော တောင်တန်းကြီးများ ရှိပေသည်။

ထိုတောင်တန်းကြီးများမှာ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နယ်နိမိတ်အပိုင်းအခြားသဖွယ် ကာဆီးထားလေသည်။ မိုင်ပေါင်း ရှည်လျားလှစွာရှိနေသော ထိုတောင်တန်းကြီးများအား အနောက်ရိုးမတောင်တန်းများဟု အလွယ်တကူခေါ်ကြလေသည်။ မြန်မာနိုင်ငံတွင် အနောက်ရိုးမနှင့် အရှေ့ရိုးမ ဟူ၍ ရိုးမတောင်တန်းကြီး သုံးသွယ်ရှိလေရာ အနောက်ရိုးမတောင်တန်းကြီးများမှ အခြားရိုးမများထက် အမြင့်ပေပေါင်းများစွာ သာလွန်ပေသည်။

မိုးရာသီရောက်လျှင် အနောက်တောင်၊ အနောက်မြောက်၊ အနောက်ဘက်အရပ်များမှ မိုးသက်မုန်တိုင်းများ ဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိရာ ထိုတောင်တန်းကြီးများက ကာဆီးထားပေးသကဲ့သို့ ရှိလေသည်။ အနောက်ရိုးမတောင်တန်းကြီးများသည် လေဒဏ်မိုးဒဏ် အခံရဆုံးသော တောင်တန်းကြီးများဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဖျားဘက်မှ တောင် ဖြစ်ပေါ်လာခဲ့သော တောင်တန်းကြီးများသည် မြန်မာနိုင်ငံ တောင်ဘက်ဖျားဒေသများ၌ သွားရောက် အဆုံးသတ်လေသည်။

မြန်မာနိုင်ငံမြောက်ဖျားဒေသများဖြစ်သော နာဂဒေသများ၌ ရှိစဉ်က နာဂတောင်တန်းဟု ခေါ်ကြသည်။

ထိုမှတစ်ဖန် ချင်းပြည်နယ်အတွင်း ရောက်ပြန်တော့ ချင်းတောင်တန်းများဟု ခေါ်ကြပြန်၏။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းမှ ဖြတ်သွားသောအခါ ရခိုင်ရိုးမဟုခေါ်ကြပြီး ဧရာဝတီတိုင်းအတွင်းသို့ရောက်သွားသောအခါ အနောက်ရိုးမတောင်တန်းဟုသော မူလအမည် ပြန်ရောက်သွားပြီး မော်တင်စွန်းဘုရားရှိရာ နဂါးရာစ်အငူ၌ တောင်နာဂမောင်းသည် တဖြည်းဖြည်းနှင့် ပြေလျော့ကာ အဆုံးသတ်သွားလေသည်။

အနောက်ရိုးမတောင်တန်းကြီး၏ အမြင့်ဆုံးနေရာများမှာ ချင်းပြည်နယ်တောင်တန်းများနှင့် နာဂဒေသတောင်တန်းများပင် ဖြစ်ပေသည်။

နာဂဒေသသည် တောင်မြင့်တောင်တန်းကြီးများ ပေါ်လှသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသည်။





တောင်ပေါ်လမ်းများမှသာ အားကိုး၍ သွားလာကြရသည်။

တောတောင်ထူထပ်လှသဖြင့် ငှက်ဖျားရောဂါ အစရှိသောရောဂါများက အလွယ်တကူ ဝင်ရောက်နိုင်သည့်အပြင် သားရဲတိရစ္ဆာန်များကလည်း ပေါ်များလှသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်ထားစဉ်ကာလက နာဂတောင်တန်းများကို လျစ်လျူရှုထားခဲ့ပေသည်။

အကယ်၍ ထိုဒေသသို့သွားမည်ဆိုပါက ခြေကျင် တောင်တက်ခရီးမှလွဲ၍ အခြားနည်း မရှိတော့ပေ။

ထိုအချိန်က နာဂတိုင်းရင်းသားများ နေထိုင်သောတောင်တန်းဒေသများသို့ သွားရောက်ရသောအလုပ်မှာ လွယ်ကူသောအလုပ်မျိုးတော့ မဟုတ်ပေ။

ထိုခရီးများအတွက် ကားလမ်းမရှိ လှည်းလမ်းမရှိ လူသွားလမ်းကလေးများအတိုင်း ခြေထောက်ကိုသာ အားကိုး၍ ခရီးဆက်ကြရသည်။

ကုန်ပစ္စည်းများပါလျှင်တော့ ဝန်တင်လားများကို အသုံးပြု၍ သွားလာရသည်။

သို့တိုင်အောင် မိုးများသောကာလများတွင် ခရီးသွားလာ၍ မကောင်းလှပေ။ ရာသီဥတုဆိုးရွားသည့်ဒဏ်အပြင် ငှက်ဖျားရောဂါကလည်း ကြောက်ရသည်။

မိုးကရွာပြီဆိုသည်နှင့် မိုးများလေ့ရှိပြီး ထိုမိုးများသောဒေ

www.burmeseclassic.com



ကြောင့် တောင်ပြို၊ လမ်းပိတ်၊ တံတားကျိုး အစရှိသောအခက်အခဲများနှင့်ကြုံပါက လမ်းခရီး၌ မထင်မှတ်ဘဲ ရက်တွေကြာပြီး စရိတ်ပြတ်ခြင်း အစရှိသော အခက်အခဲများနှင့် ကြုံတွေ့ကြရလေသည်။

နာဂမျိုးနွယ်စုများသည် အိန္ဒိယနယ်များဘက်မှတစ်ဆင့် မြန်မာနိုင်ငံအနောက်ဘက် ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြသည်။

အင်္ဂလိပ်များလက်ထက်က နာဂတိုင်းရင်းသားများအား စစ်တမ်းကောက်ယူခဲ့ရာ မြန်မာနိုင်ငံဘက်မှာ ခြောက်သောင်းနှင့် ရှစ်သောင်းနီးပါးခန့်ရှိပြီး အိန္ဒိယနယ်အတွင်း၌ နာဂတိုင်းရင်းသားများ (၃)သိန်းနီးပါးရှိကြောင်း မှတ်တမ်းများ၌ ဖော်ပြထားခဲ့ပေသည်။

နာဂအတော်များများမှာ တောတောင်များအတွင်း၌သာ မှီတင်းနေထိုင်ကြပြီး တခြား အပြင်လူများနှင့် အဆက်အသွယ် မပြုလုပ်ကြပေ။

မြေပြန့်ဘက်မှလူများကလည်း ၎င်းတို့နေထိုင်သော တောတောင်များအတွင်းသို့ သွားလာရန် ခက်ခဲလှသောကြောင့် တော်ရုံကိစ္စများနှင့်တော့ မရောက်ကြပေ။

အစိုးရတာဝန်ဖြင့်သွားလာသူများသာ တောတောင်များကိုဖြတ်ကာ ခက်ခက်ခဲခဲသွားမှ ရောက်နိုင်ကြပေသည်။

နာဂများသည် ၎င်းတို့နေထိုင်သောရွာများသို့ တောတောင်များအတွင်း၌ လျှို့ဝှက်စွာတည်ကာ နေထိုင်ကြသည်။





အချို့ရွာများဆိုလျှင် ချောက်ကမ်းပါးကြီးများခြား၍တည်ထားကြသည်။ တစ်ဖက်ကမ်းသို့ကူးလိုလျှင် တံတားအရှင်များကိုချ၍ကူးပြီး အဝင်အထွက်ပြုလုပ်ပြီးပါက ထိုတံတားကို အပေါ်သို့ ပြန်တင်ထားလိုက်ကာ ပြင်ပလူများ သွားရောက်ရန် မလွယ်ကူလှပေ။

၎င်းတို့၏ဝမ်းစာအတွက် ရှာဖွေစားသောက်မှုများမှာလည်း တောင်ယာစိုက်ပျိုးခြင်းနှင့် အမဲလိုက်ခြင်း စသော လုပ်ငန်းများဖြစ်သည်။

တောင်ယာစိုက်ပျိုးကြရာမှာလည်း ဆန်စပါးစိုက်ပျိုးခြင်း သိပ်မရှိလှဘဲ ပြောင်းဆန်နှင့်ဖရုံ စသည်တို့ကိုသာ ဦးစားပေးစိုက်ပျိုးကြလေသည်။

နာဂတိုင်းရင်းသားအတော်များများမှာ အဝတ်အတွက် ဦးစားမပေးနိုင်ဘဲ အရှက်လုံရုံသာဝတ်ဆင်ကြပြီး အစားအသောက်ရရှိရေးကသာ အဓိကတာဝန်ဖြစ်တော့သည်။

နယ်ချဲ့အင်္ဂလိပ်များလက်ထက်က ရခိုင်အမျိုးသားတစ်ဦးဖြစ်သော ဦးဘကျော်သာသည် အစိုးရဘူမိဗေဒအရာရှိအဖြစ်နှင့် နာဂတောင်တန်းများဘက်သို့ စေလွှတ်ခြင်းခံရလေသည်။

ဦးဘကျော်သာသည် နာဂတောင်တန်းတစ်ဝိုက်တွင် အတန်ငယ်နှံ့စပ်ကျွမ်းကျင်သော ၎င်း၏မိတ်ဆွေ ဦးရန်နိုင်ဆိုသူကိုပါ ခရီးထွက်ရာသို့ ခေါ်ဆောင်သွားလေသည်။

ဦးရန်နိုင်ကိုခေါ်ရခြင်းအကြောင်းရင်းမှာ ၎င်းသည် နိုင်ငံခြား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဆေးဝါးဖြစ်သော ဆေးဝါးများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံး
၍ ကုသပေးနိုင်သလို တိုင်းရင်းမြန်မာဆေးပညာကိုပါ ကျွမ်းကျင်စွ
ကုသပေးနိုင်သော ဆရာဝန်တစ်ယောက်ဖြစ်သောကြောင့်ပင်။

ငင်းတို့သည် စရိုးထွက်ရာတွင် ဆေးသေတ္တာများကို ပြည့်
စွာယူဆောင်သွားကြသည်။

စရိုးထွက်ရာတွင် နာဂစကားကျွမ်းကျင်နားလည်သူတစ်ဦး
လမ်းပြအချို့ကိုပါ ခေါ်ဆောင်သွားရလေသည်။

တောင်တန်းများပေါ်ရှိ နာဂရွာများသို့ရောက်သောအခါ အ
ရွာများက လူစိမ်းများကို ရွာတွင်းသို့ အဝင်မခံတဲ တိုက်နိုက်ရန်
ပြင်ဆင်ကြသည်။

အချို့ကလည်း လမ်းစရိုးမှာပင် ချောင်းမြောင်းကာ တိုက်ခိုက်
ကြသည်များလည်းရှိလေသည်။

ထိုအခါ မိမိတို့အသက်ဘေးကို ကာကွယ်သည့်အနေဖြင့် ပြ
လည်တိုက်ခိုက်ရသည့်လည်းရှိသည်။

အချို့ရွာများကတော့ လမ်းပြလည်းဖြစ်၊ နာဂစကားလည်
ကောင်းစွာနားလည်သော 'မှုန်းထန်' ပါလာသဖြင့် အတန်အသ
အဆင်ပြေလေသည်။

"ဒါတို့က မင်းတို့အတွက် ရန်ပြုမယ့်ရန်သူတွေမဟုတ်တ
မင်းတို့တစ်တွေကို ရန်ပြုနှိပ်စက်ခဲ့တဲ့ ဂျပန်တွေလဲမဟုတ်ပါဘူ

ထိုသို့ ရှင်းပြရသည်။





"ဝါတို့လာတာက ကိုယ့်အလုပ်ကိစ္စအတွက်နဲ့ကိုယ်
လာကြတာပါ။ ဝါတို့မှာ ဆေးကုပေးဖို့ ဆေးဝါးတွေပါလာတယ်၊ မင်း
တို့ နေထိုင်မကောင်းရင် ဆေးကုပေးမယ်"

"ဝါတို့ နေမကောင်းရင် ဆေးကုပေးမယ့် နတ်ဆရာ ရှိတယ်"

"နတ်ဆရာနဲ့ကုတာလဲ ကုပေါ့၊ သူနဲ့ကုလို့မပျောက်တဲ့ရောဂါ
တွေရှိရင် ဝါတို့ ကုပေးမယ်"

ထိုသို့ပြောလိုက်သောအခါ ရွာလူကြီးက သတင်းဖြန့်ပေးလိုက်
ရာ အချို့ရောဂါဖြစ်နေသူများ ရောက်လာလေသည်။

ထိုအခါ ဦးရန်နိုင်နှင့် ဦးတာကျော်သာတို့က တတ်ကျွမ်းသော
ဆေးပညာများဖြင့် ဆေးကုပေးကြလေသည်။

အချို့ရောဂါများမှာ အဖျားရောဂါ၊ ဝမ်းရောဂါနှင့် ထိခိုက်ဒဏ်
ရာရမှုများဖြစ်ရာ သာမန်ဆေးကုပေးရုံနှင့် ပျောက်ကင်းသွားကြ
လေသည်။

တချို့ ထိခိုက်ဒဏ်ရာများမှာ ရက်ရှည်နေပြီဖြစ်သဖြင့် အနာ
ဟောင်း အနာဆွေးများဖြစ်နေရာစက်စက်ခံကုသပေးရလေသည်။

ရင်းတို့ ဆေးကုပေးသဖြင့် ရောဂါအတော်များများ ပျောက်
ကင်းကြသောအခါမှ ရန်သူကဲ့သို့ မဆက်ဆံကြတော့ဘဲ မိတ်ဆွေကဲ့
သို့ ဆက်ဆံလာကြသည်။

တစ်နေ့တော့ နာဂရွာသားတစ်ယောက် ဆင်ထိုးသဖြင့် ထွက်
ပြေးလာရာ အသက်မသေသေးသော်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိသော



www.burmeseclassic.com

www.burmeseclassic.com



ရာ ဂရုတစိုက် ကုသပေးကြရသည်။

ဆင်စွယ်နှင့်ပွတ်ကာသီကာ ထိုးမိသဖြင့် လက်မောင်းတစ်ဖက်
ကျိုးသွားသဖြင့် ကျောက်ပတ်တီးစည်းကာ ကုပေးရသည်။ ထိုရွ
သားမှာ သေတော့မည့်အနေအထားမှ အသက်ပြန်ရှင်လာသေ
ကြောင့် ဆေးကုပေးသူများကို များစွာ ကျေးဇူးတင်လေသည်။

လက်မောင်းတစ်ဖက်မလှုပ်နိုင်သေးသည်မှအပ ကောင်းမွ
ကျန်းမာလာသဖြင့် ကျေးဇူးတင်သောအမှုအရာဖြင့် ၎င်း သိမ်းဆည်
ထားသောအရာဝတ္ထုတစ်ခုကို ထုတ်၍ပေးလေသည်။

ထိုအရာသည် အဝတ်ဟောင်းတစ်ခုဖြင့်ထုပ်ထားသည့် ကွမ
သီးလုံးအရွယ်ခန့်ရှိ သတ္တုတုံးတစ်လုံးပင်ဖြစ်ပေသည်။ ဦးဘကျေ
သာက ထိုသတ္တုတုံးကိုမြင်သောအခါ အသေအချာကြည့်ရှုရ
မျက်နှာအမူအရာမှာလည်း များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွ
ဟန် ရှိလေသည်။

"မင်း ဒီပစ္စည်းကို ဘယ်ကရတာလဲ"

ဦးဘကျော်သာ က မေးလိုက်လေသည်။

"ဟိုးတောထဲက ရလာတာ"

"ဘယ်လိုရတာလဲ ပြောပြပါဦး"

ဟု မေးသဖြင့် ထိုရွာသားက ပြောပြလေသည်။

ထိုသူ၏အမည်မှာ ကိုင်းလုံ ဖြစ်သည်။ သူ တောင်ပေါ်နာဂ
သားတစ်ယောက်ဖြစ်သည်။ အမဲလိုက်ခြင်းအလုပ်ဖြင့် အသက်





ရာ သူ့တွင် တူမီးသေနတ်တစ်လက်ရှိလေသည်။

တစ်နေ့သောအခါ တောထဲဝင်၍ အမဲလိုက်ရင်းနှင့် ပန်းဆင်
တစ်ကောင်နှင့် ရင်ဆိုင်တွေ့လေသည်။

ထိုပန်းဆင် ဆိုသည်မှာ အဖော်ဆင်အုပ်နှင့်မနေဘဲ တစ်ကောင်
တည်း သင်းကွဲနေသော ဆင်ဆိုးကြီးဖြစ်ပေသည်။

ကိုင်းလုံသည် ဆင်ဆိုးကြီးနှင့်ရင်ဆိုင်တွေ့သောအခါ မလွှတ်
သာတော့သဖြင့် တူမီးသေနတ်ဖြင့် ပစ်လေသည်။

သူပစ်သော တူမီးသေနတ်ကျည်ဆန်က ဆင်ဆိုးကြီးအား
ဒဏ်ရာရရုံသာဖြစ်သဖြင့် တရကြမ်းလိုက်ရာ ထွက်ပြေးရလေတော့
သည်။ ထိုသို့ပြေးရင်းမှပင် တောနက်အတွင်းသို့ ရောက်သွားလေ
တော့သည်။ ဆင်ဆိုးကြီးကလည်း ၎င်းကို ဒဏ်ရာအနာတရဖြစ်
အောင်လုပ်သော လူနောက်သို့လိုက်ကာ အစွယ်ဖြင့်ထိုးသတ်ရန်
ကြိုးစားလေသည်။ တစ်ကြိမ်တွင် နောက်မှ မီလာပြီး အစွယ်ဖြင့်
ထိုးချလိုက်ရာ အရှောင်ကောင်းသဖြင့် လက်မောင်းကိုသာ ထိုးမိ
သွားသည်။ သို့ကြောင့် နောက်တစ်ကြိမ်ထပ်မထိုးခင်မှာ အသက်လု
ကာ ထွက်ပြေးရပြန်လေသည်။

ထိုသို့ပြေးရင်းမှ နောက်ဆုံး တောနက်ကြီးအတွင်းမှ လူ
မျက်နှာနှင့်တူသောကျောက်တောင်တစ်တောင်သို့ ရောက်သွား
လေတော့သည်။

ထိုကျောက်တောင်ကြီးမှာ အခြားတောင်များနှင့်မရောဘဲ



www.burmeseclassic.com

www.burmeseclassic.com



တောနက်အတွင်း၌ သီးခြားတည်ရှိနေလေသည်။

ထိုတောင်အနီးသို့ရောက်သောအခါ နောက်မှ တရကြမ်းလိုက်နေသော ဆင်ဆိုးကြီးလည်း ပြန်လှည့်သွားလေတော့သည်။

ငင်းတောင်ကြီးမှာ အဝေးမှလှမ်းကြည့်စဉ်ကပင် လူဦးခေါင်းနှင့် သဏ္ဍာန်တူကာ အရှေ့ဘက်သို့ မျက်နှာမူထားလေသည်။ ပုံသဏ္ဍာန်မှာ လူဦးခေါင်းသဏ္ဍာန်ကဲ့သို့ဖြစ်နေကာ မျက်လုံးနေရာမှာ တောင်ခေါင်းပေါက်ကြီးနှစ်ပေါက် ဖြစ်နေသည်။ နှာခေါင်းနေရာမှာ ရှေ့ဘက်သို့ သိသိသာသာချွန်ထွက်နေပြီး ပါးစပ်ပေါက်နေရာမှာ လိုဏ်ခေါင်းပေါက်ကြီးဖြစ်လေသည်။

ကိုင်းလုံ သည် မောမောပန်းပန်းနှင့် ကြောက်စရာကောင်းသော လူမျက်နှာတောင်ခြေသို့ ရောက်အောင် သွားလေသည်။ ထိုနေရာသို့ရောက်သောအခါ တောင်ခြေကိုပတ်ကာ စီးဆင်းနေသော စမ်းချောင်းတစ်ချောင်းကို တွေ့ရလေသည်။

ကိုင်းလုံလည်း မောမောပန်းပန်းနှင့် စမ်းချောင်းအနီးသို့သွားကာ ကမ်းစပ်၌ထိုင်ပြီး ရေသောက်ရန်အတွက် လက်ဖြင့် ခပ်ယူလိုက်သည်။

"အား ..."

လက်နှစ်ဖက်စလုံး ထုံကျဉ်သွားသောကြောင့် ကပျာကယာလက်ကို ပြန်ရုပ်လိုက်လေသည်။

ရေမှာ သာမန်ရေမျိုးမဟုတ်ဘဲ ရေခဲရေတမျှ အေးလှပေ





သည်။ သို့သော်လည်း မတတ်သာတော့သဖြင့် ထုံကျဉ်နေအောင်အေးလှသော ရေကိုပင် လက်ခုပ်ဖြင့်ခပ်ကာ ငုံ့သောက်လိုက်လေသည်။

ထိုသို့ငုံ့သောက်လိုက်စဉ်မှာ ချောင်းရေက ကြည်လွန်းလှသောကြောင့် ချောင်းအတွင်းမှာ အရောင်တလက်လက်တောက်ပနေသော အတုံးကလေးများကို လှမ်းမြင်ရသည်။

ထိုအတုံးကလေးများမှာ ကျောက်တုံးကလေးများနှင့်တူသော်လည်း အရောင်အဆင်းက ကျောက်တုံးနှင့်တော့မတူပေ။ ကိုင်းလုံသည် အနီးမှာရှိသော အတုံးကလေး တစ်တုံး၊ နှစ်တုံးကို ကောက်ယူလိုက်သည်။

ပြီးလျှင် အင်္ကျီအိတ်အတွင်းသို့ထည့်လိုက်ပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။

လူမျက်နှာနှင့်တူသော ကျောက်တောင်ကြီးမှာ မျက်လုံးနေရာ၊ နှာခေါင်းပေါက်နေရာ၊ ပါးစပ်ပေါက်နေရာများမှာ တောင်ခေါင်းပေါက်ကြီးများ ဖြစ်နေသောကြောင့် အရိုးခေါင်းကြီးတစ်လုံး ချထားသည်နှင့် ပုံသဏ္ဍာန်တူလေသည်။

ထို့ထက် ပိုမိုထူးဆန်းသည်မှာ ပါးစပ်ပေါက်နှင့် သဏ္ဍာန်တူသောလိုဏ်ခေါင်းအပေါက်အတွင်းမှ နီညိုရောင်အရည်များ စီးကျနေလေသည်။

ရုတ်တရက်ကြည့်ပါက ပါးစပ်အတွင်းမှ သွေးများအန်ချနေ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ရှိလေသည်။

တောင်ခေါင်းအတွင်းမှကျနေသော အညိုရောင်အရည်များမှာ အချို့နေရာများတွင် ကျောက်တုံး၊ ကျောက်ခွက်များအတွင်း ဝင်ရောက်ကာ ခဲနေလေသည်။

အတန်ကြာတော့ တောအတွင်းမှ ဆင်ရိုင်းအုပ်များ အော်သံနှင့် တောတိုးသံများ ကြားရသဖြင့် ကိုင်းလုံ သည် နီးစပ်ရာသစ်ပင်တစ်ပင်နောက်သို့ ဝင်ရောက်ကာ ပုန်းနေရလေသည်။

သူ့အနေနှင့် လက်မောင်းတစ်ဖက် ဒဏ်ရာရထားသောကြောင့် သစ်ပင်ပေါ်တက်ရန် မဖြစ်နိုင်တော့ပေ။

အတန်ကြာတော့ ဆင်ရိုင်းအုပ်ကြီးထွက်လာပြီး ရေသောက်ကြလေသည်။

ပြီးလျှင် ကျောက်ပါးစပ်အတွင်းမှ စီးကျနေသော အညိုရောင်အရည်များကို နှာမောင်းဖြင့်ယူလိုက်၊ ပါးစပ်တွင်းထည့်လိုက်ဖြင့် လုပ်ကြလေသည်။

အချို့ဆင်များကလည်း ၎င်းတို့ကိုယ်ပေါ်မှာ ရထားသော ဒဏ်ရာများကို ထိုရေများဖြင့်သုတ်လိမ်းကြလေသည်။ ပြီးမှ ပြန်ထွက်သွားကြလေသည်။

ဆင်အုပ်ကြီးများပြီးတော့ တောကောင်ကြီးများ၊ အခြား တောသတ္တဝါများ တစ်သုတ်ပြီးတစ်သုတ်၊ တစ်ကောင်ပြီးတစ်ကောင် ရောက်လာပြီး အညိုရောင်အရည်များကို လျှာဖြင့်လျက်ကြ၊ အချို့





ကလည်း အောက်သို့ကျနေသောအရည်များကို သောက်ကြလေသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် ညနေပိုင်းအချိန်သို့ ရောက်လာကာ မှောင်ရီသမ်းလာချေပြီ။

ညဦးပိုင်းအချိန်လောက်ရောက်သောအခါမှာ တောတိရစ္ဆာန်များ တဖြည်းဖြည်းနှင့် အလာကျဲသွားပြီး နောက်ဆုံး တစ်ကောင်မှ ရောက်မလာတော့ပေ။

တောရိပ်တောင်ရိပ်များကြောင့် အပြင်မှာ အလင်းရောင်ရှိနေသေးသော်လည်း တောင်ခြေတစ်ဝိုက်မှာတော့ မှောင်စပျိုးနေချေပြီ။

ကိုင်းလုံ သည် အခြေအနေကြည့်ပြီးနောက် နေရာမှ ထွက်သွားလေသည်။

လှမျက်နှာတောင်ခြေရောက်တော့ အောက်ဘက်မှာတော့ နီညိုရောင်အရည်များက သိပ်မရှိတော့ပေ။

တိရစ္ဆာန်များက ရသမျှ ရှာဖွေသောက်သွားကြသောကြောင့် ကျောက်တုံးများအပေါ်မှာ အကပ်အသပ်သာ ကျန်ခဲ့တော့သည်။ သို့သော်လည်း အချို့နေရာများမှာ အနည်းငယ်ကျန်သေးသောကြောင့် လက်ဖြင့် တို့ယူကာ လျှာပေါ်တင်ကြည့်လိုက်သည်။ လျှာပေါ်တင်စက ရေခဲတမျှအေးစိမ့်သွားပြီး အရသာမှာများစွာခါးသည်။

ခဏကြာတော့ ခါးရာမှ ချိုလာသည်။ ပါးစပ်တစ်ခုလုံး ပူနွေးလာသည်။ သို့ကြောင့် ရသမျှအရည်များကို လိုက်လံစုဆောင်းကာ သောက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီညိုရောင်အရည်များ အတော်အတန်သောက်မိသောအခါ တစ်ကိုယ်လုံး ပူရှိန်းရှိန်းဖြစ်လာသည်။ တစ်ကိုယ်လုံး မောပန်းနေမှုများလည်း ပြေပျောက်သွားသလိုရှိသည်။

ဗိုက်ထဲမှာ ဆာလောင်မွတ်သိပ်မှုများပင် လျော့ပါးသွားသည်။ ချက်ချင်းဆိုသလို အားအင်များ ပြန်ပြည့်လာသလို ခံစားရသည်။ ကိုင်းလုံမှာ တောထဲတောင်ထဲ အမြဲသွားလာနေသူမို့ ရှေးမုဆိုးကြီးများ ပြောပြသော အကြောင်းအရာများဖြင့်တော့ ဗဟုသုတရှိနေလေသည်။

"ရှေးလူကြီးတွေ ပြောပြပုံအရဆိုရင်တော့ ဒါဟာ ဗာအြား မဖြစ်နိုင်ဘူး၊ ကျောက်သွေးတွေပဲဖြစ်ရမယ်၊ ငါ့အတွက်တော့ ဟန်ကျပြီ"

ဟု တွေးတောကာ တောင်ခြေမှာရှိသော အနီရောင်အရည်များကို ရသမျှ ရှာဖွေသောက်ရုံမကဘဲ လက်မောင်းမှဒဏ်ရာကိုလည်း သုတ်လိမ်းကာ အဝတ်ဟောင်းတစ်စနှင့် ပတ်စည်းထားလိုက်သောအခါ စောစောကနင့်စာလျှင် များစွာ သက်သာသွားလေသည်။ တစ်စတစ်စ ကိုက်ခဲနာကျင်နေမှုများ သက်သာပျောက်ကင်းသွားလေသည်။

"ဒီနေရာကို နောက်တစ်ခေါက်ရောက်ဖို့ မလွယ်တော့ဘူး။ အခုလို ရောက်တုန်းရောက်ခိုက် ရသမျှ ယူသွားရမယ်"

ထိုသို့တွေးမိသော်လည်း အရည်ကိုတော့ ယူဆောင်သွားဖို့ မလွယ်ကူပေ။





အခဲခြောက်များကို ယူသွားရန် စိတ်ကူးမိသော်လည်း တောင်ခြေမှာတော့ ဘာမှမရှိပေ။

တိရစ္ဆာန်များ ကောက်ယူစားသောက်သွားသဖြင့် အစအနမျှပင် မရှိတော့ပေ။

အနိမ့်ဆုံးဆင်တစ်ရပ် နှာမောင်းဖြင့်မီသောနေရာလောက်မှာပင် မကျန်တော့ပေ။

ထို့နောက် ...

ဝါးလုံးရှည်ရှည်တစ်လုံးကို ခုတ်ယူပြီးနောက် အမြင့်ပိုင်းမှာရှိသော အခြောက်ခဲများကို ထိုးချပစ်လေသည်။

အပေါ်မှကျလာသော အခြောက်ခဲအချို့ကို ရသောအခါမှ အိတ်အတွင်းသို့ထည့်ကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။ ကိုင်းလုံသည် နောက်တစ်ကြိမ်လာလိုပါက လာနိုင်ရန် လူမျက်နှာနှင့်တူသော တောင်ကြီးရှိသောနေရာကို အသေအချာ မှတ်သားထားခဲ့ပေသည်။

တောတစ်ခုလုံးကတော့ အမှောင်ရိပ်များဖုံးလွှမ်းလာချေပြီ။ အထက်ပါအကြောင်းများမှာ ကိုင်းလုံ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အကြောင်းများပင်ဖြစ်ပေတော့သည်။

☆★☆★☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

## ရှေးဟောင်းရတနာသိုက်ကို စောင့်နေရသူများ

ဘူမိဗေဒအရာရှိဖြစ်သူ ဦးဘကျော်သာသည် ၎င်း တည်းခိုနေသောတဲအတွင်းသို့ ရောက်သောအခါ ကိုင်းလုံ ပေးထားခဲ့သောသတ္တုတုံးကလေးကို ရေဖြင့်စင်ကြယ်အောင်ဆေးကာ အဝတ်စဖြင့်စင်ကြယ်အောင်သုတ်လိုက်လေသည်။

ထို့နောက် မီးရောင်မှာထောင်ကြည့်၊ တံစဉ်းဖြင့်ပွတ်ကြည့်၊ ထွက်လာသောအမှုန့်ကလေးများကို စက္ကူဖြူတစ်ရွက်ပေါ်၌တင်ကာ မီးရောင်ဖြင့်ထိုးကြည့်ခြင်း၊ ထိုမျှမကသေး တံစဉ်းတိုက်ထားသောနေရာကို မှန်ဘီလူးဖြင့် သေချာအောင်ကြည့်နေလေသည်။

ထိုနေရာမှာ အခြားနေရာများထက် အရောင်ပိုထွက်ကာ ဝင်းလက်နေလေသည်။





"ဟန်ကျပြီဟ"

ဦးဘကျော်သာတစ်ယောက် ထိုကဲ့သို့ တစ်ယောက်တည်း အလုပ်ရှုပ်နေသည်ကို ဦးရန်နိုင်က မနီးမဝေးမှ စိတ်ဝင်စားစွာဖြင့် ထိုင်ကြည့်နေလေသည်။

"ဘာတွေများဟန်ကျနေတာလဲဗျ"

"တခြားဟုတ်ပါရိုးလားဗျာ၊ ကျုပ်တို့နှစ်ယောက်အတွက် ဒီတစ်သက်စာလုံး သုံးလို့မကုန်နိုင်အောင်ရမယ့် ရတနာသိုက်ကြီးကို လာပို့ပေးသွားလို့ ဟန်ကျပြီလို့ ပြောဘာဗျ"

ဟု ပြောကာ ထိုသတ္တုတုံးကလေးကို မီးရောင်မှာ သေချာအောင်ထောင်ကြည့်နေပြန်လေသည်။

"ဒီသတ္တုတုံးလေးက ဘယ်လောက်များတန်ဖိုးရှိနေလို့ အခုလောက်ညွှန်းနေရတာလဲဗျ"

ထိုအခါ ဦးဘကျော်သာ က ပတ်ဝန်းကျင်အား စိတ်မချသောအမူအရာဖြင့် အကဲခတ်ကြည့်လိုက်ပြီးနောက်မှ လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"အခု ကျုပ်တို့လက်ထဲရောက်နေတဲ့သတ္တုတုံးလေးက အခြားဟုတ်ပါရိုးလားဗျာ၊ ကမ္ဘာပေါ်မှာ အရှားပါးဆုံးစာရင်းဝင်ဖြစ်တဲ့ ရွှေဖြူလို့တင်စားခေါ်ကြတဲ့ ပလက်တီနမ်(Platinum) သတ္တုခဲလေးပဲဗျ"

"ဟင်… ဟုတ်ရဲ့လား၊ သေချာရဲ့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာပေါ့ဗျ၊ ပလက်တီနမ်သတ္တုစဲတွေဟာ အခြား သတ္တုစဲတွေထက်ပိုပြီးလေးတယ်၊ နောက်ပြီး ရေခဲတမျှအေးတဲ့ နေရာတွေမှာပဲ တွေ့နိုင်တယ်၊ သူ ရခဲ့တဲ့နေရာက ရေဆိုရင် လက်နဲ့ ထိတာနဲ့ ကျဉ်တက်သွားတယ်လို့ ပြောသွားတယ်မဟုတ်လား"

"ဟုတ်တယ်၊ သူပြောတဲ့အထဲမှာ ပါတယ်"

"အခုတွေ့တဲ့ ပလက်တီနမ်သတ္တုစဲဟာ အခြား ဘယ်သတ္တုတွေနဲ့မှမရောဘဲ သန့်စင်နေတဲ့သတ္တုစဲပဲဗျ၊ မြန်မာလူမျိုးအတော်များများကတော့ ရွှေကိုပဲ တန်ဖိုးအရှိဆုံးသတ္တုလို့ ထင်နေကြတယ်၊ တကယ်တော့ ရွှေက သတ္တုဝါပေါ့၊ ပလက်တီနမ်ကိုတွေ့ရင်လဲ တန်ဖိုးရှိမှန်းသိပ်မသိကြသေးဘူး၊ သိပ္ပံနည်းပညာတွေ တိုးတက်နေတဲ့အနောက်နိုင်ငံသားတွေကတော့ ရွှေထက် ရွှေဖြူလို့ခေါ်တဲ့ ပလက်တီနမ်ကို ပိုပြီး တန်ဖိုးထားကြတယ်၊ တန်ဖိုးအရ တွက်ရင်လဲ ရွှေထက်ဆယ်ဆလောက်ပိုပြီး တန်ဖိုးရှိတယ်ဗျ"

"တယ်ဟုတ်ပါလားဗျ"

"ဟုတ်ဆိုရင် အခု ကျုပ်လက်ထဲရောက်နေတဲ့ သတ္တုတုံး အရွယ်အစားလောက်ဆိုရင်ပဲ မြန်မာငွေနဲ့ သိန်းချီပြီးပေးရလောက်တယ်"

"ဟင် ဒီလိုဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမလဲ၊ ကိုင်းလုံ ဆိုတဲ့ သူငယ်ကို ခေါ်ပြီး ရောဂါပျောက်အောင်ကုပေးရမယ်၊ သူ့မှာ မိသားစုရှိတယ်ဆိုရင်လဲ ကျုပ်





တို့မှာပါတဲ့ငွေနဲ့ အစားအသောက်တွေ ပေးတန်သလောက်ပေးခဲ့ပြီး သူ့ကို လမ်းပြခေါ်သွားရင် မကောင်းပေဘူးလား ဦးရန်နိုင်"

"အင်း... ကောင်းသားပဲဗျ"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီအကြောင်းကို ဘယ်သူမှ သိလို့မဖြစ်ဘူးဗျ၊ လျှို့ဝှက်ထားရလိမ့်မယ်၊ ဒီအကြောင်းကို ခင်ဗျားနဲ့ ကျုပ်နဲ့ပဲ သိဖို့လိုတယ်၊ တခြားလူတွေသိသွားရင် အနှောင့်အယှက်တွေ အများကြီးပေါ်လာလိမ့်မယ်ဗျ"

"စိတ်ချပါ မသိစေရပါဘူး"

ဟု ပြောဆိုတိုင်ပင်ကာ ကိုင်းလုံ အားခေါ်၍ လက်မှဒဏ်ရာကို ရောဂါပျောက်အောင်ကုပေးကြသည်။

ထို့နောက် မိသားစု ရှိမရှိမေးမြန်းကြည့်ရာ မိသားစုမရှိဘဲ တစ်ကိုယ်တည်းနေထိုင်သူဖြစ်ကြောင်း သိရလေသည်။

"ဒီဆိုဆိုရင် မင်း ငါတို့အဖွဲ့နဲ့လိုက်ခဲ့မလား ကိုင်းလုံ၊ မင်းကို ပိုက်ဆံများများပေးမယ်"

"ဆရာကြီးတို့က ခေါ်ရင် လိုက်ခဲ့ပါ့မယ်"

ဟု ပြောကာ ဦးဘကျော်သာတို့ သတ္တုရှာဖွေရေးအဖွဲ့နှင့် လိုက်ပါလာကြလေသည်။

၎င်းတို့အဖွဲ့မှာ (၁၅)ယောက်ခန့်ရှိပြီး ပစ္စည်းသယ်ယူရန် လားများလည်း ပါလေသည်။

ခေတ်မီသေနတ်များအပြင် အစားအသောက်နှင့် ဆေးဝါး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများလည်း ပြည့်စုံစွာပါလာကြသည်။

ရောက်သည့်နေရာတွင် စခန်းချနိုင်ရန်အတွက် ရွက်ဖျင်တဲများအပြင် အေးလှသောတောင်တန်းများပေါ်တွင် ခရီးသွားလာရန်အတွက် အကြမ်းခံသောအနွေးထည်အင်္ကျီများ ကိုယ်စီကိုယ်င ပါကြသည်။

အထူးသဖြင့် ငှက်များပေါသောတောတောင်များအတွင်း ခရီးသွားလာကြရာတွင် အရေးအကြီးဆုံးဖြစ်သော ငှက်ဖျားဆေးများ လုံလောက်စွာပါကြလေသည်။

နာမည်ကျော်ရိုးမငှက်ဖျားအပြင် ထို့ထက်ပို၍ကြောက်စရာကောင်းသော 'တောင်ငှက်ဖျား'အတွက် ကာကွယ်ရန် ဆေးများ အလုံအလောက်ယူဆောင်လာကြလေသည်။

တောင်ငှက်များနှင့် ရိုးမငှက်များမှာ ဖြစ်ပုံချင်းမတူပေ။ ရိုးမငှက်ဖျားဟုခေါ်သော သာမန်ငှက်ဖျားက ရောဂါရသည်နှင့် ကျောရိုးအတွင်းမှ စိမ့်တက်လာပြီး ခိုက်ခိုက်တုန်အောင်ချမ်းလေ့ရှိသည်။

ထို့ပြင် အချိန်မှန်စွာ ငှတ်ဖျားတက်လေ့ရှိသည်။ တစ်ကိုယ်လုံးပူတက်လာပြီး ချွေးများထွက်လာပါက ရောဂါ သက်သာသွားလေ့ရှိသည်။

တောင်ငှက်ဖျားကတော့ ထိုသို့မဟုတ်ပေ။ တစ်ကိုယ်လုံး မီးနှင့်မြှိုက်သကဲ့သို့ ရေနွေးပူပူအတွင်း မြှုပ်ထားသကဲ့သို့ မခံမရပ်နိုင်အောင် ပူလောင်လေ့ရှိသည်။ ဆေးမမီလျှင် ထိုအပူဒဏ်ကြောင့်ပင်





အသက်ဆုံးရှုံးလေ့ရှိသည်။ ရောဂါကျသွားသောအခါ တစ်ကိုယ်လုံး အေးသွားတတ်သည်။ ရိုးမငှက်ဖျားကား အအေးလွန်ကဲမှုမှတစ်ဆင့်ဖြစ်သောရောဂါဖြစ်ပြီး တောင်ငှက်ဖျားက အပူလွန်ကဲမှုကြောင့် ဖြစ်သောရောဂါမျိုးဖြစ်သည်။

တောတောင်များအတွင်း၌ အစဉ်နေထိုင်ကြသော နာဂတို့မှာ အဝတ်အစားကို ကောင်းစွာဝတ်ဆင်လေ့မရှိကြဘဲ အရှက်လုံရုံသာ ဝတ်ကာ ဖြစ်သလိုနေ၊ ဖြစ်သလိုစားကြသောကြောင့် အဖြစ်အများဆုံးရောဂါမှာ 'ငှက်ဖျားရောဂါ'ပင်ဖြစ်တော့သည်။ ဦးဘကျော်သာတို့အဖွဲ့ ရောက်လေရာနေရာအတော်များများတွင် ထိုရောဂါဖြစ်နေသူများအား ကုသပေးကြရသည်။

ဤသို့ဖြင့် ခရီးဆက်ကြရာ တောင်ရိုးတစ်ခုပေါ်၌ တည်ထားသော နာဂရွာတစ်ရွာသို့ရောက်သွားကြသည်။ ထိုရွာသို့သွားရန် ကြားထဲ၌ ချောက်ကမ်းပါးကြီး ခံနေသောကြောင့် ဆက်သွား၍ မရကြပေ။

နာဂရွာသားများက ၎င်းတို့အဖွဲ့ကို ရန်သူများအထင်နှင့် ဘစ်ဖက်ကမ်းမှတိုက်ခိုက်ရန်ပင် အသင့်ပြင်ဆင်ကြလေသည်။

၎င်းတို့အဖွဲ့တွင် နာဂဘာသာစကားကို ကောင်းစွာပြောနိုင်သော ဇမုန်းထန်အပြင် နာဂတိုင်းရင်းသားဖြစ်သော ကိုင်းလုံပါ ပါလာ သောကြောင့်သာ တော်ရေသည်။

၎င်းတို့က နာဂဘာသာစကားဖြင့် အကျိုးအကြောင်း လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့မှ ရွာဘက်သို့ကူးရန် တံတားကို ချပေးလေသည်။ ထိုအခါမှ တစ်ဖက်ရွာသို့ရောက်အောင် ကူးကြရလေသည်။ ထိုရွာမှာလည်း ရွာဟုသာဆိုသော်လည်း လူနေတဲ့အိမ်အချို့သာ ရှိလေသည်။

ရွာလူကြီးက ၎င်းတို့ကိစ္စကိုမေးပြီး နေရာထိုင်ခင်း ပေးလေသည်။

ထိုအခါ ကိုင်းလုံက ၎င်းတို့အဖွဲ့တွင် ဆေးကုပေးမည့်သူများ ပါလာကြောင်း ပြောပြသည်။

"ဒီလိုဆိုရင် ငါ့ဆီမှာ ဧည့်သည်တစ်ယောက်ရောက်နေတယ်၊ သူက ရောဂါ အသည်းအသန်ဖြစ်နေတယ်၊ နတ်ဆရာ ဆေးကုတာလဲ မသက်သာဘူး၊ နင်တို့ ကြည့်ပေးပါ"

ဟုပြောကာ လူနာကို ပြသည်။

လူနာမှာ အသက်အရွယ်ကြီးလှပြီဖြစ်သော နာဂအမျိုးသားတစ်ဦးဖြစ်လေသည်။

၎င်းမှာ အရွယ်နှင့်မမျှအောင် ကျန်းမာနေဟန်ရှိသော်လည်း ခရီးသွားရင်း ခြေထောက်ကို ငရဲဂုတ်စူးမိရာမှ အနာမန်းဝင်ကာ သတိလစ်နေခြင်းဖြစ်ရာ ဦးရန်နိုင်က ကျွမ်းကျင်စွာပင် အနာကို ခွဲစိတ်ကုသပေးကာ ဆေးထိုးပေးလိုက်သည်။ အနာကို ခွဲစိပ်ကုသပေးပြီး အတွင်းမှသွေးပြည်များထွက်သွား၍ ငန်းကျသွားသောအခါ လူနာမှာ သတိပြန်ရလာသည်။ တစ်ရက်၊ နှစ်ရက် ကုပေးရုံနှင့်





အနာမှာ အတော်အတန် သက်သာသွားလေသည်။

"ငါ့အသက်ကို အခုလိုကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နင်တို့ကို ကျေးဇူးဆပ်ဖို့အတွက် ငါနေတဲ့နေရာကို လိုက်ခဲ့ကြပါ"

ဟု ခေါ်လေသည်။

"ခင်ဗျားနေတဲ့နေရာက ဘယ်နေရာမှာလဲ"

"လူခေါင်းတောင်မှာပါ"

"လူခေါင်းတောင် ဟုတ်လား"

"ဟုတ်ပါတယ်"

ထိုစကားကြားသောအခါ ဦးဘကျော်သာတို့မှာ အံ့ဩခြင်း၊ ဝမ်းသာခြင်းများ ဖြစ်ကြရလေသည်။

ကိုင်းလုံကလည်း ဝမ်းသာသွားဟန်ရှိလေသည်။

ဦးဘကျော်သာတို့သည် ထိုရွာမှာ နောက်ထပ် တစ်ရက်၊ နှစ်ရက်ထပ်နေပြီးနောက် အဘိုးကြီးခေါ်ရာနောက်သို့ လိုက်သွားကြလေသည်။

နာဂအဘိုးကြီးမှာ အသက်ခြောက်ဆယ်ကျော်အရွယ်ခန့် ရှိနေပြီဖြစ်သော်လည်း တောတောင်များအတွင်းမှာ သွားလာရာတွင် လူရွယ်များပင် လိုက်မမီအောင် လျင်မြန်သွက်လက်လှပေသည်။

တောတောင်များကို ဖြတ်သန်းသွားကြပြီးနောက် တောင်တန်းတစ်ခုပေါ်သို့ရောက်သောအခါ အဝေး၌ လူမျက်နှာတောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လှမ်းမြင်ရလေသည်။

ငှင်းတောင်ကြီးမှာ စိမ်းလန်းသောတောအုပ်များအလယ်၌ ထီးထီးကြီး မိုးတက်နေခြင်းဖြစ်သည်။

နေဝင်ခါနီး တောက်ပလျက်ရှိသော အလင်းရောင်များမှာ လူမျက်နှာတောင်ကြီးပေါ်သို့ ထိုးဆင်းကျနေလေရာ ပိုမိုပေါ်လွင်လျက် ရှိတော့သည်။

နာဂအဘိုးကြီးက အဝေးတွင် လှမ်းမြင်နေရသော လူမျက်နှာတောင်ကြီးရှိရာသို့ လက်ညှိုးထိုးပြသည်။

"ကျုပ်နေတဲ့နေရာက အဲဒီမှာပဲ"

ထိုစကားကြားသောအခါ များစွာ အံ့သြသွားကြလေသည်။

"ဟင်... အဘက အဲဒီတောင်မှာနေတယ် ဟုတ်လား"

"ဟုတ်တယ်'

"ဘယ်သူတွေနဲ့နေတာလဲဟင်"

"တစ်ယောက်တည်းနေတာပါ"

"ဟင်... အဲဒီတောင်မှာ တစ်ယောက်တည်းနေတယ် ဟုတ်လား၊ ဘာကြောင့် တစ်ယောက်တည်းနေတာလဲဟင်"

"လူသိမခံချင်လို့ပေါ့"

ထိုမျှသာပြောပြီး နောက်ထပ် ဘာမှဆက်မပြောတော့ပေ။ လူမျက်နှာတောင်ကို လှမ်းမြင်နေရပြီး ခရီးဆက်ကြရာ လမ်း၌ နှစ်ညအိပ်ပြီးမှ တောင်ခြေသို့ရောက်သွားကြသည်။ ထိုတောင်ခြေ





သို့ရောက်သောအခါ ဦးဘကျော်သာက အတူပါလာသော ကိုင်းလုံကို တိုးတိုးကပ်မေးရသည်။

"မင်းရောက်ခဲ့တာ ဒီတောင်ပဲမဟုတ်လား"

"ဟုတ်တယ် ဆရာကြီး"

"သတ္တုခဲတွေ့ခဲ့တာ ဘယ်နေရာလဲ"

"လူမျက်နှာကြီးနဲ့တူတဲ့အရှေ့မျက်နှာမှာ တွေ့ခဲ့တာ"

ယခု သူတို့ရောက်သွားသောနေရာမှာ တောင်ကြီး၏ အနောက်ဘက်မျက်နှာ ဖြစ်လေသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်တောများက ထူထပ်စွာရှိနေပြီး သားရဲတိရစ္ဆာန်များကလည်း ပေါလှသည်။

ဆင်ရိုင်းအုပ်များနှင့် မကြာခဏဆုံရသလို တောကောင်ကြီးများမှာလည်း အိမ်မွေးကြောင်များသဖွယ် နေရာအနှံ့တွင် တွေ့မြင်နေရသည်။

တချို့တောကောင်များမှာ ဝန်တင်လားများနှင့် လူများကို ဝင်ဆွဲရန် လိုက်လံချောင်းမြောင်းနေသဖြင့် သေနတ်များဖြင့် ခြောက်လှန့်ပစ်ခတ်မှ အဝေးသို့ရှောင်သွားကြလေသည်။ လူမျက်နှာတောင်ကြီးကို ပတ်စီးနေသောချောင်းတစ်ချောင်းလည်းရှိလေသည်။

ထိုချောင်း၏လက်တက်ခွဲတစ်ခုသည် တောင်ခေါင်းတစ်ခုအတွင်းသို့ စီးဝင်သွားလေသည်။

ဝင်ပေါက်ရှိလျှင် အခြားနေရာသို့ ထွက်ပေါက်လည်းရှိရမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းမိကြသည်။

ဦးဘကျော်သာတို့အဖွဲ့မှာ လူမျက်နှာတောင်ခြေသို့ ရောက်
လာကြသော်လည်း နာဂအဘိုးကြီးနေသည့်နေရာသို့ ယခုတိုင်ပ
မတွေ့ကြရသေးပေ။

ဦးဘကျော်သာ စိတ်ထဲမှာတော့ ၎င်းရောက်လိုသော လူ
မျက်နှာတောင်ရှိရာသို့ မမျှော်လင့်ဘဲ လွယ်လွယ်ကူကူနှင့် ရောက်
လာရသဖြင့် ဝမ်းသာနေသည်။

အကယ်၍သာ ကိုင်းလုံနှင့်သွားမည်ဆိုလျှင် တော်တော်နှ
ခရီးပေါက်မည်မဟုတ်ပေ။

ကိုင်းလုံက တမင်သွားသည်မဟုတ်ဘဲ တောဆင်ရိုင်းမျာ
လိုက်သဖြင့် ကြောက်လန့်တကြားနှင့် ပြေးရင်းလွှားရင်း ရောက်
သွားသည်ဖြစ်ရာလမ်းကို ကောင်းစွာ မှတ်မိနိုင်မည်မဟုတ်ပေ။

ယခု မမျှော်လင့်ဘဲ နာဂအဘိုးကြီးနှင့်တွေ့ကာ ၎င်းက လမ်း
ခေါ် လာခဲ့သဖြင့်သာ ချောမောစွာရောက်လာခဲ့ရခြင်းဖြစ်ပေသည်

၎င်းစိတ်ထဲမှာတော့ နာဂအဘိုးကြီးကိစ္စ ပြီးပါက ကိုင်းလုံ
ရောက်ခဲ့သောတောင်၏ အရှေ့ဘက်မျက်နှာတစ်ဖက်သို့ သွားကာ
သတ္တုတုံးများရှာဖွေရန်သာ စိတ်အားထက်သန်နေတော့သည်။ ထို
အချိန်တွင် နာဂအဘိုးကြီးက ပြောလေသည်။

"ငါနေတာ ဒီဂူထဲမှာပဲ၊ ဒါပေမယ့် လူများများတော့ အထဲကို
ဝင်လိုက်လို့မဖြစ်ဘူး၊ ဒီဂူထဲကို လူစိမ်းတွေလဲ ဝင်ခွင့်မရှိဘူး။ ဒီတော့





ငါ့အသက်ကို ကယ်ခဲ့တဲ့ မင်းတို့နှစ်ယောက်ပဲ ငါနဲ့အတူ လိုက်ခဲ့ပေ
တော့"

ဦးဘကျော်သာနှင့် ဦးရန်နိုင်တို့နှစ်ယောက်ကိုသာ လိုက်ခွင့်
ပေးသဖြင့် ကျန်လူများက သင့်တော်သောနေရာတွင် စခန်းချကာ
နားကြလေသည်။

ထို့နောက် ဝါးဖောင်တစ်ဖောင်ပြုလုပ်၍ ဂူအတွင်းသို့ ဝင်ခဲ့ကြ
လေသည်။

ချောင်းရေက သိပ်မနက်သည့်အပြင် ရေစီးကလည်း သိပ်
မကြမ်းလှသောကြောင့် ဝါးလုံးထိုးဝါးဖြင့်ထောက်ကာ အလိုက်သင့်
ဝင်သွားကြလေသည်။

ဂူမှာ အတွင်းပိုင်းရောက်လာလေ ကျယ်လာလေ ဖြစ်သည်။
အတွင်းဘက်မှာ မှောင်နေသည်ဆိုသော်လည်း အလင်းရောင်
အတန်အသင့်ရှိနေသဖြင့် ပိုးတဝါးမြင်နိုင်ပေသည်။ ဂူ၏အတွင်းပိုင်း
ရောက်သောအခါ ဂူအမိုးမှထိုးကျနေသော ကျောက်စွန်းကျောက်
ချွန်များနှင့် မတိုက်မိအောင် သတိထား၍ ရှောင်သွားကြရသည်။

အချို့ကျောက်ချွန်များမှာ ရေပြင်ထိအောင် ထိုးကျနေသည်။
ဦးဘကျော်သာတို့နှစ်ယောက်ကတော့ ၎င်းတို့ကို ဘယ်အထိ ခေါ်
သွားမည်ကို မသိနိုင်အောင်ရှိနေကြသည်။

အတန်ကြာသွားမိပြီး အတွင်းပိုင်းရောက်သွားသောအခါမှ
အဖြေက ပေါ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နာဂအဘိုးကြီးနေသောနေရာမှာ ကျောက်လိုဏ်ခေါင်းတစ်ခု အတွင်း၌ဖြစ်ကာ ထိုနေရာသည် အလင်းရောင်နှင့် လေကောင်း လေသန့်များ ရနေလေသည်။

တစ်နေရာတွင် အခြားဂူပေါက်များရှိနေသည်ကို အပြင်ဘက် မှဝင်လာသည့် အလင်းရောင်နှင့် လေကောင်းလေသန့်များကိုကြည့် ရုံနှင့် သိသာပေသည်။

အမှန်တော့ သူတို့နှစ်ယောက် ရောက်သွားသောနေရာမှာ ကျောက်မျက်နှာကြီး၏အတွင်းပိုင်းဖြစ်သည်။

အလင်းရောင်နှင့်လေများ ဝင်နေသည်မှာ မျက်စိပေါက် နှာခေါင်းပေါက်၊ ပါးစပ်ပေါက်နေရာများမှဖြစ်သည်။ နာဂအဘိုးကြီး ထိုနေရာတွင် အဘယ်ကြောင့် တစ်ယောက်တည်းနေသည်ကို နောက်မှသိခွင့်ရပေသည်။

၎င်းနေသောနေရာမှာ ရေအိုင်သဖွယ်ဖြစ်နေသောနေရာ၏ အလယ်၌ရှိသည့် ကျောက်ဂူခန်းတစ်ခန်းအတွင်း၌ ဖြစ်သည်။ ၎င်း နေသောဂူအခန်းတွင်း၌ ပစ္စည်းပစ္စယများများမရှိသော်လည်း ရှိ သည့် ပစ္စည်းပစ္စယများကို မြင်ရသောအခါ ဦးဘကျော်သာတို့ နှစ် ယောက်မှာ များစွာ အံ့သြသွားကြသည်။

အခြားမဟုတ်ပေ...၊

ထိုပစ္စည်းများမှာ ရှေးဟောင်းလက်ရာများဖြစ်ပြီး ရွှေဖြင့် ပြု လုပ်ထားသောပစ္စည်းပစ္စယများဖြစ်သောကြောင့်ပင်။ နှစ်ယောက်





သား ထိုပစ္စည်းများကို မီးရောင်ဖြင့် ထိုးကြည့်ခြင်း၊ လက်ဖြင့် ပွတ် သပ်ခြင်းများ ပြုလုပ်သောအခါ အမှန်ပင် ရွှေသားများဖြင့် ပြုလုပ် ထားသောပစ္စည်းများဖြစ်ကြောင်း တွေ့ကြရသည်။

"ဒီပစ္စည်းတွေက ရွှေသားတွေနဲ့လုပ်ထားတဲ့ပစ္စည်းတွေ မဟုတ်လား အဘ"

"အေး ဟုတ်တယ်၊ ဒီပစ္စည်းက ငါတို့ နာဂတိုင်းရင်းသားတွေ ရှေးကတည်းကပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းတွေပဲ၊ ဂူအတွင်းမှာ အများကြီး ရှိတယ်၊ ငါက ဒီပစ္စည်းတွေကို စောင့်ရှောက်နေရတဲ့သူပဲ"

သည်တော့မှ နှစ်ယောက်သားသဘောပေါက်ကြတော့သည်။

"ဒါ့အပြင် ဂူအတွင်းမှာသတ္တုခဲတွေလဲအများကြီးရှိသေးတယ်"

"ဘယ်လိုသတ္တုခဲတွေလဲ အဘ"

အဘိုးကြီးက ကျောက်တုံးတစ်တုံးပေါ်မှာတင်ထားသော သတ္တုခဲတစ်တုံးကို ယူပြသည်။

"ဒါမျိုးတွေပေါ့"

ဦးဘကျော်သာ ထိုအရာကိုယူကြည့်လိုက်သောအခါ ပလက် တီနမ်သတ္တုခဲဖြစ်ကြောင်း သိရလေသည်။

"ဒီသတ္တုခဲတွေက ဘယ်နေရာမှာရှိနေတာလဲ အဘ"

"ဒီဂူရဲ့အတွင်းမှာ တွင်းကြီးနဲ့ အပြည့်ကိုရှိနေတာ"

"ဟင် ..."

ထိုစကားကြားသောအခါ ဦးဘကျော်သာတို့မှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

"ဒါပေမယ့် ဒီပစ္စည်းတွေကို ငါ သဘောမတူဘဲ ဘာမှ ယူလို့မရဘူး၊ ယူမိတာနဲ့ အားလုံး သေမှာပဲ။ မင်းတို့လဲ ဒီအကြောင်းတွေကို ဘယ်သူမှ ပြန်မပြောလေနဲ့၊ တော်ကြာ လောဘသားတွေ သိသွားရင် ဒီနေရာကို ရောက်လာကြလိမ့်မယ်၊ အဲဒီလိုရောက်လာကြရင် အားလုံး သေကုန်ကြလိမ့်မယ်"

"ဟုတ်... ဟုတ်ကဲ့ပါ၊ ဘယ်သူမှ မပြောပါဘူး"

"အခု မင်းတို့ကို ဒီနေရာကိုခေါ်လာတာကလဲ ငါ့ရဲ့ကျေးဇူးရှင်တွေမို့ ကျေးဇူးဆပ်ချင်လို့ ခေါ်လာခဲ့တာ"

ဟု ပြောဆိုကာ ရွှေဖြင့်ပြုလုပ်ထားသော ရေခွက်တစ်လုံးစီနှင့် ပလက်တီနမ်သတ္တုခဲတစ်တုံးစီ လက်ဆောင်ပေးလိုက်လေသည်။

"ဒီပစ္စည်းတွေရလာတာ ဘယ်သူမှမသိစေနဲ့"

"ဟုတ်ကဲ့"

"ကဲ အတွင်းကိုလာကြ၊ ပေးစရာရှိသေးတယ်"

ဟု ပြောကာ ဂူအတွင်းပိုင်းသို့ခေါ်သွားသည်။ ထိုနေရာရောက်သောအခါမှ ပိုမိုအံ့သြကြရတော့သည်။

အခြားမဟုတ်ပေ...၊

ကျောက်ချပ်ကြီးနှစ်ခုကြားမှ နီညိုရောင်ကျောက်သွေးရည်များ စိမ့်ကျနေသည်ကို တွေ့ကြရသည်။ ကျောက်သွေးများမှာ အချို့ ခဲခြောက်နေပြီး အချို့အရည်များကတော့ ဂူပေါက်တစ်ခုမှ အပြင်





သို့ တအိအိနှင့်စီးကျသွားလေသည်။

၎င်းတို့မှာ လူမျက်နှာတောင်ကြီး၏ပါးစပ်ပေါက်နေရာမှ အပြင်သို့စီးထွက်သွားခြင်းဖြစ်ကာ တိရစ္ဆာန်များ အလုအယက် လာရောက်စားသောက်ကြသောနေရာပင်ဖြစ်သည်။

"ဒါ သဘာဝအတိုင်းဖြစ်နေတဲ့ ကျောက်သွေးအစစ်ပဲ၊ ဒီကျောက်သွေးကိုသောက်ရင် ရောဂါမှန်သမျှ မဖြစ်နိုင်ဘူး၊ အသက်ရှည်တယ်၊ ဒီကျောက်သွေးကိုစားရင် ရောဂါဖြစ်ပြီး အသက်မသေနိုင်တော့ဘူး။ တစ်ခါစားထားရင်လဲ တခြား ဘယ်အစားအစာမှ မစားဘဲ ရက်ပေါင်းများစွာနေနိုင်တယ်"

ထိုစကားကြားသောအခါမှ အဲဘိုးကြီးတစ်ယောက်တည်း ဂူထဲမှာ နှစ်ပေါင်းများစွာနေနိုင်ခဲ့သောအချက်ကို သိကြရတော့သည်။

ထို့နောက် ...

ဦးဘကျော်သာနှင့် ဦးရန်နိုင်တို့နှစ်ယောက်မှာ ကျောက်သွေးများကို ရွှေခွက်ဖြင့်ခပ်သောက်ကြပြီး ခဲခြောက်နေသောကျောက်သွေးအချို့ကို အိတ်ထဲသို့ထည့်ယူကာ ဂူအပြင်သို့ ပြန်ထွက်ခဲ့ကြလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ခဲ့ပြီး (၁၅)နှစ်ခန့်ကြာသောအခါ ...

☆★☆★☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## တောနက်ထဲမှ အလောင်း

တစ်နေ့သ၌ ရန်ကုန်မြို့ရှိ ဒေါက်တာမင်းထင်ကျော် နေအိမ်သို့ စာတစ်စောင် ရောက်လာလေသည်။

စာပို့လိုက်သူမှာ နာဂတောင်တန်းများဘက်တွင် အုပ်ချုပ်ရေး တာဝန်ထမ်းဆောင်နေသော အုပ်ချုပ်ရေးအရာရှိ ဦးထင်ကျော်ထံမှ ဖြစ်ပေသည်။

မိတ်ဆွေကြီး ဒေါက်တာမင်းထင်ကျော် ခင်ဗျာ ...၊

သတိတရဖြင့် စာရေးလိုက်ပါတယ်။

ယခု ကျွန်တော်ရောက်နေသောနေရာမှာ ခန္တီးမြို့မှ တစ်ဆင့်သွားရသော 'လဟယ်မြို့'ကလေး၌ဖြစ်ပါသည်။ တာဝန်ကတော့ ထိုနေရာမှတစ်ဆင့် နာဂတောင်တန်းများပေါ်သို့ သွားရောက်





ကာ နာဂတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေးက ခက်ခဲလှသောကြောင့် ထင်သလောက် ခရီးမပေါက်ဘဲရှိနေပါသည်။ အများအားဖြင့် တောနှင့်တောင်တန်းကြီးများသာရှိသော နာဂတောင်တန်းများဘက်၌ ထူးခြားဆန်းကြယ်မှုများစွာရှိနေပါသည်။ သို့သော်လည်း နေရာအနှံ့သွားလာနိုင်ဖို့တော့ ခက်ခဲလှပါသည်။

တောတောင်များအတွင်း၌ လက်နက်ကိုင်၍ သောင်းကျန်းနေသော မှောင်ခိုဂိုဏ်းသားများ၊ ဓားပြဂိုဏ်းများနှင့် အစိုးရဘက်တော်သားများကို အန်တုနေသောလက်နက်ကိုင်သောင်းကျန်းသူများ ရှိနေသောကြောင့်ဖြစ်ပါသည်။ မှောင်ခိုဂိုဏ်းသားများနှင့် နယ်ခြားကာကွယ်ရေးရဲအဖွဲ့တွေဟာ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေကြရသည်လည်း ရှိပါသည်။

သို့သော်လည်း နာဂတောင်တန်းကြီးက ရှည်လျားကျယ်ပြန့်လေတော့ကုန်စင်အောင်လိုက်လံဖမ်းဆီးဖို့ကတော့ခက်ခဲလှပါသည်။

ဒေါက်တာမင်းထင်ကျော်ကို အဓိက အသိပေးလိုသော အကြောင်းက နာဂတောင်တန်းတစ်နေရာတွင် ရှေးဟောင်း နာဂအမျိုးအနွယ်များ လျှို့ဝှက်သိမ်းဆည်းထားခဲ့သော ရတနာသိုက်ဘစ်ခုနှင့် ရွှေဖြူဟုခေါ်သော ပလက်တီနမ်သတ္တုများစွာ ရှိနေသော လျှို့ဝှက်နေရာတစ်ခုရှိကြောင်း သတင်းကြားရပါသည်။

လွန်ခဲ့သော(၁၅)နှစ်ခန့်က အင်္ဂလိပ်များအုပ်စိုးနေစဉ် ဘူမိဗေဒ



www.burmeseclassic.com

www.burmeseclassic.com



အရာရှိတစ်ယောက်မှာ ထိုနေရာသို့ရောက်ခဲ့ဖူးကြောင်း တစ်စွန်းတစ်စ သတင်းရထားပါသည်။ အကယ်၍သာ ထိုနေရာသို့ အရောက်သွားနိုင်ပါက အဖိုးတန်ရတနာများအပြင် လူ့အသက်ကို ရှည်စေသောကျောက်သွေးများကိုပါ ရနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ထိုနေရာသို့ရောက်ခဲ့ဖူးသော ဘူမိဗေဒအရာရှိမှာ ယခုအခါ အန္တရာယ်များနှင့်ဝိုင်းနေပါပြီ။

၎င်းထံမှာရှိသော လျှို့ဝှက်မြေပုံကို အလိုရှိသောကြောင့် လူဆိုးဂိုဏ်းများက နည်းအမျိုးမျိုးနှင့်ကြိုးစားနေကြပါသည်။

အကယ်၍သာ ဒေါက်တာမင်းထင်ကျော်အနေနှင့် ယခု စာရလျှင်ရချင်း ကျွန်တော့်ထံသို့ အရောက်လာနိုင်ပါက ဘူမိဗေဒအရာရှိဟောင်းနှင့်တွေ့ခွင့်ရပြီး ၎င်းထံမှ အကျိုးအကြောင်းသိရနိုင်ပါသည်။

သူကလည်း မြေပုံအတွက် အန္တရာယ်များဝိုင်းနေမှန်းသိသဖြင့် ယုံကြည်စိတ်ချရသူနှင့် တိုင်ပင်၍ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရန် ဆန္ဒရှိနေပါသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော် အနေနှင့် ယခု အကြောင်းကြားစာရလျှင်ရချင်း ကျွန်တော့်ထံသို့ လာခဲ့စေလိုပါသည်။

ခင်မင်သတိရစွာဖြင့် ...

ဦးထင်ကျော်
အုပ်ချုပ်ရေးအရာရှိ
လဟယ်မြို့





ဟူ၍ ဖြစ်ပေသည်။

ဘူမိဗေဒဘာသာရပ်ဖြင့် ဒေါက်တာမင်းထင်ကျော်မှာ ရှေးဖြူဟုခေါ်ကြသော ပလက်တီနမ် သတ္တုများသတင်းကြားကတည်းက များစွာ စိတ်ဝင်စားသွားလေသည်။

မြန်မာနိုင်ငံအနှံ့အပြားသို့ ခရီးသွားလာနေသော ဒေါက်တာမင်းထင်ကျော်မှာ ရွှေဖြူဟုတင်စားခေါ်သော ပလက်တီနမ်သတ္တုများရှိသည်ဟုသာ သတင်းကြားရသော်လည်း ဘယ်နေရာမှာရှိမှန်း ယခုထက်တိုင် မသိရသေးပေ။

ယခု ဦးထင်ကျော်၏စာထဲ၌ ရေးထားပုံအရဆိုလျှင် ပလက်တီနမ်သတ္တုများရှိသောနေရာကို သိထားသူနှင့် တွေ့ရမည်ဖြစ်သည်ဟုဆိုသဖြင့် များစွာ စိတ်ဝင်စားမိလေသည်။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့၊ မိမိနှင့် ခရီးသွားဖော်များဖြစ်သောဦးဗန်ကောင်း၊ စောထီး၊ ငမဲအောင်တို့ကို ခေါ်ပြီး ခရီးထွက်ရန်ပြင်ဆင်ရတော့သည်။ ခရီးအတွက် လိုအပ်သောပစ္စည်းအချို့ကိုသာယူပြီး ရန်ကုန်မှ မန္တလေး၊ မန္တလေးမှ မိုးကောင်းသို့ ရထားဖြင့်သွားသည်။

မိုးကောင်းရောက်မှ ဂျစ်ကားတစ်စီးငှားရမ်းကာ ခန္တီးရောက်အောင်သွားကြသည်။

ခန္တီးရောက်သောအခါ ခေတ္တနားကြပြီး လိုအပ်သောပစ္စည်းများကို ထပ်မံဝယ်ယူကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခရီးလမ်းများမှာ သူတို့အတွက် တစ်ကြိမ်မက သွားလာဖူးသဖြင့် အခက်အခဲတော့ မရှိလှချေ။

အချိန်ကာလမှာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကာလ တိုင်းပြည်အခြေအနေက သိပ်မတည်ငြိမ်သေးသောကြောင့် ခရီးသွားလာရသည်မှာ စိတ်ချလက်ချ သွားလာ၍မရသေးပေ။

ခန္တီး၌ ခရီးတစ်ထောက်နားပြီးမှ လဟယ်သို့ရောက်အောင် ဂျစ်ကားဖြင့် ခရီးဆက်ကြရပြန်သည်။

လဟယ်သို့ရောက်သောအခါ ဦးထင်ကျော် ရုံးခန်းသို့ ရောက်အောင်သွားကာ တွေ့ဆုံကြသည်။

ဦးထင်ကျော်က နေရာထိုင်ခင်းများ စီစဉ်ပေးရုံမက ခရီးထွက်ရာတွင်လိုအပ်သော မြင်း၊ သေနတ်၊ ကျည်ဆန်၊ စားနပ်ရိက္ခာအပြင် လိုအပ်သောပစ္စည်းများကို ကူညီထောက်ပံ့ပေးသည်။

ထို့ပြင် နာဂဘာသာစကားကို ကောင်းစွာကျွမ်းကျင်သော နာဂလူရွယ်တစ်ဦးကိုပါ ထည့်ပေးလေသည်။

၎င်း၏အမည်မှာ တိုင်းလုံ ဖြစ်ပြီး အသက်နှစ်ဆယ်အရွယ်ခန့်သာရှိသေးသည်။ တိုင်းလုံသည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံရုံမက တောတောင်ခရီးလမ်းများကိုလည်း ကျွမ်းကျင်သူဖြစ်သည်။

ထို့ပြင် အနံ့ခံရုံ၊ အသံကို နားထောင်ရုံနှင့် ရန်သူအမျိုးအစားနှင့် အကွာအဝေးကို ခန့်မှန်းနိုင်သူဖြစ်သည်။

"ဒီနယ်တွေဘက်မှာ သွားရင်တော့ အနည်းဆုံး နာဂစကားကို





ပြောနိုင်၊ နားလည်နိုင်မှာဖြစ်မယ်၊ ဒါကြောင့် တိုင်းလုံကို ထည့်ပေးလိုက်တာပါ။ သူက တောထဲမှာ ကျားတစ်ကောင်လောက်ကို အားကိုးရတဲ့သူပဲ"

ဟု ဦးထင်ကျော်က အမှန်းတင်လိုက်သေးသည်။

"အခုလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဦးထင်ကျော်"

"မလိုပါဘူးဗျာ၊ အချင်းချင်းတွေပဲဟာ၊ ကျွန်တော်က ခင်ဗျားတို့ကို အကူအညီပေးရတာကိုပဲ ဝမ်းသာနေမိတာဗျ။ ဒါထက် တောထဲတောင်ထဲသွားရင်တော့ လူဆိုးဂိုဏ်း၊ ဓားပြဂိုဏ်းတွေကိုတော့ အထူးသတိထားစေချင်တယ်၊ ဒီနယ်တစ်ဝိုက်မှာ အင်အားအကြီးဆုံးဂိုဏ်းကတော့ ကျားကြီးရာဇာဂိုဏ်းပဲ"

"သူတို့က ဘယ်လိုဂိုဏ်းမျိုးလဲ"

"လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ မှောင်ခိုကုန်ကူး အားလုံးလုပ်တယ်၊ လက်နက်အင်အားရော လူအင်အားပါ တောင့်တင်းတော့ နယ်ခြားတပ်ဖွဲ့ကလူတွေကိုတောင် သိပ်ဂရုမပြုတဲ့သဘောရှိတယ်၊ ဂိုဏ်းခေါင်းဆောင်ကတော့ ကျားကြီးလို့ ခေါ်ကြတယ်"

"စိတ်မပူပါနဲ့ ဦးထင်ကျော်၊ ဒါထက် ဘူမိဗေဒအရာရှိဟောင်း ဦးဘကျော်သာ က ဘယ်မှာနေတာလဲဗျ"

"သူက နန်းမြို့မှာနေတယ်၊ အရင်ကတော့ အဲဒီမှာနေတာမဟုတ်ဘူး၊ နောက်ပိုင်းမှ ရတနာပစ္စည်းတွေရှာဖို့ ရည်ရွယ်ချက်နဲ့ နန်းမြို့ကိုရောက်နေတာ သုံးနှစ်လောက်ပဲရှိဦးမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် သူ့ကို သွားတွေ့လိုက်ပါ့မယ်"

"ခင်ဗျားတို့သွားရင် မုဆိုးကြီး ဦးမွန်ထော်ကိုပါ ခေါ်သွားသင့်တယ်၊ သူက နာဂတောင်တန်းတစ်ကြော သူ မရောက်ဖူးတဲ့နေရာ မရှိသလောက်ပါပဲ"

"ကောင်းပြီလေ၊ လူများတော့ အဖော်ရတာပေါ့"

ထို့နောက် ဦးထင်ကျော် စီစဉ်ပေးသော မြင်းနှင့်လားများ အပြင် သေနတ်၊ ကျည်ဆန်၊ စားနပ်ရိက္ခာတို့ကိုပါ ယူဆောင်၍ လဟယ်မှ စတင်ထွက်ခွာခဲ့ကြလေသည်။

၎င်းတို့အဖွဲ့သည် ပစ္စည်းများကို လားများပေါ်တင်၍ ကျန်လူများက မြင်းပေါ်မှစီးကာ အေးအေးဆေးဆေး သွားကြလေသည်။ တောအုပ်များအတွင်းမှ ယခင်ရှိသောလမ်းဟောင်းများမှပင် သွားကြလေသည်။

လမ်းတစ်လျှောက်လုံး မလှမ်းမကမ်းနေရာမှ ဖြတ်သွားသော တောဆင်ရိုင်းများများ။

နောက်မှသော်လည်းကောင်း၊ နံဘေးမှသော်လည်းကောင်း။ ချောင်းမြောင်းကာလိုက်လာသော တောကောင်ကြီးများ၏ပုံရိပ်ကို မသဲမကွဲ လှမ်းမြင်ရသည်။

တောကောင်ကြီးများ၏အရိပ်အငွေ့ကို တွေ့မြင်ရုံနှင့် အနံ့ကို ရရုံနှင့် မြင်းနှင့်လားများ ဂနာမငြိမ်ဖြစ်နေကြလေသည်။ ၎င်းတို့အဖွဲ့တွင် ဝါရင့်မုဆိုးကြီး ဦးမွန်ထော်ပါလာသဖြင့် တောကောင်ကြီးများ





နှင့်တွေ့ကြုံသော်လည်း အလစ်တိုက်ခိုက်ခြင်းမခံကြရပေ။

"ဒီတောတွေမှာ တောကောင်တွေက ပေါလှချည့်လား ဦးမွန်ထော်"

"ပေါ်ဆို တောကလဲနက်ပေတာကိုး၊ နာဂတောင်တန်းတွေ တစ်လျှောက်မှာ တောကောင်တွေ ဘယ်လောက်ပေါသလဲဆိုရင် အိမ်မှာမွေးထားတဲ့ကြောင်တွေ၊ ခွေးတွေများသလိုမျိုး နေရာအနှံ့မှာ ရှိနေကြတာကိုး"

ဦးမွန်ထော်က ကွမ်း အလွန်ကြိုက်သူဖြစ်သောကြောင့် ပါးစပ် တွင်းမှာ ကွမ်းယာကိုမပြတ်ငုံထားလေ့ရှိသည်။

စကားပြောလျှင်လည်း ကွမ်းယာသံဗလုံးဗထွေးဖြင့် ပြောသည်။

"ဒီလောက်ပေါနေမှတော့ လူတွေကို အန္တရာယ်မပြုကြဘူးလား"

"တော်ရုံနဲ့တော့ လူကို အန္တရာယ်မပေးကြပါဘူး။ မလွှဲမရှောင်သာရင်ဆိုင်တိုးမှသာ ရန်ပြုကြတာပါ။ တစ်ခုတော့ရှိတယ်၊ လူတွေ လက်ချက်နဲ့ မသေဘဲ ဒဏ်ရာအနာတရရခဲ့ဖူးတဲ့ကျားတွေကတော့ လူတွေကို အန္တရာယ်ပြုပြီး လူသားကို စားလေ့ရှိကြတယ်"

"ဘာကြောင့်လဲဗျ။ ကလဲ့စားချေတဲ့သဘောလား"

"မဟုတ်ပါဘူး၊ သေနတ်ဒဏ်ရာထိပြီး ခြေလက်ကျိုးနေတာတို့ မေးရိုးပြုတ်နေတာတို့ ခါးမသန်တာမျိုးဖြစ်နေတဲ့ကျားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တောထဲက တိရစ္ဆာန်တွေကိုဖမ်းဖို့ မလွယ်တော့ဘူးမဟုတ်လား။ ဒီတော့ ဖမ်းဆီးရလွယ်တဲ့ လူတွေမွေးထားတဲ့ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် စတာတွေကို အရင်ဖမ်းစားကြတယ်။ အဲဒီနောက်မှ တစ်ဆင့် လူကို ဖမ်းစားကြတယ်။ လူ့သားစားမိတဲ့ ကျားဟာ နောက်ဆိုရင် တခြားတိရစ္ဆာန်တွေကို မဖမ်းတော့ဘဲ လူတွေကိုပဲ ဖမ်းစားတော့ တာမျိုးပါ"

"အင်း ဒီလိုဆိုတော့လဲ သူတို့ကို အပြစ်မဆိုသာတော့ဘူးပေါ့ လေ။ လူတွေကြောင့် ဒုက္ခတအာဝရောက်ရတော့ နောက်ဆုံး လူကို ပြန်ပြီး ဒုက္ခပေးတာကတော့ တရားနည်းလမ်းကျပါတယ်"

ဟု ဦးဗန်ကောင်းက မှတ်ချက်ချသည်။

"ဒီနယ်ဘက်မှာလည်း ဝါရင့်မုဆိုးကြီးတွေရှိသလို လက်သင့် မုဆိုးတွေလဲ အများကြီးရှိတယ်၊ သူတို့က ပိုဆိုးတယ်၊ အဆိုးဆုံးက တော့ ဂျစ်မုဆိုးတွေပဲဗျ။

ဂျစ်မုဆိုးတွေက ကားမောင်းရင်း မီးထိုးပြီးပစ်တာဗျ၊ ဝါရင့်မုဆိုး မဟုတ်တော့ ထိချက်မမှန်ဘူး၊ ဒီတော့ မသေဘဲ ဒဏ်ရာ ရရုံ ရသွားရောဗျာ။ အဲဒီတောကောင်တွေမှာ တောထဲမှာ သား ကောင်မဖမ်းနိုင်တော့ အလွယ်တကူဖမ်းလို့ရတဲ့ လူတွေရှိတဲ့ရွာတွေ အထိ ဆင်းလာပြီး သောင်းကျန်းကြတော့တာပေါ့ဗျာ"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့သည် ပတ်ဝန်းကျင်အခြေ





အနေကိုလည်း မျက်ခြည်မပြတ်အကဲခတ်ရင်း ထင်းရှူးတောများရှိ ရာတောင်ကြောပေါ်သို့ ရောက်လာတော့သည်။

ထိုနေရာသို့ရောက်သောအခါ ရှေ့မှသွားနေသော တိုင်းလုံ က ရုတ်တရက်ရပ်ကာ အနံ့ခံနေလေသည်။

"ဘာထူးသလဲ တိုင်းလုံ"

"လေထဲမှာ ညှော်နံ့လိုလိုရနေတယ်၊ ရှေ့နားမှာ တစ်ခုခု မီးလောင်နေပုံရတယ်"

"တောမီးလောင်နေတဲ့အနံ့မျိုးလား"

"မဟုတ်ဘူး။ ကားတာယာမီးလောင်တဲ့အနံ့မျိုးရတယ်၊ သိပ် မဝေးလှဘူး"

"ဒါဖြင့် သွားကြစို့"

ဟု ပြောဆိုကာ လက်နက်များကို အဆင်သင့်ပြင်ကာ ရှေ့သို့ ခရီးဆက်ခဲ့ကြလေသည်။

တောအုပ်မှထွက်လိုက်သည်နှင့် လီဒိုလမ်းမကြီးနှင့် ကိုက် အနည်းငယ်ဝေးသောနောက်လောက်မှာ မီးတောက်များထကာ မီးခိုး လုံးကြီးများ တက်နေသည်ကို လှမ်းမြင်ရသည်။

ဒေါက်တာမင်းထင်ကျော်က အဝေးကြည့်မှန်ပြောင်းဖြင့် လှမ်း ကြည့်လိုက်လေသည်။

ဂျစ်ကားတစ်စီး မီးလောင်နေခြင်းဖြစ်သည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ လူရိပ်လူခြည် မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



လေသင့်နေသောကြောင့် ထိုနေရာမှ ညှော်နံ့များက သူတို့ရှိရာသို့ ဝေ့ဝဲပျံ့လွင့်လာလေသည်။

ဒေါက်တာမင်းထင်ကျော်တို့သည် တောင်ကြောပေါ်မှ အောက်သို့ဆင်းလာကြလေသည်။

ထိုနေရာသို့ရောက်သောအခါ ဂျစ်ကားတစ်စီးမီးလောင်နေသည်ကို တွေ့ကြရသည်။

မီးလောင်နေသည်မှာ ကြာပြီဖြစ်သောကြောင့် ဂျစ်ကားတစ်စီးလုံးမှာ ရစရာမရှိတော့ပေ။

ထိုနေရာတစ်ဝိုက်ကို လှေ့လာကြည့်သောအခါ ပတ်ဝန်းကျင်တွင် မြင်းခွာရာအတော်များများကိုပါ တွေ့ကြရသည်။

"ဒါ ဓားပြဂိုဏ်းတွေလက်ချက်ပဲ ဖြစ်မှာပါ"

တိုင်းလုံက ပြောသည်။

ထိုနေရာတစ်ဝိုက်ကို လိုက်လံကြည့်ရှုသောအခါ အခြား သဲလွန်စများ ဘာမှမတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်တို့သည် မြင်းမစီးတော့ဘဲ မြင်းများကိုဆွဲကာ တောင်ကြောပေါ်သို့ တက်လာကြသည်။

ထိုနေရာတစ်ဝိုက်မှာ ကျောက်သားမြေများဖြစ်သည့်အပြင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကျောက်လုံးအကြီးအသေးများဖြင့် ပြည့်နှက်နေသည်။

အကယ်၍သာ ရန်သူသည် ထိုကျောက်တုံးများနောက်ဘက်





တွင် ပုန်းအောင်းနေပါက ကားလမ်းပေါ်မှလာသောသူသည် ရန်သူကို လှမ်းမမြင်နိုင်ပေ။

တစ်နေရာရောက်တော့ လေကွယ်သော ကျောက်တုံးကြီးတစ်ခုနံဘေးမှာ လူတစ်စု စခန်းချသွားသော ခြေရာလက်ရာများနှင့် မီးဖိုအဟောင်းကိုပါ တွေ့ရသည်။

"လူဆိုးတွေက ဒီနေရာကနေ စောင့်နေကြပုံပဲ၊ ဒီအတိုင်းဆိုရင် ဒီဂျစ်ကားကို အမှတ်တမဲ့တွေ့လို့ တိုက်ခိုက်တာမဟုတ်နိုင်ဘူး၊ ဒီဂျစ်ကားလာမယ်မှန်း သိထားလို့ တမင်စောင့်ပြီး တိုက်ခိုက်တာပဲ ဖြစ်ရမယ်"

"ဟုတ်နိုင်တယ်၊ ဒါထက် ဂျစ်ကားပေါ်မှာပါတဲ့လူတွေတော့ ဘယ်ရောက်ကုန်ပြီလဲမသိဘူး"

"ဖမ်းသွားပြီလား၊ ဒါမှမဟုတ် သတ်ပြီး တစ်နေရာမှာ ထားခဲ့သလား မပြောနိုင်ဘူး"

"အတော်ရက်စက်တဲ့လူတွေပဲ"

"ရက်စက်တာကတော့ မပြောနဲ့ ဆရာရေ၊ အုပ်ချုပ်ရေးက ထိထိရောက်ရောက် မလုပ်ပေးနိုင်တဲ့ ဒီတောင်တန်းတွေပေါ်မှာကတော့ လူများများ၊ လက်နက်များများရှိတဲ့အဖွဲ့က ဗိုလ်ကျအနိုင်ယူနေကြတာ အတော်ကြာနေပါပြီ။ ဒီနယ်မှာ ကျားကြီးရာဇာတို့အဖွဲ့ဆိုရင် လူတိုင်းက ကြောက်နေကြရတာပဲ။ သူတို့က လူအင်အားရော လက်နက်အင်အားပါ တောင့်တယ်၊ အရင်ကတော့ ဓားပြဂိုဏ်း

www.burmeseclassic.com



ပေါ့၊ အခုတော့ တဖြည်းဖြည်းနဲ့ သောင်းကျန်းသူအဆင့်ကို ရောက်နေကြပြီ"

မုဆိုးကြီးဦးမွန်ထော်က ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ခြေရာလက်ရာများကို လိုက်လံကြည့်နေစဉ် အနံ့ခံကောင်းသော တိုင်းလုံ က အနားလာပြောလေသည်။

"ဆရာ ဟိုဘက်မှာ သွေးနံ့လိုလိုရတယ်၊ အဲဒီဘက်သွားကြည့်ကြရအောင်'

ထိုသို့ပြောသဖြင့် တောစပ်တစ်နေရာသို့သွားကြည့်သောအခါ ယင်မမည်းရိုင်းများ ဝေါခနဲ ထပျံသံကို ကြားရသည်။

ယင်မမည်းရိုင်းများ ပျံသောနေရာမှာ သစ်ချုံများနောက်ဘက်ဆီမှဖြစ်သဖြင့် ချုံများကို ဖယ်ကြည့်သောအခါ ဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံးနေသော အလောင်းတစ်လောင်းကို တွေ့ကြရသည်။

အနီးသို့ရောက်သောအခါ သွေးညှီနံ့များက လှိုင်နေလေသည်။

"လူဆိုးတွေလက်ချက်ကြောင့် သေရတာဖြစ်မယ်"

"ဒီလူက ဟို မီးရှို့ထားတဲ့ဂျစ်ကားကလူဖြစ်မယ်ထင်တယ်"

"ဂျစ်ကားတစ်စီးနဲ့ တစ်ယောက်တည်းတော့ မောင်းလာတာမဖြစ်နိုင်ဘူး၊ အဖော်ပါလာတဲ့လူတွေ ရှိဦးမယ်"

ဟု ပြောဆိုကာ အနီးဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်တော့လည်း နောက်ထပ် ဘာမှမတွေ့ရတော့ပေ။





သေဆုံးနေသူမှာ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိပြီး တိုင်းရင်းသားတစ်ယောက်ဖြစ်သည်။

သက္ကလပ်အကျီအဟောင်း၊ ဘောင်းဘီအဟောင်းများကို ဝတ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က အနီးသို့သွားကာ သေဆုံးသူ၏ အိတ်တွင်းသို့ နှိုက်ကြည့်သောအခါ ကားဒရိုင်ဘာလိုင်စင်နှင့် စာအုပ်ငယ်တစ်အုပ်သာ တွေ့ရသည်။

ထိုသူ၏အမည်မှာ ထွန်းနောင် ဖြစ်ပြီး နန်းမြို့မြို့တွင် နေထိုင်ကြောင်း သိရလေသည်။

"သူက ဒရိုင်ဘာတစ်ယောက်ပဲ၊ ဒီလိုဆိုရင် ကားပေါ်မှာ တခြားလူတွေ ပါလာတာ သေချာသွားပြီ၊ ကျန်တဲ့လူတွေကို လူဆိုးဆွေ ဖမ်းသွားကြတာ သေချာလောက်တယ်"

ဟု ပြောလေသည်။

"ဒီအလောင်းကို ဘယ်လိုလုပ်ကြမလဲ ဆရာ"

"ဒီအတိုင်းသာ ခြေရာလက်ရာမပျက် ထားခဲ့မှဖြစ်မယ်၊ နန်းမြို့ရောက်တော့မှ သက်ဆိုင်ရာတွေကို အကြောင်းကြားလိုက်ကြတာပေါ့"

ထိုအခါ တိုင်းလုံ က ပြောသည်။

"ဒီလိုဆိုရင် ဆရာတို့ နန်းမြို့ရောက်အောင်သွားနှင့်ကြပေတော့၊ ကျွန်တော် နေခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့နေခဲ့တာလဲ"

"ကျွန်တော် သူတို့နောက်ကို ခြေရာခံပြီးလိုက်သွားကြည့်မယ်၊ ဒါမှ သူတို့ ဘယ်သူတွေကိုဖမ်းသွားတယ်ဆိုတာရယ်၊ နောက်ပြီး သူတို့ စခန်းချတဲ့နေရာကိုပါ တိတိကျကျသိရမှာပေါ့"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က အနည်း ငယ်စဉ်းစားလိုက်ပြီးမှ ...

"အေး သွားချင်လဲသွားလေ၊ ဒါပေမယ့် မင်းတစ်ယောက်တည်းတော့မသွားနဲ့၊ တောထဲမှာ တစ်ခုခုဖြစ်ရင် အကူအညီပေးမယ့်လူ ရှိမှာမဟုတ်ဘူး၊ ဒီတော့ သူတို့နှစ်ယောက်ကိုပါ အဖော်ခေါ်သွားပေတော့"

ဟု ပြောကာ စောထီးနှင့်ငမဲအောင်တို့ကို အဖော်ထည့်လိုက်ရာ သုံးယောက်သား မြင်းကိုယ်စီနှင့် တောင်ကြောပေါ်သို့ တက်သွားကြလေတော့သည်။

☆☆☆☆☆





အခန်း (၄)

## လူ့ဂိုဏ်ရှာသူလား မိတ်ဆွေလား

ခရီးထွက်လာစဉ်က ခြောက်ယောက်ဖြစ်သော်လည်း တိုင်းလုံ၊ စောထီး၊ ငမဲအောင်တို့က တစ်လမ်းခွဲသွားကြသဖြင့် ဒေါက်တာမင်းထင်ကျော်တို့သည် တောနက်အတွင်းသို့ ခရီးဆက်ခဲ့ကြသည်။

၎င်းတို့ဦးတည်ချက်က နန်းမြို့သို့ဖြစ်ပြီး မုဆိုးကြီးဦးမွန်ထော်က လမ်းပြသွားလေသည်။

အချိန်ကလည်း မွန်းလွဲပိုင်းအချိန်ရောက်နေပြီမို့ မမှောင်ခင် တောအုပ်အတွင်းမှထွက်ကာ နန်းမြို့သို့ရောက်နိုင်ရန်အတွက် ခြေလှမ်းစပ်သွက်သွက်ဖြင့် သွားကြလေသည်။ တောတွင်း တစ်နေရာသို့ရောက်သောအခါ ၎င်းတို့နှင့် မလှမ်းမကမ်းတောအုပ်အတွင်းမှ အသံအချို့ကို ကြားလိုက်ရသဖြင့် ရပ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ကြီးနေသော်လည်း ယခုထက်တိုင် မျက်စိလည်းကောင်း၊ နားလည်းကောင်းနေသော ဦးမွန်ထော်က အသံကြားရာဘက်သို့ လက်ညှိုးထိုးပြသည်။

"တောကောင်လား"

ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"မဟုတ်ဘူး၊ ခြေသံရှေ့ပုံက လူတစ်ယောက်ရဲ့ခြေသံမျိုးပဲ"

"လူဆိုးတွေ ဖြစ်နိုင်မလား"

"ခြေသံက သိပ်မများဘူး၊ နှစ်ယောက်၊ သုံးယောက်ထက် ပိုမများဘူး"

"ဘယ်လိုသဘောလဲ"

"ချောင်းမြောင်းတိုက်ခိုက်မယ့်ပုံပဲ"

ဦးမွန်ထော်က ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လွယ်ပစ္စတိုကိုထုတ်ကာ အဆင်သင့်ကိုင်ထားလိုက်သည်။

"အဘတို့နှစ်ယောက်က ဟိုဘက်ဘေး ဒီဘက်ဘေးက ခြေသံမကြားအောင် ပန်းတက်သွားပေါ့၊ ကျွန်တော်က မြင်းနဲ့လားတွေကို ဆွဲပြီး ဟန်မပျက် ဆက်သွားမယ်"

ဒေါက်တာမင်းယင်ကျော်က ပြုလုပ်ရမည့်အစီအစဉ်များကို ပြောပြလေသည်။

"သတိထားနော် ဆရာ"





ဟု ပြောကာ ဦးဗန်ကောင်းနှင့် ဦးမွန်ထော်တို့က သေနတ်တစ်လက်စီယူကာ တောတွင်းသို့ ဝင်သွားကြသည်။ဦးမွန်ထော်ထံတွင် သေနတ်အပြင် လေးနှင့်မြားလည်း ပါသေးသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို လက်တစ်ဖက်ဖြင့် ကိုင်၍ ကျန်တစ်ဖက်က မြင်းနှင့်လားများ၏ ကြိုးများကို ကိုင်ထားဟန်မပျက် ဆက်လျှောက်သွားသည်။

ထိုသို့ဆက်လျှောက်သွားစဉ် တောတွင်းတစ်နေရာမှ ရွေ့လျားနေသောခြေသံအချို့ကတော့ ကြားနေရသည်။

ခြေသံက တောကောင်ကြီးများ၏ခြေသံမျိုးမဟုတ်ပေ။ တောကောင်များက လူကို ချောင်းမြောင်းသည့်အခါ ခြေသံမကြားရပေ။

သို့မဟုတ် တောထဲမှာ ကျွမ်းကျွမ်းကျင်ကျင်သွားလာနေသောလူများဆိုလျှင်လည်း ထိုသို့ ခြေသံကြားရမည်မဟုတ်ပေ။ ဒေါက်တာမင်းထင်ကျော်က သေနတ်မောင်းတင်သံမျိုး လေးညို့ခတ်သံများကို နားစွင့်ရင်း ဆက်လျှောက်လာရာ တစ်နေရာရောက်သောအခါမှ ရန်သူက ရှေ့သို့ထွက်လာတော့သည်။

လူသုံးယောက်ဖြစ်သည်။ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ရှိသည့် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ဖြစ်သည်။

၎င်းတို့လက်ထဲတွင် သေနတ်နှစ် လက်ပါပြီး ဒေါက်တာ မင်းထင်ကျော်အား ချိန်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ထဲကသေနတ်ကို ချလိုက်"

ရှေ့ဆုံးမှရပ်နေသောလူက အမိန့်ပေးလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က လက်ထဲမှသေနတ်ကို အောက်သို့ချလိုက်ပြီး ခေါင်းပေါ်မှဆောင်းထားသည့် သက္ကလပ်ဦးထုပ်ကို အပေါ်သို့ အနည်းငယ် မ,တင်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

"ငါက ခရီးသွားတစ်ယောက်ပါကွာ"

အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ခင်ဗျား မြန်မာတစ်ယောက်လား"

"ဟုတ်ပါတယ်"

"ဘယ်ကလာတာလဲ"

"ငါက ဘူမိဗေဒလေ့လာရေးသမားတစ်ယောက်ပါ။ ရန်ကုန်က လာခဲ့တာပါ"

"ဟင် ..."

ထိုစကားကြောင့် သုံးယောက်စလုံး အံ့သြသွားကြဟန် ရှိသည်။ ထိုအခိုက်မှာပင် ၎င်းတို့၏နောက်ဘက်တောတွင်းမှ ဦးခမ်းကောင်းနှင့်ဦးမွန်ထော်တို့ ထွက်လာကြသည်။

သူတို့က လူသုံးယောက်ကို သေနတ်များဖြင့်ချိန်ထားကြသည်။ ထိုအခါမှ သုံးယောက်စလုံး ထိတ်လန့်သွားဟန်ရှိသည်။

"ဟာ ဦးမွန်ထော်"





"အလို ... ခင်ဗျား ဦးခမ်းလုံ မဟုတ်လားဗျ"

"ဟာ မှားတော့မလို့ဗျို့၊ ကံကြီးပေလို့သာပဲ"

သည်တော့မှ သေနတ်များကို ချလိုက်ကြသည်။ ဦးခမ်းလုံဆိုသောလူကြီးနှင့် ဦးမွန်ထော်တို့က အသိမိတ်ဆွေများ ဖြစ်နေကြသည်။

"ချိန်းထားရင်တောင်မှ လွဲချင်လွဲဦးမယ်ဗျို့၊ သူက တခြားမဟုတ်ဘူးဗျ၊ ပြည်နယ်အုပ်ချုပ်ရေးအရာရှိ ဦးထင်ကျော်ရဲ့မိတ်ဆွေ ဒေါက်တာမင်းထင်ကျော် လို့ခေါ်တယ်၊ ဒီနယ်ကို သုတေသနလုပ်ဖို့ လာတာပဲဗျ"

ထိုအခါမှ သုံးယောက်စလုံး ဒေါက်တာမင်းထင်ကျော်ကို တောင်းပန်ကြလေသည်။

ဦးခမ်းလုံအပြင် ပါလာသောယောကျ်ားလေးနှင့်မိန်းကလေး တို့မှာ မျက်နှာချင်းဆင်သဖြင့် မောင်နှမဖြစ်ဟန်ရှိသည်။ နှစ်ယောက်စလုံး ဘောင်းဘီနှင့်ဂျာကင်များကို ဝတ်ဆင်ထားသည်။

တောင်ပေါ်သူများပီပီ အသားဖြူဖြူ၊ ရုပ်ရည်ချောမောသူများ ဖြစ်ကြသည်။

"ဒါထက် ခင်ဗျားတို့ ဆရာကြီးရော ရှိရဲ့မဟုတ်လား"

ဦးမွန်ထော်က မေးလိုက်သည်။

"ကျုပ်တို့ အခု တောထဲရောက်နေတာ တခြားမဟုတ်ဘူးဗျ၊ ဆရာကြီးပျောက်နေလို့ လိုက်ရှာနေကြတာပဲ၊ သူတို့နှစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့ သားသမီးတွေပဲ။ သူ့နာမည်က မောင်သုနောင်၊ သူက ဇင်မာ လို့ခေါ်တယ်"

ဦးခမ်းလုံက စိတ်မကောင်းသောလေသံဖြင့် ပြောပြသည်။ ထို အခါ ဦးမွန်ထော်က ...

"ဆရာ သူတို့နှစ်ယောက်က အခု ကျွန်တော်တို့သွားမယ့် နန်းမြို့က ဆရာကြီးဦးဘကျော်သာရဲ့ သားနဲ့သမီးပဲ၊ သူကတော့ လူယုံတော်ကြီး ဦးခမ်းလုံပေါ့"

ဒေါက်တာမင်းထင်ကျော်မှာ တောတွင်းမှာ တိုက်တိုက်ဆိုင် ဆိုင်လာရောက်တွေ့ဆုံရသဖြင့် များစွာအံ့သြသွားမိလေသည်။

"ဦးဘကျော်သာက ဘယ်လိုဘယ်ပုံ ပျောက်သွားတယ် ဆို တာကိုလဲ တစ်ဆိတ်လောက် ပြောပြပါဦးဗျ"

"ဆရာကြီးက တစ်နေ့ကပဲ ကားမောင်းသမားတစ်ယောက် နဲ့ အထက်ပိုင်းကို တက်သွားတယ်၊ အခုထိ ပြန်ရောက်မလာသေး လို့ စိတ်ပူပြီး လိုက်ရှာနေကြတာဗျ"

"ဒါထက် သူစီးသွားတာ ဂျစ်ကားမဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်"

"ကားမောင်းတဲ့လူက အသက်သုံးဆယ်လောက်ရှိတဲ့ ထွန်းနောင် ဆိုတဲ့လူလား"

"အစစ်ပဲဗျို့၊ ဒါထက် ခင်ဗျားတို့နဲ့ ဘယ်မှာတွေ့ခဲ့ကြတာလဲ"

ဦးခမ်းလုံတို့သုံးယောက်မှာ စိတ်ဝင်စားမှုကြောင့် လှုပ်လှုပ်ရှား





ရှားဖြစ်သွားကြလေသည်။

"ဆရာကြီးကိုတော့ မတွေ့ရပါဘူး၊ ကားသမားနဲ့ ဆရာကြီး စီးသွားတဲ့ဂျစ်ကားကိုတော့ တွေ့ခဲ့ပါတယ်၊ ဒါပေမယ် ..."

ဦးမွန်ထော်က စကားဆက်ရမှာ ခက်သွားဟန်ဖြင့် ရပ်သွား သည်။

"ဆက်ပြောပါဗျ၊ သူတို့ကို ဘယ်မှာတွေ့ခဲ့တာလဲ"

သုနောင် ဆိုသောလူရွယ်က အလောတကြီး ဝင်မေးသည်။

"တောင်ကုန်းတစ်ခုရဲ့အောက်ဘက်နားမှာပါ၊ ထွန်းနောင် က သေရှာပြီ၊ ဂျစ်ကားကတော့ ကားလမ်းနံဘေးမှာ မီးလောင်နေလို့ ရစရာမရှိတော့ပါဘူး"

"ဟင် ..."

ထိုစကားကြားသောအခါ ဇင်မာ ဆိုသော မိန်းကလေးမှာ တရှုံ့ရှုံ့ ငိုလေတော့သည်။

"ဒီလိုဆိုရင် ဖေဖေ့ကိုသူတို့ ဖမ်းခေါ်သွားကြပြီထင်တယ်၊ ကျွန်တော်တို့ လိုက်ရှာကြမှဖြစ်မယ်"

"ဒီလို ဇွတ်လုပ်လို့မသင့်ဘူးထင်တယ် မောင်သုနောင်၊ အခု အချိန်ကာလဲမရှိတော့ဘူး၊ ငါတို့မှာပါတဲ့ လက်နက်ကလေးနဲ့ သူတို့ကို သွားပြီးရန်စရင် ဒုက္ခရောက်ကြလိမ့်မယ်၊ ဒီတော့ နန်းမြို့ကို ပြန်ကြ မယ်၊ ဟိုရောက်တော့မှ သက်ဆိုင်ရာနယ်ခြားတပ်ဖွဲ့တွေကို အကြောင်းကြားပြီးမှ လိုက်ရှာကြရင် ပိုကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးခမ်းလုံက အကျိုးသင့်အကြောင်းသင့် ပြောလိုက်တော့မှ သူနောင်လည်း လက်လျှော့သွားလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်လာချေပြီ။ အပြင်မှာ အမှောင်သမ်းလာပြီဆိုတာနှင့် ရိုးမထဲမှာတော့ လူလုံးမကွဲအောင် မှောင်လာတော့သည်။

ထိုအမှောင်ရိပ်များနှင့်အတူ ညအချိန် အစာရှာထွက်လာသော တောကောင်ကြီးများ၏ အော်သံများကိုလည်း ကြားလာရချေပြီ။

"အခု ဦးမွန်ထော်တို့က ဘယ်သွားကြမှာလဲ"

"အဓိကရည်ရွယ်ချက်ကတော့ နန်းမြို့က ဆရာကြီး ဦးဘကျော်သာနဲ့တွေ့ဖို့ လာခဲ့ကြတာပါပဲ၊ အခုတော့ ..."

"ဒီလိုဆိုရင်လဲ ကျွန်တော်တို့အိမ်ကိုပဲ လိုက်ခဲ့ကြပါ၊ ဖေဖေ မရှိပေမယ့် ကျွန်တော်တို့မောင်နှမ ရှိပါတယ်၊ အိမ်ရောက်တော့မှ ဆွေးနွေးတိုင်ပင်ကြတာပေါ့"

ဟု ပြောဆိုကာ နန်းမြို့ရှိရာဘက်သို့ ပြန်ထွက်လာခဲ့ကြလေတော့သည်။

ရိုးမတစ်ဝှမ်းမှာ အမှောင်လွှမ်းနေချေပြီ။

☆☆☆☆☆





အခန်း (၅)

## အရိုပ်မည်းသုံးယောက်နှင့် ကတိစကား

ဦးဘကျော်သာသည် ဘူမိဗေဒအရာရှိဘဝမှ အငြိမ်းစားယူခဲ့ပြီးနောက် နန်းမြို့မြို့သို့ရောက်နေခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပေပြီ။

သူသည် အလုပ်မှပင်စင်ယူပြီးသည့်နောက် ရခိုင်သို့မပြန်ဘဲ နာဂတောင်တန်းဘက်၌ ဆက်လက်နေထိုင်ခဲ့ရသည်မှာ အဓိက အကြောင်းရှိပေသည်။

ထိုအကြောင်းကတော့ လူမျက်နှာတောင်သို့ တစ်ခေါက်သွားကာ ရှေးဖြူပုဟုခေါ်သော ပလက်တီနမ်သတ္တုများ သွားရောက်ရှာဖွေရန်အတွက်ပင်ဖြစ်ပေသည်။

ထိုနေရာသို့သွားရန် မြေပုံကလည်း ရှိပေသည်။ မြေပုံက သူ့ထံ



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ခြမ်း၊ သူနှင့်ခရီးသွားဖော် ဦးရန်နိုင်ဆီမှာ တစ်ခြမ်း ရှိလေ
သည်။

ဦးရန်နိုင်တို့မှာလည်း မဝေးလှသောနေရာ၌ ရှိကြလေသည်
၎င်းကလည်း အခါအခွင့်သင့်ပါက ဦးဘကျော်သာနှင့်အတူ ပူးပေါ
ကာ လူမျက်နှာတောင်ရှိရာသို့ တစ်ခေါက် သွားရန် ရည်မှန်းထားသ
ဖြစ်ပေသည်။

"ဖေဖေ့ဆီမှာ ရတနာမြေပုံရှိတယ်ဆိုတာ ကျားကြီးရာဇ
ဂိုဏ်းက ကျားကြီးက သိထားတယ်၊ ဒါကြောင့် နည်းအမျိုးမျိုး
ရအောင်ကြံစည်နေတာပဲ၊ အခုတော့ သူတို့အကြံအစည် အောင်မြ
သွားပြီပေါ့"

နန်းမြို့၌ရှိသော ဦးဘကျော်သာ၏နေအိမ်သို့ရောက်သောအ
သုနောင် က အခြေအနေကို ပြောပြလေသည်။

သုနောင်နှင့် ဇင်မာတို့ မောင်နှမနှစ်ယောက်မှာ မိခင် မရှိတော့
ဘဲ ဖခင်ကြီးကို အားကိုးနေကြရာ ယခု ဖခင်ကြီးက ပျောက်နေ
သောကြောင့် များစွာ စိုးရိမ်သောကရောက်နေကြရှာသည်။

"ဒါထက် ဆရာကြီးဆီမှာ ရတနာမြေပုံရှိတယ်ဆိုတာ ကျာ
ကြီးတို့က ဘယ်ပုံဘယ်နည်း သိသွားတာလဲ"

"ဖေဖေ အရာရှိဘဝတုန်းက သူနဲ့အတူ လိုက်ဖူးတဲ့ လူအချို
ကျားကြီးဆီမှာ ရောက်နေကြတယ်၊ အဲဒီက သိရတာပါ"

"ဒါထက် မြေပုံတစ်ခြမ်းက ဦးရန်နိုင်ဆီမှာ ရှိနေတယ်ဆိုတာ





ရော သူတို့ သိပြီလား"

"မသိသေးဘူးထင်တယ်"

"မသိတာကောင်းတယ်၊ တကယ်လို့ သိသွားရင် ဦးရန်နိုင် အတွက်ပါ အန္တရာယ်မကင်းလှဘူး၊ ဒါထက် ဦးရန်နိုင် က ဘယ် နေရာမှာနေတာလဲ"

"ထရုံချောင်းနံ့ဘေးက နမ်းမားစခန်းမှာ နေတယ်၊ ထင်းရှူး မြိုင်လို့ အမည်ပေးထားတယ်၊ သူတို့နေတဲ့နေရာက ပန်ဆောက်နဲ့ (၅)မိုင်လောက်ဝေးတယ်"

"အခု ဆရာကြီးကို ဖမ်းမိသွားပြီဆိုတော့ ကျန်တဲ့ မြေပုံတစ် ခြမ်း ဘယ်မှာရှိတယ်ဆိုတာ မရရအောင်စစ်မှာ သေချာတယ်၊ တကယ်လို့ မပြောဘဲနေရင် လောလောဆယ် ဆရာကြီးကိုတော့ သတ်ပစ်မယ်မဟုတ်ဘူး၊ ငါ့အထင်ပြောရရင် ရန်သူရဲ့မြားဦးက မင်းတို့မောင်နှမဘက်ကို လှည့်လာမှာသေချာတယ်၊ မင်းတို့ နှစ် ယောက်ကို ဖမ်းပြီး အကျပ်ကိုင်လိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာ"

"သိပ်တော့ မစိုးရိမ်ပါနဲ့၊ အခု ဆရာတို့အဖွဲ့လဲ ရောက်လာပြီ ဆိုတော့ အကူအညီပေးပါ့မယ်၊ အခုဆိုရင် ဂျစ်ကားဒရိုင်ဘာကို သတ်သွားတဲ့လူဆိုးတွေနောက်ကို လိုက်ဖို့အဖွဲ့က လူတွေကို လွှတ် လိုက်ပါပြီ"

ထိုစကားကြားသောအခါ သုနောင်နှင့် ဇင်မာတို့ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်၏မျက်နှာမှာ အတန်ငယ် စိတ်သက်သာရာ ရသွားဟန် ရှိလေသည်။

“ဆရာ ရောက်လာတာ ကျွန်မဖြင့် သိပ်ပြီးအားရတာပဲ၊ ဖေဖေ ဒုက္ခရောက်နေတဲ့အချိန်မှာ အခုလိုရောက်လာတော့ အားကိုးရတာပေါ့”

“ဘာမှစိတ်မပူပါနဲ့၊ ဆရာကြီးရဲ့ အခြေအနေကို ရအောင်စုံစမ်းပေးပါ့မယ်၊ ဒါထက် မင်းတို့မောင်နှမနှစ်ယောက်စလုံး သတိဝီရိယနဲ့သာနေကြပါ၊ နောက်ပြီး မြေပုံတစ်ခြမ်းက ဦးရန်နိုင်ဆီမှာရှိတယ်ဆိုတာကိုလဲ ဘယ်သူမှ မသိပါစေနဲ့”

“စိတ်ချပါ ဆရာ”

“နောက်ရော ထူးခြားတာတွေ ဘာသိတာရှိသေးလဲ”

ထိုအခါ သုနောင် က အတန်ကြာအောင် စဉ်းစားနေပြီးမှ ...

“တစ်ခါကတော့ ဖေဖေ ပြောဖူးတယ်၊ ဂူကြီးထဲမှာ နာဂတိုင်းရင်းသားတွေ အစဉ်အဆက်ပိုင်ဆိုင်ခဲ့တဲ့ ရှေးဟောင်းရတနာပစ္စည်းတွေအပြင် ပလက်တီနမ်တွေအပြည့်ရှိတဲ့တွင်းနက်ကြီးလဲရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် ဖေဖေ့ဆီမှာ ရွှေခွက်တစ်လုံး ပလက်တီနမ်သတ္တုခဲတစ်တုံးနဲ့ ကျောက်သွေးခဲတွေပါလာတယ်ဆိုတာ သိရပါတယ်၊ အဲဒီပစ္စည်းတွေကိုလဲ အမြတ်တနိုးသိမ်းထားပါတယ်”

“အဲဒီပစ္စည်းတွေကိုတော့ ကြည့်ခွင့်ရရင် ကြည့်ချင်ပါတယ်”

ဟု ဒေါက်တာမင်းထင်ကျော်က ပြောရာ ညဘက် လူရှင်း





သောအချိန်တွင် သုနောင် က ဦးဘကျော်သာ၏ အခန်းတွင်းသို့ ခေါ်သွားလေသည်။

ထိုအခန်းတွင်းသို့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက် လိုက်သွားကြသည်။

ထိုအခန်းမှာ အိမ်ကြီး၏အပေါ် ထပ်၌ရှိပြီး သီးသန့် အခန်းတစ်ခန်းလည်းဖြစ်သည်။

ထိုအခန်းပြတင်းပေါက်မှ လှမ်းကြည့်လျှင် သစ်တော်ပင်နှင့် လိမ္မော်ပင်စိုက်ခင်းများကို လှမ်းမြင်ရသည်။

ခြံအလုပ်သမားကတော့ စိုက်ခင်းများအစပ်တွင် တန်းလျားများနှင့်နေကြလေသည်။

သူတို့လေးယောက် အခန်းတွင်းသို့ရောက်သောအခါ တံခါးကို ပြန်ပိတ်ထားလိုက်လေသည်။

ထို့နောက် သုနောင် က အခန်းနံရံရှိ ဗီရိုတစ်လုံးကို တွန်းရွှေ့လိုက်ရာ နောက်ဘက်၌ အံဝှက်တစ်ခုကို တွေ့ရသည်။ သုနောင် က အံဝှက်တံခါးကို ဖွင့်လိုက်ပြီး အတွင်းမှ သေတ္တာငယ်တစ်လုံးကို ထုတ်ယူလိုက်ကာ ဒေါက်တာမင်းထင်ကျော်အား ပေးလေသည်။

သေတ္တာမှာ ငွေရောင်သေတ္တာဖြစ်ပြီး အနံ လေးလက်မ၊ အလျားရှစ်လက်မခန့်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော် က အဖုံးကိုဖွင့်လိုက်သောအခါ အတွင်းမှ အရာဝတ္ထုများကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေအိုရောင်သမ်းနေသောရွှေခွက်ဟောင်းတစ်လုံး၊ အရော
အဆင်း သိပ်မပေါ်တော့သည့် ပလက်တီနမ်သတ္တုခဲတစ်တုံး၊ ရွှေ
အုပ်ကလေးဖြင့်ထည့်ထားသော အညိုရောင်အခဲတစ်ခဲ စသည်တို့
ဖြစ်သည်။

ဘူမိဗေဒသမားဖြစ်သော ဒေါက်တာမင်းထင်ကျော်က ပလက်
တီနမ်သတ္တုခဲကိုယူ၍ မီးရောင်ဖြင့်ကြည့်သည်။

တိုင်းရင်းဆေးပညာကို ဝါသနာပါသော ဦးဇန်ကောင်းက ရွှေ
အုပ်ကလေးဖြင့်ထည့်ထားသည့် အညိုရောင်အခဲကို ယူကြည့်သည်၊
ပွတ်ကြည့်သည်၊ နမ်းကြည့်သည်။ ထို့နောက် လျှာဖြင့် တို့ကြည့်လေ
သည်။

အတန်ကြာသောအခါ နှစ်ယောက်စလုံးမျက်နှာပေါ်၌ ကျေ
နပ်အားရသောအမူအရာများ ပေါ်လာလေသည်။

"ဒါဟာ ကမ္ဘာပေါ်မှာ အရှားပါးဆုံးနဲ့ တန်ဖိုးအရှိဆုံးဖြစ်တဲ့
ပလက်တီနမ်သတ္တုခဲ အစစ်ပဲ"

ထိုအခါ ဦးဇန်ကောင်းကလဲ အားကျမခံ ပြောလေသည်။

"ဒီပစ္စည်းကလဲ တခြားဟုတ်ပါရိုးလား၊ လူတစ်ယောက်ကို
ဘာရောဂါမှမဖြစ်စေဘဲ အသက်ရှည်စေတဲ့ကျောက်သွေးအစစ်ပဲ"

"ဒါဖြင့် ဆရာကြီးဦးဘကျော်သာ က ကမ္ဘာပေါ်မှာ အရှားပါး
ဆုံး၊ တန်ဖိုးအရှိဆုံးဖြစ်တဲ့ ပလက်တီနမ်သတ္တုခဲတွေနဲ့ ကျောက်
သွေးတွေရှိတဲ့နေရာကို အမှန်တကယ်ရောက်ခဲ့တာပ"





"ဒါကြောင့်လဲ ဒီအကြောင်းကို တစ်စွန်းတစ်စ သိသွားကြ
တော့ သူ့အတွက် အန္တရာယ်တွေ ဝိုင်းနေတာပေါ့"

ထိုအခါ သုနောင် က ပြောသည်။

"ဖေဖေ တစ်ခါကပြောဖူးတယ်၊ အဲဒီရတနာတွေရှိတဲ့ ကျောက်
ဂူအတွင်းမှာ နာဂကြီးတစ်ယောက် အစောင့်ရှိတယ်၊ အဲဒီနာဂကြီး
က သူတို့နှစ်ယောက်ကိုမှာလိုက်သေးတယ်၊ နောက်တစ်ကြိမ် သူ့
ဆီကိုလာရင် ဒီပစ္စည်းတွေကို အမှတ်အသားတစ်ခုအနေနဲ့ ပြရ
မယ်လို့ ပြောတယ်၊ ဒီတော့ ဖေဖေတို့ဆီက ရတနာမြေပုံရလို့ ဂူထဲ
ဝင်နိုင်ရင်တောင် ဒီပစ္စည်းတွေမပါဘူးဆိုရင် အန္တရာယ်နဲ့တွေ့မှာ
အသေအချာပဲ"

ထိုသို့ပြောဆိုနေစဉ် အခန်းအပြင်ဘက်မှ ခြေသံလိုလို လှုပ်ရှား
မှုအသံ ကြားလိုက်ရသဖြင့် ဒေါက်တာမင်းထင်ကျော်က ခါးမှာထိုး
ထားသောသေနတ်ကို ဖျတ်ခနဲဆွဲထုတ်ကာ တံခါးကိုဖွင့်၍ အပြင်
ဘက်သို့ထွက်လိုက်သည်။

ထိုအခါ ဝရန်တာဘက်သို့ပြေးသွားသော မည်းမည်းသဏ္ဍာန်
တစ်ခုကို ရိပ်ခနဲလှမ်းမြင်လိုက်ရသဖြင့် နောက်မှ ပြေးလိုက်သွား
သည်။

ထိုသဏ္ဍာန်ကား အမှောင်ရိပ်ရှိနေသောဝရန်တာဘက်သို့ ပြေး
သွားပြီး တောင်စွန်းရောက်သောအခါ ကျော်၍ အောက်သို့ခုန်ချ
သွားလေတော့သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

အောက်သို့ရောက်သောအခါ အမှောင်ရိပ်များရှိသော သစ်ပင်များကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်မှာ နောက်သို့ ပြန်လှည့်လာလေသည်။

"အခြေအနေက ဘယ်လိုလဲ မောင်ထင်ကျော်"

"ကျွန်တော်တို့ပြောနေတာကို တစ်ယောက်ယောက်က ချောင်းပြီးနားထောင်သွားတဲ့ပုံပဲ"

"ဘယ်သူဖြစ်နိုင်သလဲ"

"ဒီအကြောင်းတွေကို တစ်စွန်းတစ်စသိနေတဲ့လူတစ်ယောက်ပဲ ဖြစ်မှာပေါ့"

"ဒီလိုဆိုရင်တော့ ပိုပြီး သတိထားကြရမှာပေါ့"

"ကျွန်တော်တို့ပတ်ဝန်းကျင်မှာတင် အတွင်းရန်သူရှိနေတာ သေချာတယ်၊ ဦးဘကျော်သာ ခရီးထွက်တဲ့ကိစ္စလဲ ဒီနည်းနဲ့ပဲ သူတို့သိသွားတာဖြစ်နိုင်တယ်"

"ဒါဖြင့် ကျားကြီးရဲ့ဇာတိဂိုဏ်းနဲ့ ပတ်သက်တဲ့လူတွေ ဖြစ်နိုင်သလား မောင်ထင်ကျော်"

"ဖြစ်ဖို့တော့များတယ်၊ ဒါပေမယ့် သေသေချာချာတော့ ပြောလို့မရဘူး၊ အရေးကြီးတာက သူတို့မောင်နှမအတွက် အန္တရာယ်ရှိနိုင်တယ်၊ ကျွန်တော်တို့ သတိထားမှဖြစ်မယ်"

ဟု ဒေါက်တာမင်းထင်ကျော် က ပြောလိုက်ရာ ဇင်မာ၏





မျက်နှာပေါ်မှာ ကြောက်ရွံ့ထိတ်လန့်မှုများ အထင်းသားပေါ်နေလေသည်။

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ ဆရာ"

"အခုလောလောဆယ်တော့ ဒီပစ္စည်းတွေက အရေးကြီးတယ်၊ လုံခြုံတဲ့နေရာမှာ သိမ်းထားရမယ်၊ ရန်သူတွေနောက်ကို လိုက်သွားတဲ့ တိုင်းလုံတို့ ပြန်လာမှာပဲ၊ အခြေအနေကြည့်ပြီး လုပ်ကြတာပေါ့"

ဟု ပြောကာ အခန်းတွင်းမှ ပြန်ထွက်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုညက ကောင်းစွာ အိပ်မပျော်ဘဲ ဦးဘကျော်သာတို့ရောက်ခဲ့သောနေရာအကြောင်းကို တွေးတောနေရာ အတော်ညဥ့်နက်မှ အိပ်ပျော်သွားလေတော့သည်။

ထိုသို့ အိပ်ပျော်သွားစဉ် နားထဲမှာ ခြေသံလိုလို ကြားလာရသည်။ ခြေသံက တဖြည်းဖြည်းနှင့်နီးလာသဖြင့် မျက်စိဖွင့်ကြည့်လိုက်လေသည်။

ခေါင်းအုံးနံဘေးမှာချထားသောသေနတ်ကို လက်ဖြင့်စမ်းကြည့်လိုက်သည်။

လူက လှုပ်မရတော့ပေ။

ခြေသံက အပေါ်ထပ်သို့ရောက်လာကြလေသည်။ လှမ်းကြည့်လိုက်တော့ အမှောင်ထဲမှာ တရွေ့ရွေ့လာနေသော မည်းမည်းသဏ္ဌာန် သုံးယောက်ကို လှမ်းမြင်ရသည်။

ထိုသဏ္ဌာန်များက သူ့ရှိရာသို့ လာနေကြသည်။ ဒေါက်တာ

www.burmeseclassic.com



မင်းထင်ကျော်က သေနတ်ကို အရေးတကြီး လက်ဖြင့်စမ်းသော်လည်း မရတော့ပေ။

လူမည်းကြီးသုံးယောက်က အနားသို့ရောက်လာကြသည်၊ လူမည်းကြီးများမှာ အမွေးရှည်များဖြင့် ကြောက်မက်ဖွယ်ရာမျက်နှာသွင်ပြင်မျိုး ရှိကြလေသည်။

အနားရောက်တော့ တစ်ယောက်က အသံသြသြကြီးဖြင့် ပြောသည်။

"မင်းတို့ ငါတို့နေရာကိုလာဖို့ ကြိုးစားနေတယ်မဟုတ်လား။ ငါတို့ သဘောမတူဘဲလာရင်တော့ အားလုံး သေကုန်မှာပဲ၊ တစ်ခုတော့ရှိတယ်၊ ငါတို့နဲ့မိတ်ဆွေဖွဲ့ရလိမ့်မယ်"

"ဘယ်လိုဖွဲ့ရမှာလဲ"

"လူမျက်နှာတောင်ရောက်တဲ့အခါ လူအရှင်လတ်လတ် သုံးယောက်ကို ယဇ်ပူဇော်ပေးရမယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ လန့်သွားလေသည်။

ဘယ်လိုပြန်ပြောရမှန်းလည်း မသိတော့ပေ။

"ဒီလိုမလုပ်ဘူးဆိုရင်တော့ အားလုံး သေမှာပဲ"

"ဒါ...ဒါထက် ဘယ်နေရာမှာလုပ်ရမှာလဲ"

"လူမျက်နှာတောင်ရဲ့ထိပ်မှာ ရှေးက နာဂတွေယဇ်ပူဇော်တဲ့နေရာ ရှိတယ်၊ အဲဒီနေရာမှာ လုပ်ပေးရမယ်"





"အဲဒီလိုလုပ်ပေးရင် ဘယ်လိုအကျိုး ရှိမလဲ"

"မင်းတို့လိုချင်တဲ့ပစ္စည်းတွေ ရသင့်သလောက်ရမယ်၊ ဒီလိုမှမလုပ်ရင်တော့ လာသမျှလူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်စားပစ်မယ်"

ဟု ပြောကာ နေရာမှ ပြန်လှည့်သွားကြလေသည်။

ထိုအခါမှာ ဒေါက်တာမင်းထင်ကျော်လည်း အိပ်ရာမှ လန့်နိုးလာလေတော့သည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ အခန်းတွင်းမှာ ဘာမှမရှိပေ။ ဒေါက်တာမင်းထင်ကျော် က စိတ်မကောင်းသဖြင့် နေရာမှထကာ ပြတင်းပေါက်မှအပြင်သို့ မျှော်ကြည့်လိုက်သောအခါ သစ်ပင်ရိပ်များကြားမှ အပြင်ဘက်သို့ထွက်သွားသောအရိပ်မည်းကြီးသုံးယောက်ကို လှမ်းမြင်ရလေသည်။

☆☆☆☆☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၆)

## အပျောင်တွင်းမှ အသက်လုပွဲ

ရန်သူများနောက်သို့ ခြေရာခံကာ လိုက်သွားကြသော တိုင်းလုံ့တို့သုံးယောက် အခြေအနေကလည်း မဆိုးလှပေ။

တိုင်းလုံ့မှာ တောကျွမ်းသူဖြစ်သလို ခြေရာခံခြင်းနှင့် အနံ့ခံလည်းကောင်းလှသူဖြစ်သည်။

ထို့အတူ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်မှာလည်း ခေသူများမဟုတ်ကြချေ။

ဒေါက်တာမင်းထင်ကျော်နှင့် နှစ်ပေါင်းများစွာ လက်တွဲလာသူများဖြစ်ပြီး တောကျွမ်းရုံမက အတိုက်အခိုက် အသတ်အပုတ်လည်းကောင်းကြသူများဖြစ်သည်။





စောထီးက မားပေါက်ရာတွင် ကျွမ်းကျင်ရုံမက လက်ဖြောင့်လှသည်။

၎င်း၏ကိုယ်ပေါ်တွင် ဝှက်ထားသော ပေါက်မားသေးသေးကလေးများရှိသည်။

ဦးထုပ်ကျား၊ အင်္ကျီကျား၊ ဘောင်းဘီကျား၊ ဖိနပ်ကျားများအပြင် ကိုယ်ပေါ်မှာလည်း သားရေကြိုးဖြင့် ကပ်ချည်ထားသည့် ပေါက်မားကလေးများစွာရှိသည်။

အချို့မားကလေးများမှာ အဆိပ်သုတ်ထားသည်။ သွေးစို့ရုံနှင့် တုံးခနဲလဲကျသွားစေသည်။

လက်တစ်ကမ်းအကွာအဝေးမှ ပစ်မှတ်ကို မလွဲအောင်ပစ်နိုင်သူဖြစ်သည်။

ငမဲအောင်ဆီမှာ မှုတ်ပြောင်းတစ်လက်နှင့် အဆိပ်လူး မြားကလေးများပါသည်။

မြားတံကလေးများက သေးသေးကလေးများဖြစ်သဖြင့် ဝှက်ထားလျှင် တော်ရုံနှင့် မတွေ့ရပေ။

မြားထိပ်၌သုတ်ထားသော အဆိပ်များမှာလည်း ကိုယ်တိုင်ကိုယ်ကျဖော်ထားသောအဆိပ်များဖြစ်သဖြင့် သွေးစို့ရုံနှင့် သေစေနိုင်သောအဆိပ်မျိုးဖြစ်သည်။

၎င်းလက်နက်က ကျပ်ပြားအဝိုင်းခန့် အပေါက်ကလေး တစ်ပေါက်ရှိရုံနှင့် ရန်သူကို တိုက်ခိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်မှမှတ်ပြောင်းထိုးသွင်းကာ မှတ်လိုက်ရုံနှင့် ပစ်မှတ်ကိုထိနိုင်ပေသည်။

တိုင်းလုံဆီမှာတော့ ပစ္စတိုတစ်လက်နှင့် ကျောတွင် ဓားရှည်တစ်လက်လွယ်ထားသည်။ ဓားက ကင်ဒိုဓားဖြစ်သည်။

သူသည် ဓားပညာကို ကောင်းစွာကျွမ်းကျင်ရုံမက သေနတ်ပစ်လည်း လက်ဖြောင့်သူဖြစ်သည်။

သုံးယောက်သား ခြေသံလုံလုံဖြင့် ရန်သူခြေရာကောက်၍လိုက်သွားကြရာ တောင်တစ်လုံးနှင့်လျှိုတစ်ခုကိုကျော်မိသောအခါ ရန်သူများ ယာယီစခန်းချနေသောနေရာသို့ ခြေရာကောက်မိသွားကြသည်။

၎င်းတို့စခန်းချနေသောနေရာမှာ သစ်ပင်ကြီးများ သိပ်မရှိဘဲ ဝါးပင်နှင့် အခြားသစ်ပင်ပုကလေးများသာ ပေါက်သောကျောက်တောင်ကြီးတစ်လုံးထိပ်ပေါ်၌ဖြစ်သည်။

သုံးယောက်သား သစ်ပင်ငယ်များ၊ ကျောက်တုံးများကို အကာအကွယ်ယူကာ ထိုနေရာနှင့် နီးနိုင်သမျှနီးအောင် အလျားထိုး၍ တက်သွားကြလေသည်။

မလှမ်းမကမ်းနေရာသို့ရောက်သောအခါ မြင်းသံ၊ လူသံများကို အတိုင်းသားကြားနေသည်။

ထိုနေရာကို အသေအချာမြင်သာအောင် ကပ်ကြည့်သောအခါမှ အံ့သြရတော့သည်။





အဘယ်ကြောင့်ဆိုသော် ...

ထိုနေရာမှာ ဂျပန်များအသုံးပြုသွားခဲ့သော မိုင်းပေါင်းတစ်ခုဖြစ်သောကြောင့်ပင်။

ထိုနေရာကို ခံတပ်အဖြစ် အသုံးပြုသွားခဲ့ကြဟန် ရှိပြီး ကျည်ကာအုတ်ရိုးများနှင့် အုတ်ဖြင့်ဆောက်ထားသောအဆောက်အအုံအပျက်အချို့ကိုပါ လှမ်းမြင်ရသည်။

ထို့ပြင် ကင်းဂါတ်အဆောက်အအုံပျက်တစ်လုံးရှိပြီး ရှေ့တွင် မြက်ခင်းများပေါက်နေသည့်ကွက်လပ်ကြီးတစ်ခုရှိသည်။ တဲနှင့် မလှမ်းမကမ်းမှာ လူအချို့ရှိနေပြီး မြင်းများကတော့ မြက်ခင်းများအတွင်း၌ လွှတ်ကျောင်းထားလေသည်။ ကွက်လပ်နေရာများတွင် မီးဖိုများဖိုကာ အစားအသောက်များ ချက်ပြုတ်နေကြလေသည်။

မြင်းများကို ကုန်းနှီးများကိုမဖြုတ်ဘဲ ထားခြင်းဖြင့် အရေးအကြောင်းရှိပါက အဆင်သင့် အသုံးပြုနိုင်ရန်အတွက် ထားခြင်းဖြစ်ဟန်ရှိသည်။

တိုင်းလုံတို့သုံးယောက်မှာ အပေါ်စီးမှအခြေအနေကို ကြည့်နေကြသည်။

ကင်းဂါတ်အဆောက်အအုံအတွင်း၌ လူဆိုးများ စခန်းချနေကြဟန်ရှိသည်။ ဝင်လိုက်ထွက်လိုက် ရှိနေကြသည်။

အပေါက်ဝနှင့် မလှမ်းမကမ်းနေရာမှာတော့ လက်နက်ကိုင်အစောင့်နှစ်ယောက်ရှိနေပြီး အဆောက်အအုံ၏နောက်ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အစောင့်မရှိပေ။

ထိုအနောက်ဘက်မှာ တောင်ကုန်းက မတ်စောက်သဖြင့် အစောင့်မထားခြင်းဖြစ်တန်ရာ၏။

"သူတို့ ဆရာကြီးကို ဖမ်းလာတာမှန်ရင် အဆောက်အအုံ အတွင်းမှာ ထားမှာပဲ"

"ဘယ်လိုလုပ်မှာလဲ"

"သူတို့ အခြေအနေကို စောင့်ကြည့်နေမယ်၊ မှောင်သွားတော့ မှ အနားကပ်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ တောင်ကုန်းထိပ်တစ်နေရာမှ လျှို ဝှက်စွာစောင့်ကြည့်နေကြလေသည်။

လူဆိုးများ စခန်းချနေသောနေရာမှာ ကင်းဂါတ်တဲပေါင်း ဖြစ်သော်လည်း အတွင်းဘက်၌ နေရာကျယ်သည်။

အုတ်တိုက်သဖွယ် ဆောက်လုပ်ထားပြီး လေးဖက်လေးတန် တံခါးပေါက်များရှိသည်။

အချို့တံခါးရွက်များရှိနေသေးသော်လည်း အချို့ မရှိတော့ပေ ပြတင်းပေါက်များမှကြည့်လျှင် အဝေးမှမြင်ကွင်းများအား လှမ်းမြင် နိုင်ပေသည်။

လူဆိုးအဖွဲ့မှာ ထိုနယ်တစ်ဝိုက်တွင် နာမည်ကြီးနေသည် ကျားကြီးရာဇာအဖွဲ့ဖြစ်သည်။

လူအင်အားငါးဆယ်ကျော်ခန့်ရှိပြီး သေနတ် အစရှိသော





လက်နက်အင်အားတောင့်တင်းသည်။

ထိုဂိုဏ်းခေါင်းဆောင်မှာ "ကျားကြီး" ဆိုသူဖြစ်သည်။ အသက် လေးဆယ်ခန့်ရှိပြီး ရက်စက်ကြမ်းကြုတ်သောမျက်နှာနှင့် အမူ အရာရှိသည်။

သူသည် အခန်းတစ်နေရာတွင် အရက်သောက်နေသည်။ မလှမ်းမကမ်းရှိ အခန်းထောင့်တစ်နေရာမှာတော့ လူတစ်ယောက် ကို ကြိုးတုပ်ထားလေသည်။

ဘူမိဗေဒအရာရှိဟောင်း ဦးဘကျော်သာပင်ဖြစ်သည်။ ကျား ကြီးက ဦးဘကျော်သာ ဆီမှယူထားသောမြေပုံကိုကြည့်နေရင်း မျက်မှောင်ကြုတ်ထားလေသည်။

"မြေပုံက တစ်ခြမ်းပဲရှိပါလား၊ ကျန်တဲ့တစ်ခြမ်းက ဘယ်မှာ လဲ"

"ငါ မသိဘူး၊ ငါ့ဆီမှာရှိတာက အဲဒါပဲ"

"ခင်ဗျား ငြင်းနေလို့လဲ အပိုပဲ၊ အခုမပြောလဲ တစ်ချိန်ကျရင် ကျုပ် သိရမှာပဲ၊ အဲဒီအချိန်ကျမှ ခင်ဗျားကို နှိပ်စက်ပြီး သတ်ပြမယ်"

ဦးဘကျော်သာက အံကြိတ်ထားသည်။

"ခင်ဗျားသိထားရမှာက မကြာခင်မှာ ခင်ဗျားသားနဲ့သမီးကို ဒီစခန်းကို ဖမ်းခေါ်လာခဲ့မယ်၊ သူတို့ ရောက်လာရင်တော့ ခင်ဗျား ဆက်ပြီးခေါင်းမာနိုင်မှာမဟုတ်ပါဘူး၊ ဟား ဟား ဟား"

ကျားကြီး၏ရယ်သံက ပတ်ဝန်းကျင်တစ်ဝိုက်ပဲ့တင်ထပ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မှောင်ရိပ်သမ်းစအချိန်တွင် စခန်းသို့ မြင်းတစ်စီးနှင့် လူ
တစ်ယောက် ရောက်လာကြသည်။

ၾငင်းက ကျားကြီးရှိရာသို့ ဝင်လာသည်။

"ဘာထူးသလဲဟေ့"

"ထူးတယ် ဆရာကြီး၊ ဆရာကြီး သိချင်တာ ရခဲ့ပြီ"

"တယ်ဟုတ်ပါလားကွ၊ ကျုန်တဲ့မြေပုံတစ်ခြမ်းက ဘယ်မှာတဲ့
လဲ"

"မြေပုံတစ်ခြမ်းက ထံရုံချောင်းနံဘေးက နမ်းမားစခန်းနားမှ
ရှိတဲ့ ထင်းရှူးမြိုင်ခြံက ဦးရန်နိုင်ဆီမှာ တဲ့ ဆရာကြီး"

"ဟာ ဟန်ကျလိုက်လေကွာ၊ ဘယ်လိုသိတာလဲဟ"

"အတွင်းလူဆီက သတင်းရတာပါ။ နောက်ပြီး ဦးဘကျော်သ
ရဲ့အိမ်မှာလဲ လူစိမ်းတွေရောက်နေတယ်"

"ဘယ်သူတွေလဲ၊ နယ်ခြားရဲတပ်ဖွဲ့ကလူတွေလား"

"မဟုတ်ဘူး။ ပြည်မဘက်ကလာကြတာလို့ ပြောသွားတယ်

"လူအတော်များသလား"

"လောလောဆယ်တော့ သုံး၊ လေးယောက်ပဲရှိသေးတယ်
သေးတယ်၊ ကျွန်တော့်အထင်တော့ ညှိသည်တွေဖြစ်မယ် ထ
တယ်"

"ဒါက ကိစ္စမရှိပါဘူး၊ ကျုန်တဲ့မြေပုံတစ်ခြမ်းကို ရအောင်ယူ
က အရေးကြီးတယ်၊ ဒါတို့ ထင်းရှူးမြိုင်ကို ဝင်စီးဖို့ စီစဉ်ရလိမ့်မယ်





ထိုအခါ လက်ထောက်ဖြစ်သူ ပြောသည်။

"ဦးရန်နိုင်နေတဲ့ ထင်းရှူးမြိုင်ကို လွယ်လွယ်နဲ့တော့ ဝင်လို့
ရမယ်မထင်ဘူး ဆရာကြီး"

"ဘာကြောင့်လဲကွ"

"သူက ရွှေကျင်တဲ့လုပ်ငန်းရှိတော့ သူ့ဆီမှာ အလုပ်သမား
တွေ အများကြီးရှိတယ်၊ သေနတ်တွေလဲရှိတယ်၊ နောက်ပြီး သူ့
စခန်းပတ်လည်မှာ ခံတပ်သဘောမျိုးကျောက်ဆောင်ကျောက်တုံး
တွေနဲ့ စီမံထားတယ် ဆရာကြီး၊ လွယ်လွယ်နဲ့ အနားကပ်လို့ရမယ်
မထင်ဘူး"

"ဘာစိုးရိမ်စရာရှိသလဲကွာ၊ လူအင်အားသုံးပြီး တရကြမ်း ဝင်
တိုက်ရင် မခံနိုင်ပါဘူး။ နောက်တစ်ချက်က လူတစ်ယောက်ကို
လွှတ်ပြီး ဦးရန်နိုင် ဆိုတဲ့လူ ဘယ်သွားတယ်၊ ဘယ်လာတယ် ဆို
တာ မျက်ခြည်မပြတ်အောင် စောင့်ကြည့်ဖို့လိုတယ်"

"စိတ်ချပါ"

ထိုသို့ပြောဆိုတိုင်ပင်ကာ အရက်ဝိုင်းဖွဲ့၊ အရက်သောက်နေ
ကြတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်လာချေပြီ။ ဂါတ်တဲ
အတွင်း၌ထွန်းထားသောမီးအလင်းရောင်အချို့က အပြင်ဘက်သို့
တစ်စွန်းတစ်စ ထွက်နေသည်။

အမှောင်ထုနှင့်အတူ နှင်းမှုန်နှင်းဖွဲများကလည်း တဖွဲဖွဲကျလာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုအတူ အအေးဓာတ်ကလည်း များလာသည်။ ထို
အခြေအနေကပင် တိုင်းလုံတို့သုံးယောက်အဖွက် လှုပ်ရှားမှုရ
အကာ အကွယ်ပေးထားသကဲ့သို့ရှိလေသည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်လာသည်နှင့် အမှောင်ထုက ပို၍
လာသလို နှင်းများကလည်း ပိုကျလာသည်။

ဂါတ်တဲဘက်မှ လှုပ်ရှားမှုများလည်း တစ်စတစ်စ ငြိမ်သက်
ပြလာချေပြီ။

"ငါတို့ သွားကြရအောင်"

"ဘယ်ဘက်ကတက်မလဲ"

"အနောက်ဘက်ချောက်ကမ်းပါးကတက်တာ အန္တရာယ်ကင်း
မယ်ထင်တယ်၊ မင်းတို့ တက်နိုင်ပါ့မလား"

တိုင်းလုံ က မေးသည်။

"ငါတို့နှစ်ယောက်အတွက် ဘာမှစိတ်မပူနဲ့ အချိန်ရှိတုန်း သွား
ကြရအောင်"

ဟု ပြောကာ စခန်းရှိရာသို့ ချဉ်းကပ်သွားကာ အနောက်ဘက်
ချောက်ကမ်းပါးရှိရာသို့ သွားကြလေသည်။ ထိုနေရာဘက်မှာ အပေါ်
သို့တက်ရန် မလွယ်လှသောကြောင့် အစောင့်ချမထားပေ။ သုံး
ယောက်သား မြင်းများကို သင့်တော်ရာမှာထားခဲ့ပြီး ချောက်ကမ်း
ပါးမှအပေါ်သို့ တက်သွားကြသည်။

သုံးယောက်စလုံးမှာ မျောက်တစ်ကောင်ကဲ့သို့ လျင်မြန်စွာ





တက်နိုင်ကြသူများဖြစ်သောကြောင့် အချိန်အနည်းငယ်အတွင်းမှာ
အပေါ်သို့ရောက်သွားကြသည်။

ထိုနေရာ၌ ကျောက်တုံးနှင့်ချုံတောအချို့ရှိပြီး ကင်းဂါတ်တဲ၏
အနောက်ဘက်ခြမ်းဖြစ်သည်။

ထိုနေရာဘက်တွင် အစောင့်မရှိပေ။ အစောင့်နှစ်ယောက်က
ဘေးဘက်တွင်ရှိနေကြသည်။ နှစ်ယောက်စလုံး ကင်းဂါတ်တဲဘေး
မှာ အရက်သောက်ရင်း စကားပြောနေကြသည်။

အခြေအနေကို လှမ်းကြည့်တော့ ဂါတ်တဲအတွင်းမှာ မီးအိမ်
တစ်လုံးရှိပြီး ဂါတ်တဲရှေ့ကွက်လပ်၌ မီးပုံကြီးရှိသည်။

မီးပုံမှ အလင်းရောင်များက ပတ်ဝန်းကျင်တစ်ဝိုက်သို့ ရောက်
နေလေသည်။

မီးပုံနံဘေးမှာတော့ အနွေးဓာတ်ကိုယူရင်း လူဆိုးအတော်
များများ အိပ်နေကြသည်။

တဲခါးပျက်နေသောပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့
အတွင်းမှာလည်း လူဆိုးအချို့ရှိနေကြသည်။

၎င်းတို့ကတော့ အရက်မူးမူးနှင့် ဒူးကြားသို့လက်ထည့်ကာ
ကွေးအိပ်နေကြလေသည်။

အခြေအနေကြည့်ရသည်မှာ အစောင့်နှစ်ယောက်မှလွဲ၍ ကျန်
လူများမှာ စိတ်ချလက်ချ အိပ်နေကြဟန်ရှိသည်။

သုံးယောက်သား အချက်ပြကာ အစောင့်နှစ်ယောက်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ခြေသံမကြားအောင် ကပ်သွားကြသည်။ အနားရောက်သောအခါမှ အစောင့်နှစ်ယောက် က လှည့်ကြည့်သည်။

ထိုအခိုက်မှာပင် အဆိပ်လူးထားသောပေါက်ဓားတစ်လက်နှင့် မြားတံတစ်ချောင်းတို့က ပြေးဝင်လာပြီး ရန်သူနှစ်ယောက်ကို တုံးခနဲလဲကျသွားလေသည်။

ထို့နောက် သေနတ်များကိုယူ၍ ချောက်ထဲ ပစ်ချလိုက်ကြသည်။ နံရံဘေးမှကပ်၍ အခြေအနေစောင့်ကြည့်တော့ အခြေအနေက ငြိမ်သက်နေသည်။

သို့ကြောင့် ဓားနှင့်မြားကို ပြန်နုတ်ယူလိုက်ပြီး အသက်မရှိတော့သော ရန်သူနှစ်ယောက်ကို ချောက်ထဲသို့ ကန်ချလိုက်သည်။

ဂါတ်တဲအတွင်းရောအပြင်မှာရှိသည့် လူများမှာ အရက်မူးမူးနှင့် စိတ်ချလက်ချအိပ်နေကြသည်။

ကြိုးတုပ်ထားသော ဦးဘကျော်သာ တစ်ယောက်သာ ငိုင်လျှက်သားရှိနေသည်။

အခြေအနေကောင်းသဖြင့် သုံးယောက်သား လက်နက်များကို အဆင်သင့်ပြင်ကာ အတွင်းသို့ခုန်ဝင်လိုက်သည်။ စောထီးက အခန်းအလယ်၌ထွန်းထားသော မီးအိမ်ကို မီးစာလျှော့ချလိုက်ရာ အခန်းတွင်း၌ မှောင်သွားလေသည်။

ဦးဘကျော်သာကတော့ သူတို့သုံးယောက် ဝင်လာကတည်းက တအံ့တဩနှင့် လှမ်းကြည့်နေသည်။





ငမဲအောင်က ဦးဘကျော်သာအနီးသို့သွားကာ ချည်ထားသောကြိုးများကို ဖြတ်ပေးလိုက်သည်။

"မြေပုံက ဘယ်မှာလဲ"

တိုးတိုးကပ်မေးလိုက်သည်။

"သူ့ဆီကမြေပုံမရလဲဖြစ်တယ်၊ အချိန်ရှိတုန်း သွားကြရအောင်"

ဟု ပြောနေစဉ် အပေါ့အပါးထသွားသော လူတစ်ယောက် အခန်းထဲပြန်ဝင်လာသည်။ ငမဲအောင်က တုံ့ဆိုင်းမနေဘဲ ပေါက်ဓားတစ်ချောင်း ပစ်လိုက်သည်။

"ဂှစ်"

"အား"

တစ်ချက်သာအော်နိုင်ပြီး ကြမ်းပေါ်သို့လဲကျသွားသည်။ ၎င်းအော်သံနှင့် လဲကျသံကြောင့် လူအချို့ ပြန်နိုးလာသည်။ အပြင်ဘက်မှလူများလည်း ထလာကြသည်။

သို့သော်လည်း အခန်းတွင်း၌ မှောင်နေသဖြင့် သူ့လူကိုယ့်လူ မကွဲမပြားရှိနေကြစဉ် တိုင်းလုံတို့သုံးယောက်က ဦးဘကျော်သာကိုခေါ်ကာ နောက်ဘက်ပေါက်မှ အပြင်သို့ထွက်ကြသည်။

အပြင်ရောက်သည်နှင့် တိုင်းလုံက သေနတ်ကိုထုတ်ပြီး အခန်းတွင်းမှမီးအိမ်ကို ပစ်ခွဲလိုက်သည်။

"ဒိုင်း"

"ခွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရေနံဆီကြောင့် မီးတောက်များက ချက်ချင်းထလာသည်[illegible] ဂါတ်တဲအတွင်းမှ ဝရုန်းသုန်းကားဖြစ်နေကြစဉ် တိုင်းလုံတို့ [illegible] ယောက်မှာ ချောက်ကမ်းပါးမှတစ်ဆင့် အောက်သို့ ဆင်းခဲ့ကြ[illegible] သည်။

အပေါ်မှာတော့ အော်ဟစ်ကြိမ်းမောင်းသံများဖြင့် ဆူညံလျ[illegible] ရှိနေတော့သည်။

ထိုနေ့ညကား ၎င်းတို့အတွက်ပွဲဦးထွက်အောင်ပွဲတစ်ခု ရလိုက်[illegible] သည်ဆိုက မမှားပေ။

☆★☆★☆





အခန်း (၇)

## ရန်သူများနှင့်တိုက်ခိုက်ရခြင်း

ဦးဘကျော်သာ တစ်ယောက် မမျှော်လင့်ဘဲ အိမ်ပြန်ရောက်လာသဖြင့် အားလုံး ဝမ်းသာနေကြသည်။

ဝမ်းအသာဆုံးဖြစ်နေသူများကတော့ သားနှင့်သမီးဖြစ်သူ သုနောင်နှင့်ဇင်မာတို့ ဖြစ်ကြလေသည်။ ဦးခမ်းလုံ မှာလည်း ၎င်း၏ ဆရာဖြစ်သူ အသက်မသေဘဲ ပြန်ရောက်လာသဖြင့် အံ့သြဝမ်းသာဖြစ်နေရသည်။ ဒေါက်တာမင်းထင်ကျော်ကိုလည်း ကျေးဇူးတင်နေရသည်။

"ဆရာကြီးပြန်လွတ်လာတာတော့ ဝမ်းသာစရာပေါ့၊ ဒါပေမယ့် ဆရာကြီးရဲ့ မြေပုံကို တစ်ပါတည်းပြန်မယူလာနိုင်တာကတော့ စိတ်မကောင်းစရာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုင်းလုံ က ပြောလေသည်။

“ဒီအတွက် ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ သူတို့ ရထာ
လိုက်တဲ့မြေပုံစာရွက် အတုလုပ်ပြီး ဟန်ဆောင်ထည့်ထားတာ
သူတို့ မြေပုံလိုချင်မှန်းသိလို့ ဟန်ပြသဘောမျိုး ထည့်ထားတာ
ငါ့ဆီမှာရှိတဲ့ မြေပုံအစစ်က ဘယ်နည်းနဲ့မှ သူတို့ မရနိုင်ပါဘူး”

ထိုစကားကြားသောအခါမှ အားလုံး စိတ်သက်သာရာ ရသွ
ကြလေတော့သည်။

“ဒါထက် ဒီကမိတ်ဆွေတို့ ဘယ်ကနေဘယ်လို ကျုပ်ဆီ
ရောက်လာတယ်ဆိုတာလဲ တစ်ဆိတ်လောက် ပြောပြပါဦး”

“ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်
တယ်၊ ဘူမိဗေဒပညာရှင်တစ်ယောက်ပါ။ ကျွန်တော့်ဆီကို အုပ်ချု
ရေးအရာရှိ ဦးထင်ကျော်က အကြောင်းကြားလို့ ဦးနဲ့တွေ့ရအော
လာခဲ့တာပါ”

“အဆင်ပြေတာပေါ့ဗျာ၊ ကျုပ်ကိုယ်တိုင် ဆရာနဲ့တွေ့ချင်
ဦးထင်ကျော်ကို အကူအညီတောင်းထားခဲ့တာပါ။ အခုပဲ ရော
ရောက်ချင်း ကျုပ်ရဲ့ကိစ္စကို အကူအညီပေးနေရပြီဆိုပါတော့”

“ဒီလိုလဲ သဘောမထားပါဘူး၊ အခုဆိုရင် ကျားကြီးတို့အ
မြေပုံတစ်ခြမ်းက ဦးရန်နိုင်ဆီမှာရှိနေမှန်း သိနေတော့ ဘယ်နည
နဲ့မဆို ဦးရန်နိုင်ဆီသွားပြီး ရန်ရှာတော့မှာ သေချာတယ်”

“ဒါဖြင့် ဘယ်လိုလုပ်သင့်သလဲ ဒေါက်တာ”





အကောင်းဆုံးကတော့ ဒီသတင်းကို ဦးရန်နိုင် ကြိုပြီးသိဖို့လို
တယ်၊ ဒါမှ ပြင်ဆင်စရာရှိတာ ပြင်ဆင်နိုင်မှာပေါ့”

“ဦးရန်နိုင်က ထရုံချောင်းနံဘေးက နမ်းမားစခန်းမှာ ရှိနေ
တယ်၊ ဒီကသွားရင်တော့ မဝေးလှပါဘူး”

“အဲဒီလိုဆိုရင် ကျွန်တော်ကိုယ်တိုင် သွားလိုက်ပါ့မယ်”

“ဒေါက်တာသွားမယ်ဆိုရင်တော့ သူ့ဆီကို ကျုပ် စာတစ်စောင်
ရေးပေးလိုက်ပါ့မယ်၊ ကျုပ်က ခရီးထွက်ဖို့ ဒီမှာ စီစဉ်စရာရှိတာတွေ
စီစဉ်ထားပါ့မယ်၊ ဒေါက်တာ သွားရင် လမ်းသိတဲ့ ဦးခမ်းလုံကိုပါ
ထည့်ပေးလိုက်ပါ့မယ်”

“ကျွန်တော်လဲ လိုက်သွားချင်တယ် ဖေဖေ”

သုနှောင်က ဝင်ပြောသည်။

“မင်းက ဘာအတွက်လိုက်ချင်တာလဲ”

“မရောက်တာ ကြာလို့ပါ”

သုနှောင်က ထိုမျှသာပြောသော်လည်း ထို့ထက်ပို၍ အရေး
ကြီးသည့်အကြောင်းကိစ္စရှိဦးမည်ဟုတော့ ခန့်မှန်းမိသည်။ ဦးဘ
ကျော်သာက သားဖြစ်သူကို မလိုက်စေလိုသော်လည်း တားမရမှန်း
သိသဖြင့် ခွင့်ပြုလိုက်လေသည်။

ခရီးထွက်သောအခါ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့အပြင်
သုနှောင် တစ်ယောက်ပါ အပို ပါလာသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာ အုပ်ချုပ်ရေးအရာရှိ ဦးထင်

www.burmeseclassic.com



ကျော်ထံမှ နယ်မြေအတွက် သီးသန့်ရေးဆွဲထားသည့် မြေပုံတစ်ချပ် ယူလာသဖြင့် အခက်အခဲမရှိသွားနိုင်ကြသည်။

ဒေါက်တာမင်းထင်ကျော်တို့သွားမည့် ထင်းရှူးမြိုင်မှာ ပန်ဆောက်နှင့် (၅)မိုင်ခန့်သာဝေးသဖြင့် ပန်ဆောက်၏အုပ်ချုပ်မှုအောက်၌ ရှိပေသည်။

၎င်းတို့သည် နံနက်ပိုင်းအချိန် နှင်းများမကွဲသေးမီကပင် ခရီးစတင်ထွက်ကြလေသည်။ နံနက်စောစောအချိန်တွင် အဝေးမှာရှိသော နာဂတောင်တန်းများဘက်မှ တုံးခေါက်သံ၊ အုန်းမောင်းခေါက်သံများကို ကြားကြရသည်။

သို့သော်လည်း နှင်းများပိတ်ဆီးနေသဖြင့် သဲ့သဲ့မျှသာ ကြားကြရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများပိတ်ဆီးနေသဖြင့် အဝေးကို လှမ်းမမြင်ရပေ။

တစ်ခါတစ်ရံ နှင်းပါးသည့်နေရာရောက်မှသာ အဝေး၌ရှိသော နာဂတောင်တန်းကြီးများအား ဝေ့ဝေ့ဝါးဝါးလှမ်းမြင်ရပေသည်။

"ဒါတို့ ခရီးထွက်တာကိုသိရင် လူဆိုးတွေ လမ်းက ဖြတ်မတိုက်ဘူးလို့ မပြောနိုင်ဘူး။ သတိတော့ထားကြရမယ်"

ဟု ဦးခမ်းလုံက ပြောသည်။

"ဟုတ်တယ် ဆရာ၊ ခြံအလုပ်သမားတွေထဲမှာတင် သူတို့လူတွေရှိနေပုံရတယ်၊ ကျွန်တော်တို့ ဟိုမှာရှိနေတုန်းက ဆရာတို့ဆီက သိလာတဲ့သတင်းကို ချက်ချင်းလာပြောသွားတာကြားလိုက်ရတယ်၊





အတွင်းလူရှိပုံရတယ်"

တိုင်းလုံ က ပြောသည်။

"နေရာတကာတိုင်းမှာတော့ သူလျှိုဆိုတာကတော့ ရှိမှာပေါ့၊ ဒါကြောင့် ဘယ်နေရာမဆို ပြောတာဆိုတာကမှ အစ သွားသတိ၊ လာသတိ ရှိကြဖို့လိုတယ်"

၎င်းတို့တစ်ဖွဲ့လုံးတွင် ဦးဘကျော်သာထံမှ သေနတ်ကောင်းများပါလာကြပြီး အားလုံးမှာလည်း သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်ကြသူများဖြစ်သည်။

နံနက်(၉)နာရီခန့်တွင် လီဒိုလမ်းမကြီးပေါ် သို့ရောက်လာသည့်တိုင် နှင်းမကွဲသေးပေ။

"ကျွန်တော်တို့သွားတာ လူတွေ မသိစေချင်ရင် တောင်ပေါ်ဖြတ်လမ်းတွေက သွားကြရအောင်"

ဟု ပြောကာ လီဒိုလမ်းမကြီးမှ အတန်ငယ်သွားကြလေသည်။ လီဒိုလမ်းမကြီးမှာ ကမ္ဘာကျော်လမ်းမကြီးဖြစ်ပေသည်။ အိန္ဒိယနိုင်ငံ အာသံပြည်နှင့် ဘင်္ဂလားနယ်ကို ဆက်သွယ်ကာ လီဒိုမြို့မှ အစပြုခဲ့သောကြောင့် လီဒိုလမ်းမကြီးဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။

ထိုလမ်းမကြီးသည် မြန်မာနိုင်ငံအတွင်းမှ ဖြတ်သန်းသောအခါ ပတ်ကွိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှတစ်ဆင့် ဗန်းမော်ဗေရာဝတီတိုင်းကိုဖြတ်ကာ ခရီးဆက်သည်။

ထိုမှတစ်ဖန် ဗန်းမော်၊ လားရှိုးမှတစ်ဆင့် တရုတ်ပြည်ဘက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



မာကိုပိုလိုလမ်းမကြီးအထိ ခရီးပေါက်ကာ လမ်းအရှည်မိုင်ပေါင်း (၁၄၀၀)ပေခန့်ရှည်လျားလေရာ ကမ္ဘာပေါ်မှာ အရှည်ဆုံးလမ်းမကြီး တစ်ခု တစ်ခုအဖြစ် လူသိများခဲ့လေသည်။

ထိုလမ်းကို ဖောက်လုပ်ရာတွင် တံတားအတိုအရှည် (၁၃၀၀) ပေကျော်၊ အရေးပေါ်အဆောက်အအုံ (၂၃၀၀)ကျော်၊ မော်တော်ကားစက်ပြင်ရုံနှင့် လက်နက်တပ်ဆင်ရုံပေါင်း (၇၀)ကျော်။

ဟူးကောင်းတောင်ကြားကို ဖြတ်သန်းဖောက်လုပ်ရန်အတွက် ရှင်ဗေယံပ၁စ်ဝိုက်တွင် စက်ကြီး။ စက်ငယ်(၂၀)ကျော်၊ ခုနစ်တန် လေးသော တွင်ခုံစက်ကြီး (၂)လုံးနှင့် ဇက်ပြင်စက်ရုံ (၂)ရုံ။

ထိုစက်ပြင်ရုံနှစ်ရုံ၌ မော်တော်ကားစက်ပစ္စည်း အစိတ်အပိုင်း အားလုံးကို အပြီးအစီးပြုလုပ်ပေးနိုင်သည်အထိ ပြည့်စုံလေသည်၊

ထို့ပြင် ထိုလမ်းဖောက်လုပ်ရန် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း (၃၀)ကျော်နှင့် အရေးပေါ်လူနာသယ်လေယာဉ်ကွင်း ငယ်အပိုင်းပေါင်း (၆၀၀)ကျော်။

၎င်းတို့ဖောက်လုပ်ရန်အတွက် သီးသန့်အလုပ်သမားပေါင်း (၁၆၀၀၀)ကျော်နှင့် ဖောက်လုပ်ခဲ့ကြသည်။

လီဒိုလမ်းမကြီးဖောက်လုပ်ရန်အတွက် ကုန်ကျစရိတ်မှာ ထိုခေတ်ထိုအခါကပင် ဒေါ်လာသန်း(၁၃၀)ခန့် ကုန်ကျခဲ့ပေသည်၊

၁၉၄၃ ခုနှစ်မှာ စတင်ဖောက်လုပ်ခဲ့သည့် လီဒိုလမ်းမကြီးမှာ ၁၉၄၅ ခုနှစ်ရောက်မှ အဆုံးသတ်နိုင်ခဲ့ကြပေသည်။ ထိုလမ်းမကြီး





ကို လေယာဉ်ပေါ်မှာကြည့်လျှင် မြန်မာပြည်ကို အလယ်မှပိုင်းဖြတ်ထားသကဲ့သို့ရှိလေသည်။

အချို့နေရာများတွင် မြွေကြီးတစ်ကောင်ကဲ့သို့ တွန့်တွန့်ကောက်ကောက်မြင်ရပေသည်။

လီဒိုလမ်းမကြီးမှ တောင်ကြောပေါ်ဖြတ်တက်လာသောအချိန်မှာ ပတ်ဝန်းကျင်၌ နှင်းများကွဲစပြုနေချေပြီ။ ထိုအခါမှ မိမိတို့ ဦးခေါင်းပေါ်မှာမိုးနေသော မြင့်မားလှသည့်တောင်တန်းကြီးများကို မြင်လာ ရသည်။

သို့သော် အချို့တောင်ထိပ်များကိုတော့ နှင်းများ ဖုံးအုပ်နေသဖြင့် မမြင်ရသေးချေ။

သူတို့အဖွဲ့သည် တောင်ကြားသစ်တောလမ်းများမှ ဖြတ်ဆင်းလာသောအခါ မြက်ခင်းများရှိသောလွင်ပြင်တစ်ခုကို ဖြတ်ကျော်ကြရလေသည်။

လွင်ပြင်အတွင်းရှိ မြက်ခင်းများမှာ အတန်အသင့် ရှည်နေပြီး လေအဖိဝယ် တအိအိနှင့် ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ စုစုပေါင်း (၈)ယောက်ဖြစ်သည်။

၎င်းတို့သည် စကားတပြောပြောနှင့်လာကြရာ တစ်နေရာသို့ရောက်သောအခါထူးထူးခြားခြားအသံတစ်သံကိုကြားလိုက်ရသည်။

မြက်တောများအတွင်းမှ ငှက်တစ်ကောင်၏ စူးစူးဝါးဝါးအော်



www.burmeseclassic.com

www.burmeseclassic.com



သံပင်ဖြစ်သည်။ ထိုငှက်က ကောင်းကင်သို့ အလန့်တကြားပျံတက်သွားသည်။

"ထင်ထားတဲ့အတိုင်းပဲ ရန်သူတွေ လမ်းကအောင့်နေကြပြီ အမြန်သွားကြမယ်"

ဟု ပြောကာ မြင်းများကို ကဆုန်စိုင်းကာစီးကြလေသည်၊ ထိုအခိုက်မှာပင် ဘေးတစ်ဖက်၌ရှိသော တောင်ကုန်းနောက်ကွယ်မှ မြင်းစီးသမားအချို့ ထွက်လာကြသည်။

"ကျားကြီးရာဇာဂိုဏ်းသားတွေပဲ၊ အမြန်စီးကြပေ့"

ဦးခမ်းလုံက သတိပေးလိုက်သဖြင့် အခြားတစ်ဖက်သို့ဦးတည်ကာ မြင်းများကို ကဆုန်စိုင်း၍စီးကြလေသည်။ လူဆိုးဂိုဏ်းသားများကလည်း နောက်မှလိုက်လာကြ၍ သေနတ်များဖြင့်လှမ်းပစ်သည်၊

ဒေါက်တင်မင်းထင်ကျော်က မိမိလူများကို မြင်းကိုယ်ပေါ်မှ ဝပ်စီးရန် သတိပေးရင်း ၎င်းကိုယ်တိုင်ကလည်း မြင်းပေါ်မှာ ဝပ်၍စီးသည်။

နောက်မှ ထက်ကြပ်မကွာလိုက်လာသောလူဆိုးများထံမှ ပစ်လွှတ်လိုက်သည့်ကျည်ဆန်များက ပိတုံးကောင်များပမာ ဦးခေါင်းပေါ်မှ တရှဲရှဲနှင့် ဖြတ်သွားနေသည်။

ရန်သူနှင့် ကိုက်(၁၀၀)ခန့်ဝေးနေသော်လည်း ကျည်ဆန်များကတော့ သူတို့ရှေ့သို့ ကျော်သွားကြသည်။

"ရှေ့မှာ ထင်းရှူးမြိုင်စခန်း မဝေးတော့ဘူး၊ အဲဒီစခန်းရောက်မှ





ပြန်ချမယ်"

ဟု တိုင်းလုံ က အော်ပြောသည်။

လူဆိုးများမှာ ၎င်းတို့ထက် အင်အားများသဖြင့် ယခုအခြေအနေအတိုင်းကတော့ ဘယ်နည်းနှင့်မှ ရင်ဆိုင်တိုက်ခိုက်၍မဖြစ်နိုင်သေးပေ။

သို့ကြောင့် ဦးရန်နိုင်တို့၏ ထင်းရှူးမြိုင်စခန်းရှိရာသို့သာ ရောက်အောင်ပြေးကြရသည်။

နောက်မှလိုက်လာသောရန်သူများမှာ တောထဲတောင်ထဲတွင် မြင်းစီးရာတွင် ကျင်လည်ကြသူများဖြစ်ရာ တဖြည်းဖြည်းနှင့်နီးသည်ထက်နီးလာချေပြီ။

ကျည်ဆန်များကလည်း အပေါ်မှ၊ ဘေးနားမှ တရှဲရှဲနှင့် ဖြတ်သွားနေလေသည်။

ေ႕နတ်သံများမှာ တောင်နံရံများမှ ပဲ့တင်ရိုက်ခတ်မှုကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် ရိုက်ခတ်နေလေသည်။ အတန်ကြာသောအခါ နှမ်းမားစခန်း၌တည်ဆောက်ထားသော ထင်းရှူးမြိုင်စခန်းကို လှမ်းမြင်ကြရလေပြီ။ ထိုသို့ လှမ်းမြင်ရသဖြင့် စိတ်ထဲမှာ အတော်အတန် အားရှိသွားကြလေသည်။

ထင်းရှူးမြိုင်စခန်းမှာ အပြင်ပတ်ပတ်လည်၌ သစ်လုံးတိုင်ကြီးများ အခိုင်အခံ့စိုက်ထူထားကြလေသည်။ အဝင်ပေါက်တံခါးတွင် အဝေးသို့လှမ်းမြင်နိုင်ရန် မျှော်စင်ကြီးများလည်းဆောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးမြိုင်စခန်းကို လှမ်းမြင်နေရသော်လည်း ရောက်ဖို့က အတော်ကလေးဝေးနေသေးသည်။

ရန်သူများကလည်း တဖြည်းဖြည်းနီးလာချေပြီ။ နောက်ဆုံး မတတ်သာတော့သဖြင့် သေနတ်များကိုထုတ်ကာ ပြန်လှည့်ပစ်ခတ်ကြရာ ရှေ့မှတက်လာသူတစ်ယောက်နှစ်ယောက် မြင်းပေါ်မှ လိမ့်ကျသွားတော့မှ ဖရိုဖရဲဖြစ်သွားကြလေသည်။

ထိုအခွင့်ကောင်းကိုယူကာ ထင်းရှူးမြိုင်စခန်းသို့ အရောက်သွားနိုင်ကြလေသည်။

၎င်းတို့လူစုအနီးရောက်သောအခါ ဦးခမ်းလုံက အော်ပြောသဖြင့် သစ်လုံးတံခါးကို ဖွင့်ပေးသဖြင့် အတွင်းသို့တောက်လျှောက်ဝင်နိုင်ကြလေသည်။

သူတို့ အတွင်းရောက်ပြီးနောက်တွင် ဝင်ပေါက်တံခါးကို ပြန်ပိတ်လိုက်ကြသည်။ ထိုအခါမှပင် စိတ်သက်သာရာ ရသွားကြတော့သည်။

မြင်းများကတော့ မောလွန်းသဖြင့် ပါးစပ်များမှ အမြှုပ်များပင်ထွက်နေကြလေပြီ။

ဒေါက်တာမင်းထင်ကျော်တို့မှာ အတွင်းရောက်သည်နှင့် အမောမဖြေအားသေးဘဲ သေနတ်များကိုယူကာ ပစ်ကွင်းပေါက်များရှိရာသို့ ပြေးတက်သွားကာ အသီးသီး နေရာယူလိုက်ကြလေသည်။





နောက်မှလိုက်လာသောရန်သူများက စခန်းနှင့်မလှမ်းမကမ်းနေရာရောက်အောင် အရှိန်ဖြင့်ရောက်လာကြသည်။

ထိုအများကပင် ရန်သူအတော်များများ၏ အသက်ပေးလိုက်ကြရလေတော့သည်။

ပစ်ကွင်းပေါက်များအတွင်း၌ အသင့်ထည့် သောသေနတ်များမှ တစ်ပြိုင်နက်တည်းလိုလို ကျည်ဆန်များ ထွက်သွားကြလေတော့သည်။

"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

သေနတ်သံများမှာ နားကွဲမတတ်ဆူညံသွားပြီးနောက် ရှေ့ဆုံးမှာရောက်နေသောရန်သူလေး၊ ငါးယောက်တို့မှာ ဖရိုဖရဲနှင့်အောက်သို့ ပြုတ်ကျသွားကြတော့သည်။

ထင်းရှူးမြိုင်စခန်းအတွင်းမှာလည်း လူများက မနည်းပေ။ ၎င်းတို့အားလုံးကလည်း ရိုင်ဖယ်သေနတ်များကို အသုံးပြုကြလေသည်။

နယ်ခြားတောင်တန်းစခန်းများတွင် နေထိုင်ကြသူများအတွက် ဘေးအန္တရာယ်ကာကွယ်ရေးအတွက် သေနတ်ကိုင်ဆောင်ခွင့်လိုက်စင်များကို ပေးထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာလည်း သေနတ်ပစ် လက်ဖြောင့်ကြသူများမို့ ရန်သူများ အထိနာလေသည်။

ရှေ့ဆုံးမှတက်လာသော ရန်သူအတော်များများ ကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ကျန်လူများက အကာအကွယ်ရှိသောနေရာများ
ပြန်ပြေးသွားကြလေသည်။

လူဆိုးများသည် မြက်ခင်းရှိသောနေရာ၏ ဘေးဘက်၌ရှိသေ
တောင်ကန်းများပေါ်သို့ တက်သွားကြသည်။

လူဆိုးများမှာ အထိနာသွားပြီဖြစ်သဖြင့် နောက်တစ်ကြိ
အနားကပ်ခံဝံ့တော့မည်မဟုတ်သဖြင့် ဒေါက်တာမင်းထင်ကျော်
သေနတ်ပစ်စင်ပေါ်မှ ဆင်းလာသည်။ အပေါ်မှာတော့ အစော
အချို့ ကျန်ခဲ့လေသည်။

ထင်းရှူးမြိုင်ခြံဝန်းမှာ အတော်ကျယ်သည်။

အိမ်ကြီးတစ်လုံးနှင့် အလုပ်သမားများနေသော နေအိမ်တ
လျှားများရှိသည်။

ဒေါက်တာမင်းထင်ကျော် အောက်ကိုဆင်းလာသောအ
အသက်လေးဆယ်ကျော်အရွယ် ရှမ်းအမျိုးသမီးတစ်ဦးနှင့်အတ
ဦးခမ်းလုံနှင့် သုနောင်တို့ ရောက်လာကြသည်။

"ဆရာ ဒါက ဆရာကြီးဦးရန်နိုင်ရဲ့ဇနီး ဒေါ်နန်းမေ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာ ပါတယ် အန်တီ၊ ကျွန်တေ
နာမည် ဒေါက်တာမင်းထင်ကျော်ပါ။ ကျွန်တော်တို့ကို အခုလို အ
အညီပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်မတို့က ဆရာတို့ကို ကျေးဇူးတင်ရမှာပါ။ ဆရာတို့ ပိုင်
ကူလို့သာ အခုလို ဒင်းကို့ကို အနိုင်ရလိုက်တာပါ"





ဟု လေသံခပ်ဝဲဝဲဖြင့် ပြောသည်။

"ကျွန်တော်လာတာ ဆရာကြီးဦးရန်နိုင်နဲ့တွေ့ဖို့ပါ"

ထိုအခါ ဦးခမ်းလုံ က ဝင်ပြောပြသည်။

"အဲဒါပြောမလို့ ဆရာရဲ့၊ ဦးရန်နိုင် က ဒီမှာမရှိဘူး၊ အရောင်း
အဝယ်ကိစ္စ ပန်ဆောက်ကိုတက်သွားကြတယ်၊ သမီးဖြစ်တဲ့ နန်းမြ
သီတာ ပါ ပါသွားလို့ ဒေါ်နန်းမေလဲ စိတ်ပူနေရှာတယ်"

ထိုစကားကြားသဖြင့် သုတို့နှင့်ပါလာသော သုနောင် မှာ
မျက်စိမျက်နှာပျက်နေသည်။

"ဘယ်အချိန်ပြန်ရောက်မယ်လို့ ပြောသွားလဲ အဒေါ်"

ဟု ဝင်မေးလိုက်သည်။

"နေ့လယ်ပိုင်းလောက်တော့ ပြန်ရောက်မယ်လို့တော့ မှာသွား
တာပဲ၊ သူတို့ ပြန်လာတာနဲ့ လူဆိုးတွေနဲ့ ပက်ပင်းတိုးမှာကိုပဲ စိုးရိမ်
နေရတာပဲ"

ဒေါ်နန်းမေ၏မျက်နှာမှာ လင်သားဖြစ်သူနှင့် သမီးဖြစ်သူ
အတွက် များစွာစိုးရိမ်သောက ရောက်နေဟန်ရှိလေသည်။

"ရန်သူတွေကတော့ စိတ်ကျေနပ်မှာမဟုတ်ဘူး ဒီပတ်ဝန်း
ကျင်တစ်ဝိုက်မှာပဲ စောင့်ချောင်းနေနိုင်တယ်၊ ဒီအတိုင်းသာမှန်ရင်
တော့ ဦးရန်နိုင်တို့ ပြန်လာရင်တော့ ဖမ်းမိသွားမှာ အဒေသအချာပဲ"

"အဲဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ အကြံဉာဏ်ပေးကြပါဦး"

"အကောင်းဆုံးကတော့ သူတို့ပြန်လာမယ့်လမ်းကစောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တားနိုင်ရင် ကောင်းမယ်"

"ဒါပေမယ့် အခုအခြေအနေက ဒီကနေ အပြင်ထွက်လို့မှ မရ တာ၊ ထွက်တာနဲ့ တောင်ကုန်းပေါ်က လှမ်းပစ်မှာပေါ့"

ယခုအခြေအနေအရာရန်သူများက တောင်ကုန်းအမြင့်အပေါ် စီး၍ နေရာယူထားသဖြင့် အပြင်သို့ထွက်ခွင့်မသာသဖြင့် မည်ကဲ့သို့ ကြံရမှန်းမသိအောင်ဖြစ်နေကြလေသည်။ ထိုအခါ ဒေါ်နန်းမေက ပြောသည်။

"အပြင်ထွက်ချင်တယ်ဆိုရင် ဒီကနေအပြင်ထွက်နိုင်တဲ့ လျှို ဝှက်လမ်းရှိပါတယ်"

"ဒီလိုဆိုရင် ကျွန်တော်တို့ပဲ သွားလိုက်ပါ့မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောရာ ဒေါ်နန်းမေ က ခြံဝင်း တစ်နေရာကို ခေါ်သွားလေသည်။

၎င်းခေါ်သွားသောနေရာမှာ အိမ်ကြီးအနောက်ဘက်၌ရှိသော ရေတွင်းဟောင်းတစ်ခုရှိရာပင်ဖြစ်သည်။ ရေတွင်းမှာ ပေ(၁၀၀)ခန့် နက်လေသည်။

"အဲဒီကနေဆင်းသွားရင် အပြင်ဘက်ကိုရောက်နိုင်တဲ့ ဥမင် လိုဏ်ခေါင်းဆီကို ရောက်တယ်"

"ကောင်းပါပြီ"

ထို့နောက် ကြိုးဖြင့်ဆွဲကာ တွင်းထဲသို့ဆင်းကြလေသည် အောက်ခြေရောက်တော့ တွင်းပေါက်ဝတစ်ခုကို တွေ့ရသည်





လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်တော့ လူတစ်ယောက်ဝမ်းလျားထိုး ပြီး သွားနိုင်အောင်ဖောက်ထားသော လိုဏ်ခေါင်းပေါက်ဖြစ်မှန်း တွေ့ကြရသည်။

အရေးကြီးတာက ထိုလိုဏ်ခေါင်းအတွင်း၌ မြွေရှိမနေဖို့ပင်။ ရေတွင်း၏အောက်ခြေ၌ ရေအနည်းငယ်ရှိသော်လည်း တွင်းပေါက် ရှိသောနေရာက ခြောက်သွေ့နေ၍ဖြစ်သည်။

အပေါ်မှငုံ့ကြည့်လျှင် ရေကိုသာမြင်ရပြီး တွင်းပေါက်ဝကို ဘယ်နည်းနှင့်မှမမြင်သာပေ။

ဒေါက်တာမင်းထင်ကျော်က ရှေ့ဆုံးမှနေ၍ တွင်းပေါက်ဝ အတွင်းသို့ ဝင်သည်။

တွင်းပေါက်ဝမှာ ရေဓာတ်ကြောင့် စိုစိုစွတ်စွတ်ဖြင့် အေးနေ လေသည်။

"ဆရာ မြွေ သတိထားနော်"

နောက်မှဝင်လိုက်လာသော ဦးခမ်းလုံက သတိပေးသည်။

ဒေါက်တာမင်းထင်ကျော် က လက်နှိပ်ဓာတ်မီးက တစ်ဖက်၊ ဓားကတစ်ဖက်ဖြင့် ဝမ်းလျားထိုးသွားလေသည်။ နောက်မှ လူများ ကလည်း လိုက်လာကြသည်။

လိုဏ်ခေါင်းမှာ တဖြည်းဖြည်းနှင့် အပေါ်သို့ ထောင်တက်လာ ကာ မြေသားကလည်း ခြောက်သွေ့လာသည်။

အပေါ်နားရောက်လာလေ ကျောက်သားမြေဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ခေါင်းလမ်းတစ်လျှောက်မှာ မြွေဆိုးများနှင့်မတွေ့ရသော်လည်း ပင့်ကူမျှင်များနှင့် အခြားတိရစ္ဆာန်များကိုတော့ မကြာခဏတွေ့ရသည်။

အပေါက်ဝနားနီးလာတော့ အပြင်ဘက်မှတိုးဝင်လာသောလေနှင့် ထိတွေ့ရသည်။

နောက်ဆုံး အပေါက်ဝကိုပိတ်ဆို့ထားသော ကျောက်တုံးနားသို့ ရောက်သွားကြလေတော့သည်။

☆☆☆☆☆





အခန်း (၈)

## ထင်းရှူးပြိုင်စခန်းမှ လျို့ဝှက်မြေပုံ

ဒေါက်တာမင်းထင်ကျော်က ပိတ်နေသည့်ကျောက်လုံးကြီးကို တွန်းချလိုက်တော့ အပေါက်ဝပွင့်သွားပြီး အလင်းရောင်နှင့် လေများဝင်လာလေသည်။

အပြင်သို့ထွက်လိုက်တော့ ချုံတစ်ခုအတွင်းမှတစ်ဆင့် တောအုပ်တစ်ခုအတွင်းသို့ ရောက်သွားကြသည်။ ထိုနေရာရောက်မှ အသက်ဝအောင်ရှူကြရသည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှလူများ ထွက်အလာကို စောင့်ရင်း အခြေအနေကို အကဲခတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ်အတွင်းမှ မှန်ပြောင်းကိုထုတ်ကြည့်တော့ ရန်သူများ စခန်းချနေသောတောင်ကုန်းကို လှမ်းမြင်ရသည်။

၎င်းတို့စခန်းချနေသောနေရာမှာ ကားလမ်းနှင့်မဝေးလှပေ၊ လှုံ့စုံသောအခါကားလမ်းနံဘေးသို့ရောက်အောင်ဆင်းကြလေသည်၊ ထိုနေရာရောက်သောအခါ သစ်ပင်အကွယ်များနောက်၌ ဝင်က စောင့်ဆိုင်းနေကြလေသည်။

ကားစက်သံကိုသာကြားနေရသော်လည်း ကားကိုတော့ တော်တော်နှင့်မမြင်ရသေးပေ။ အကွေ့အကောက်များသဖြင့် ကား စက်သံက နီးလာလိုက်၊ ဝေးသွားလိုက် ဖြစ်နေသည်။ကောင်ဆင်း တောင်တက်များသဖြင့် တော်တော်နှင့် ရောက်မလာသေးပေ။

အတန်ကြာသောအခါမှ ကားလမ်းအတိုင်း မောင်းလာသော ဂျစ်ကားတစ်စီးကို လှမ်းမြင်ရသည်။

ဂျစ်ကားပေါ်၌ ကားမောင်းသူ အပါအဝင် လူသုံးယောက် ပါလာသည်။

တစ်ယောက်က အမျိုးသမီး ဖြစ်သည်။

"ဟော ဟိုမှာ သူတို့ လာပြီ"

သုနောင် က ပြောလိုက်သည်။

မလှမ်းမကမ်းရောက်လာသောအခါ ဦးခမ်းလုံနှင့်သုနောင်တို့ က ကားလမ်းပေါ်ဆင်းသွားပြီး တားသဖြင့် ကားက လမ်းဘေးမှာ ထိုးရပ်ပေးသည်။





ကားပေါ်မှ အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ယောက် ပါလာရာ ကားပေါ်မှဆင်းလာသည်။

"ဦးခမ်းလုံ ပါလား၊ ဘာကိစ္စများပေါ်လို့လဲဗျ"

"ဆရာကြီးတို့စခန်းနားမှာ ကျားကြီးရာဇဂိုဏ်းသားတွေ ရောက်နေကြတယ်၊ ဆရာကြီးတို့ ပြန်အလာကို စောင့်ပြီးဖမ်းဖို့ ဟိုဘက်တောင်ကုန်းမှာ စခန်းချနေကြတယ်"

ထိုစကားကြောင့် စိုးရိမ်သောကရောက်သွားဟန်ဖြင့် ...

"စခန်းအခြေအနေကရော ဘယ်လိုရှိသလဲ"

ကောင်းပါတယ် ဆရာကြီး၊ သူတို့ အနားကပ်လို့မရသေးပါဘူး၊ ဒီကညှိသည်တွေလဲရောက်နေဟော့ ကျုပ်တို့အတွက် တအားပေါ့"

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်တို့ကို သတိပြုမိသွားဟန် ဖြင့် ...

"သူတို့က ဘယ်သူတွေလဲ"

ဟု မေးလေရာ ဦးခမ်းလုံက အကြောင်းစုံ ပြောပြလိုက်သည်။ ထိုအခါမှ လက်ဆွဲနှုတ်ဆက်လေသည်။

"ကျုပ်နာမည်က ဦးရန်နိုင်ပါ၊ ဒေါက်တာရဲ့သတင်းကို ကြားဖူး နေတာကတော့ ကြာပါပြီ၊ အခုလိုတွေ့ခွင့်ရတာ ဝမ်းသာပါတယ်"

ကားပေါ်မှာပါလာသော အမျိုးသမီးက ဒေါက်မင်းထင်ကျော် ကို လှမ်းကြည့်နေသည်။

သုနောင် ကတော့ ဂျစ်ကားအနီးသို့သွားကာ ဟန်နှင့်ပန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စကားများပြောနေလေသည်။

သူ့အမူအရာကိုမြင်တော့မှ ဘာကြောင့်လိုက်လာသည်ကို ရိပ်မိသလိုဖြစ်တော့သည်။

"အချိန်မရှိဘူး ဆရာကြီး၊ ကျုပ်တို့ တစ်ခုခုစီစဉ်မှဖြစ်မယ်၊ ရန်သူတွေနဲ့က သိပ်မဝေးလှဘူး"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"အကောင်းဆုံးကတော့ ဆရာကြီးတို့သားအဖက လျှို့ဝှက်လမ်းကတစ်ဆင့် စခန်းရောက်အောင်ပြန်ကြပါ၊ မောင်သုနောင် နဲ့ ကားသမားကို ပန်ဆောက်ကို ပြန်လွှတ်ပြီး ကာကွယ်ရေးတပ်ဖွဲ့တွေကို အကြောင်းကြားခိုင်းရင် ကောင်းမယ်"

ဟု ဦးခမ်းလုံက အကြံပေးသဖြင့် ဦးရန်နိုင်က ကားပေါ်မှ မိန်းကလေးကိုပါခေါ်ပြီး လျှို့ဝှက်လိုဏ်ခေါင်းအတွင်းသို့ ဝင်သွားကြသည်။

ကားသမားနှင့် သုနောင် တို့က နောက်ကြောင်းကိုပြန်လှည့်ကာ ပန်ဆောက်ဘက်သို့ မောင်းသွားကြလေတော့သည်။ ထိုအခါ ဒေါက်တာမင်းထင်ကျော်က ...

"ကျွန်တော်တို့က ထင်းရှူးမြိုင်နဲ့မဝေးတဲ့ ကျောက်တောင်ကုန်းပေါ်မှာ တက်ပြီး နေရာယူကြမယ်၊ လူဆိုးတွေ ထင်းရှူးမြိုင်ကို ပတ်ဝိုင်းတာနဲ့ နောက်ကနေပစ်မယ်"

ဟု ပြောလေသည်။





"ကောင်းတယ်၊ ပန်ဆောက်ကကာကွယ်ရေးတပ်တွေ ရောက်မလာခင် ဒီကောင်တွေကို ကောင်းကောင်းဒုက္ခပေးထားရမယ်"

ဟု ပြောကာ ရန်သူများ စခန်းချနေရာ၏နောက်ကျောဘက် တောင်ကုန်းပေါ်သို့တက်ကာ နေရာယူကြသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ရန်သူများရှိရာစခန်းနှင့် မဝေးလှသောကြောင့် ၎င်းတို့လှုပ်ရှားမှုကို အတိုင်းသား လှမ်းမြင်နေရသည်။

လူဆိုးအဖွဲ့မှာ ကားသံကြားသဖြင့် ကားလမ်းအနီးသို့ ဆင်းစောင့်နေသော်လည်း ကားက ရှေ့သို့ဆက်မလာဘဲ နောက်ကြောင်းသို့ ပြန်လှည့်သွားသောကြောင့် မကျေမနပ်ဖြစ်နေကြသည်။

"ဒါ ဦးရန်နိုင်တို့ရဲ့ကားသံမှန်းသေချာရက်နဲ့ ဘာကြောင့် နောက်ကြောင်းပြန်လှည့်သွားရတာလဲ"

"မသိဘူး ဆရာကြီး၊ ကျုပ်တို့ စောင့်နေမှန်းသိလို့ ပြန်လှည့်သွားတာများလား"

"သူတို့က ပန်ဆောက်ကလာတာ၊ ငါတို့ရောက်နေမှန်း ဘယ်လိုလုပ်သိမှာလဲ"

ကျားကြီးအသံမှာ ဒေါသသံကြောင့် ဟိန်းထွက်နေလေသည်။

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ထင်းရှူးမြိုင်ကို ကျအောင်တိုက်မယ်၊ ထင်းရှူးမြိုင်ကျမှ ငါတို့လိုချင်တာရမှာ၊ ကဲ တိုက်ဖို့ပြင်ကြတော့"

ဟု အမိန့်ပေးသဖြင့် လူဆိုးများမှာ မြင်းနှင့်သေနတ်များကို



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပြင်ကာ ထင်းရှူးမြိုင်ဘက်သို့ ဆင်းလာကြပြန်လေသည်။

ထိုအချိန်တွင် ထင်းရှူးမြိုင်အတွင်းသို့ ဦးရန်နိုင်တို့ ပြန်ရောက်သွားပြီဖြစ်သဖြင့် လူဆိုးများချဉ်းကပ်လာလျှင် ခုခံတိုက်ခိုက်ရန် အဆင်သင့်ပြင်ထားကြလေသည်။

ကျားကြီးခေါင်းဆောင်သော လူဆိုးများမှာ (၅၀)ခန့်ရှိပြီး အားလုံး မြင်းစီးကျွမ်းကျင်သူများဖြစ်သလို သေနတ်ပစ်လည်း လက်ဖြောင့်ကြသည်။

မြင်းကို အပြေးစီးရင်း သေနတ်ပစ်ရာ၌ ကျွမ်းကျင်ကြလေသည်။

၎င်းတို့သည် နည်းဗျူဟာတစ်မျိုးပြောင်းကာ ထင်းရှူးမြိုင်ကို ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

လူဆိုးအားလုံး မြင်းများကို အပြင်းစီးကာ ထင်းရှူးမြိုင်ကို စက်ဝိုင်းသဏ္ဍာန်ပတ်စီးရင်းမှ သေနတ်ဖြင့်ပစ်သူကပစ်၊ မီးတုတ်များဖြင့် အတွင်းရောက်အောင် ပစ်ထည့်သူကပစ်ထည့်ကြသည်။

မီးတောက်များကြောင့် အတွင်းမှလူများ ဖရိုဖရဲဖြစ်နေစဉ် သေနတ်များဖြင့် ခေါင်းမဖော်နိုင်အောင်ပစ်ကာ တံခါးပေါက်ကို ဖွင့်နိုင်ရန် ကြိုးစားကြသည်။

အတွင်း၌ရှိသူများမှာ သာမန်အခြေအနေလောက်သာ ကာကွယ်နိုင်ပြီး ယခုကဲ့သို့ အရေးအကြောင်းကြုံလာသောအခါ ပျာယာ





ခတ်ပြီး ထိထိရောက်ရောက် မတုံ့ပြန်နိုင်ဘဲရှိနေကြသည်။

ထိုအခိုက်မှာပင် တံခါးဖွင့်ရန်ကြိုးစားနေသော လူဆိုး နှစ်ယောက် ပစ်ကျသွားလေသည်။

တစ်ပြိုင်နက်တည်းမှာပင် နောက်ဘက်မှ သေနတ်သံများ ပေါ်ထွက်လာပြီး မြင်းပေါ်မှ ရန်သူ အချို့ ကျသွားရာ ကျားကြီးမှာ တအံ့တဩဖြစ်သည်။

သူတို့က ရှေ့ကိုမဲတိုက်နေစဉ် နောက်ဘက်မှ ရန်သူက တစ်ယောက်ချင်း ပစ်ချနေချေပြီ။

အပြင်ဘက်မှ ရန်သူများ တိုက်ခိုက်မှု လျော့သွားသောအခါ အတွင်းမှလူများက တစ်ဖန် ပြန်၍ ပစ်ခွင့်သာလာပြန်သည်။

"ဟော... နောက်မှာ ရန်သူရှိတယ်ကွ၊ ရှာကြစမ်း"

ဟု အော်ဟစ်ကာ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေရာ တောင်ကုန်းဘက်သို့ တက်လာကြရာ လက်မလည်အောင်ပစ်ခတ်ကြရလေသည်။

သို့သော်လည်း လူအနည်းနှင့်အများမို့ အရေးနိမ့်တော့မည် ရှိနေစဉ် တစ်ဖက်တောင်ကုန်းမှ သေနတ်သံများ တစ်ပြိုင်နက်တည်း ပေါ်ထွက်လာပြီး တောင်ကုန်းပေါ်တက်ရန် ကြိုးစားနေသူများ အတုံးအရုံး ကျသွားတော့သည်။

ပန်ဆောက်မှ ကာကွယ်ရေးကပ်ဖွဲ့များ ရောက်လာကြပြီ။ ထိုအခါ ဒေါက်တာမင်းထင်ကျော်တို့လည်း စိတ်အားတက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်မှ စိတ်ကြိုက်ပစ်ခတ်ရာ ရန်သူ တော်တော်များများ အထိနာပြီး လက်ကျန်လူဆိုးအချို့မှာ ဘေးလွတ်ရာသို့ ထွက်ပြေးသွားကြလေသည်။

ကာကွယ်ရေးတပ်များက ရန်သူများနောက်သို့ ဆက်လိုက်သွားကြလေသည်။

အခြေအနေ ငြိမ်သက်သွားတော့မှ နေရာမှထာကာ သေဆုံးနေသောရန်သူများထံမှ သေနတ်များကို လိုက်လံကောက်ယူကြရသည်။

ထိုအချိန်မှာပင် ထင်းရှူးမြိုင်စခန်းအတွင်းမှ ဦးရန်နိုင်တို့လည်း အပြင်ထွက်လာကြသည်။

ဦးရန်နိုင် က သေဆုံးနေသူများ၏အလောင်းများကို မြေကျင်းတူး၍မြှုပ်ရန် အမိန့်ပေးကာ ဒေါက်တာမင်းထင်ကျော်တို့ရှိရာသို့ လာလေသည်။

"ဆရာတို့နောက်က ကူပစ်ပေးတာ ဒီဘာစ်ခါတော့ ရန်သူတွေ အတော့်ကို အထိနာသွားကြပြီ၊ တော်တော်နဲ့ နာလန်ထူနိုင်တော့မယ်မထင်ဘူး၊ အခုလို အကူအညီပေးတာ သိပ်ပြီးကျေးဇူးတင်ပါတယ် ဆရာ"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်ကို လက်ဆွဲနှုတ်ဆက်လေသည်။ ထိုအချိန်တွင် သုနောင်တို့လည်း ပြန်ရောက်လာသဖြင့် စခန်းအတွင်းသို့ ပြန်ဝင်ကြလေသည်။





ထင်းရှူးမြိုင်အတွက် အောင်ပွဲရအောင် စွမ်းအောင်ပေးခဲ့သော ဒေါက်တာမင်းထင်ကျော်တို့အား ဦးရန်နိုင်၏ဇနီး ဒေါ်နန်းမေနှင့် သမီးဖြစ်သူ နန်းမြသီတာ တို့က အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးကြလေသည်။

ဒေါက်တာမင်းထင်ကျော် က ဦးဘကျော်သာ ရေးပေးလိုက်သောစာကို ဦးရန်နိုင်အား ပေးလိုက်ရာ ဖတ်ကြည့်လေသည်။

"ကျုပ်နဲ့ ဆရာကြီးဦးဘကျော်သာ တို့က အရင်က ခရီးသွားဖော်သွားဖက်တွေပါ၊ တခြားလူတွေမရောက်နိုင်တဲ့နေရာတွေကိုတောင် ကျုပ်တို့နှစ်ယောက် ရောက်ခဲ့ကြတယ်၊ ဆရာကြီးက ဘူမိဗေဒအရာရှိဘဝနဲ့ ကျုပ်က ဆရာဝန်ဘဝနဲ့ သွားကြပြီး ရောက်လေရာမှာ နာဂတွေရဲ့အကျိုးကို အကူအညီပေးခဲ့ကြတော့ နာဂတွေကလဲ ကျုပ်တို့ကို လက်ခံခဲ့ကြဟာယ်"

"ဟုတ်ကဲ့"

"နာဂတွေနေတဲ့တောတောင်တွေမှာ လူသူမရောက်နိုင်တော့ ထူးဆန်းတာတွေ အများကြီးတွေ့ခဲ့ရတယ်။

နေရောင်ခြည်အောက်မှာ အရောင်တဖျပ်ဖျပ်လင်းလက်နေတဲ့ စိန်ရိုင်းတုံးဟွေ့ရှိတဲ့ တောင်တစ်လုံးကိုလဲ တွေ့ခဲ့ရတယ်"

"စိတ်ဝင်စားစရာပါပဲ"

"နောက်တော့ နာဂအမျိုးသားကြီးတစ်ယောက်ကို ဆေးကုပေးရာကနေ သူခေါ်သွားလို့ လူမျက်နှာနဲ့တူတဲ့တောင်တစ်လုံးကို

www.burmeseclassic.com



ရောက်သွားခဲ့တယ်”

“ဟုတ်ကဲ့ ပြောပါဦး”

“အဲဒီတောင်မှာ ကမ္ဘာပေါ်မှာ အရှားပါးဆုံးနဲ့ တန်ဖိုးအရှိဆုံး လို့ သတ်မှတ်ကြတဲ့ ရွှေဖြူလို့တင်စားခေါ်ဝေါ်တဲ့ ပလက်တီနမ်သတ္တု တွေရယ်၊ အသက်ရှည်စေနိုင်တဲ့ကျောက်သွေးတွေရယ် ရှေးက နာဂ တွေ လျှို့ဝှက်ရတနာပစ္စည်းတွေရှိတဲ့နေရာကို ကျုပ်နဲ့ဆရာကြီး ရောက်သွားခဲ့ကြတယ်”

“ဟုတ်ကဲ့”

“နာဂအဘိုးကြီးက ကျုပ်တို့နှစ်ယောက်ကို ကျောက်သွေး ရယ်၊ ပလက်တီနမ်သတ္တုခဲရယ်၊ ရွှေခွက်တစ်လုံးစီရယ် ပေးလိုက် တယ်၊ နောက်လာမယ်ဆိုရင်လဲ လာခဲ့ဖို့ မှာလိုက်သေးတယ်၊ ဒါ မယ့် တကယ်လို့လာရင် သူပေးလိုက်တဲ့ ရွှေခွက်ကိုပြမှ အတွင်းဝင် ခွင့်ရမယ်လို့ တစ်ခါတည်း မှာလိုက်ပါတယ်”

ဒေါက်တာမင်းထင်ကျော်မှာ ဦးရန်နိုင်ပြောပြသောအကြောင်း များအား များစွာ စိတ်ဝင်စားလေသည်။

“အဲဒီလိုမပါရင် ဘယ်လိုဖြစ်မလဲ ဆရာကြီး”

“သူ ခွင့်ပြုချက်မပါဘဲ လိုဏ်ဂူထဲဝင်ရင် အန္တရာယ်နဲ့တိုးပြီး အသက်ဆုံးရှုံးမှာပဲ၊ လိုဏ်ခေါင်းထဲမှာ အန္တရာယ်တွေအများကြီးရှိ တယ်လို့ ပြောလိုက်သေးတယ်”

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က များစွာ





စိတ်ဝင်စားသွားသည်။

“ဆရာကြီးဆီမှာလဲ ရွှေခွက်တစ်လုံးရှိတယ်မဟုတ်လား”

“ရှိပါတယ်”

“ကျွန်တော် ခဏလောက်ကြည့်ပါရစေ”

“ကြည့်ရပါတယ်၊ သမီးရေ ဖေဖေ သိမ်းထားတဲ့ပစ္စည်းကို ယူလာခဲ့ပါကွယ်”

ဟု ပြောလိုက်ရာ နန်းမြသီတာ က နေရာမှထသွားလေသည်။ အတန်ကြာတော့ သူမလက်ထဲမှာ အထုပ်ကလေးတစ်ထုပ် ပါလာ ပြီး ဦးရန်နိုင်ကို ပေးသည်။

“ဒီအထုပ်ထဲမှာ ကျုပ်တို့ရလာတဲ့ပစ္စည်းလေးတွေ သိမ်းထား ပါတယ်၊ ကြည့်ပါ”

ဟု ခွင့်ပေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အထုပ်ကို ဖြေ ကြည့်သောအခါ ဦးဘကျော်သာ အိမ်မှာ တွေ့ခဲ့ရသောပစ္စည်းများ အတိုင်း ရွှေခွက်ဟောင်းတစ်လုံး၊ ပလက်တီနမ်သတ္တုခဲတစ်ခဲနှင့် ကျောက်သွေးခြောက်တစ်ခဲတို့ကို တွေ့ရလေသည်။

“နာဂအဘိုးကြီးပြောတဲ့ အထိမ်းအမှတ်ပစ္စည်းဆိုတာ ဘယ် ပစ္စည်းလဲ ဆရာကြီး”

“အဲဒီရွှေခွက်ပါ”

ဒေါက်တာမင်းထင်ကျော်က ရွှေခွက်ဟောင်းကို ယူကြည့်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာကြာနေပြီဖြစ်သဖြင့် ရွှေခွက်မှာ အရောင်အဆင်းပင် မပေါ်တော့ပေ။

သို့ကြောင့် ဇလုံတစ်လုံးထဲမှာ ရေနှင့်ကြေးချွတ်ဆေးများကိုထည့်ပြီး သွားပွတ်တံအကြမ်းဖြင့် ပွတ်တိုက်လိုက်သောအခါမှ ဝင်းဝင်းလက်လက်နှင့် အရောင်များထွက်လာသည်။

အဝတ်စဖြင့်ပွတ်ကြည့်လိုက်သောအခါ ရွှေခွက်အတွင်းဘက်တွင် ရေးခြစ်ထားသော အရေးအကြောင်းများကို တွေ့ရလေသည်။

ထိုအရေးအကြောင်းများတွင် အချို့နေရာများတွင် ကြက်ခြေခတ်သင်္ကေတများခြစ်ထားသည်ကို တွေ့ရသည်။

"တကယ်တော့ ဆရာကြီးတို့နှစ်ယောက်ကို ရွှေခွက်ဟောင်းတစ်လုံးစီပေးလိုက်တာဟာ လက်ဆောင်ပေးလိုက်ရုံသက်သက်မဟုတ်ပါဘူး"

BURMESE CLASSIC .com

"ဟင်... ဒါဖြင့် ဘယ်လိုအဓိပ္ပာယ်လဲ"

"လိုဏ်ဂူထဲကိုဝင်ဖို့ မြေပုံလမ်းညွှန် ပေးလိုက်တာပါ"

"ဟင် ..."

ဒေါက်တာမင်းထင်ကျော်စကားကြောင့် အားလုံး အံ့သြသွားကြလေသည်။

"ဟုတ်ပါတယ်၊ ဒီရွှေခွက်ထဲမှာ ဂူထဲမှာရှိတဲ့ အမှတ်အသားတွေကို ရေးခြစ်ထားသလို ဆရာကြီး ဦးဘကျော်သာရဲ့ ရွှေခွက်မှာ





လဲ ပါမှာသေချာပါတယ်၊ ဒီရွှေခွက်နှစ်လုံးမှာပါတဲ့ အရေးအကြောင်းတွေကိုကြည့်ပြီး အထဲဝင်မှ အန္တရာယ်ကင်းမှာပါ၊ မဟုတ်ဘဲဝင်ရင်တော့ အားလုံး သေမှာပါပဲ"

"တော်သေးတာပေါ့ ဆရာရယ်၊ ဆရာပြောမှပဲ ဒါတွေ သိရတော့တယ်၊ ကျုပ်တို့ကတော့ လက်ဆောင်ပေးလိုက်တယ်လို့ပဲ ထင်နေတာပဲ၊ တော်သေးတာပေါ့၊ ဒီရွှေခွက်ဟောင်းကို မဖျက်ဆီးမိလိုက်လို့သာပေါ့။ ဒါထက် ဆရာကြီးဦးဘကျော်သာရဲ့ ရွှေခွက်လဲ သူ့ဆီမှာ ရှိသေးရဲ့မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်"

သူနောင်က ဝင်ပြောလိုက်သည်။

"ဒီတော့ ကျုပ်တို့ ဘယ်လိုစီစဉ်ကြရင် ကောင်းမလဲ ဆရာ"

"ဆရာကြီးတို့နှစ်ယောက်ရယ်၊ ကျွန်တော်တို့ရယ် အသေးစိတ်တိုင်ပင်ပြီးမှ ခရီးထွက်ကြတာ ပိုကောင်းပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့တိုင်ပင်တာတွေနဲ့ ခရီးထွက်မယ့်အစီအစဉ်တွေကို တခြားလူတွေမသိတာ အကောင်းဆုံးပါပဲ။ အခုတောင်မှ ဆရာကြီးတို့ဆီမှာ မြေပုံရှိတဲ့အကြောင်းကို လူဆိုးဂိုဏ်းက သိနေလို့ ဒီလောက်အန္တရာယ်များနေတာပါ"

ဒေါက်တာမင်းထင်ကျော် ပြောတာကို အားလုံးက လက်ခံကြလေသည်။

"ဒါကလဲ တခြားနည်းနဲ့သိတာမဟုတ်ပါဘူး၊ အရင် ကျုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးနဲ့ ခရီးသွားတုန်းက လမ်းပြခေါ် သွားတဲ့လူတစ်ယောက်
အခု ဒီဂိုဏ်းထဲမှာ ရောက်နေပါတယ်၊ သူ့နာမည်က ဇမုန်းထန် တဲ့
သူက လက်ထောက်ချလို့ ကျုပ်တို့နှစ်ယောက်မှာ အခုလို ဒုက္ခ
ရောက်ကြရတာပါပဲ၊ ရှေ့မှာ ခရီးသွားဖို့ စီစဉ်ကြရင်တော့ လျှို့ဝှက်
နိုင်သမျှ လျှို့ဝှက်ကြမှဖြစ်မယ်”

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

☆★☆★☆





BURMESE CLASSIC .com

အခန်း (၉)

## အံ့ဖွယ်သာခေါင် လူမျက်နှာတောင်

နန်းမြသီတာ မှာ ရှမ်း–မြန်မာ မကလေးဖြစ်ပြီး အသားဖြူဖြူ
နှင့် လှပချောမောသူတစ်ဦးဖြစ်လေသည်။

နက်မှောင်ရှည်လျားသော ဆံပင်များနှင့် ဖြူဝင်းသောမျက်နှာ
လေးမှာ လိုက်ဖက်လှသည်။

အရပ်မြင့်မြင့်နှင့် ကိုယ်ခန္ဓာကျစ်လျစ်တောင့်တင်းသူဖြစ်၏။
ပြုံးလိုက်လျှင် ပါးစပ်တွင်းမှ သွားတက်စွယ်နှစ်ချောင်းက ပေါ်လာ
လေ့ရှိသည်။

နန်းမြသီတာသည် ဒေါက်တာမင်းထင်ကျော်တို့ ထင်းရှူးမြိုင်
စခန်း၌ရှိနေကြစဉ် လိုလေသေးမရှိအောင်ပြုစုပေးလေသည်။ သူမ
၏သဏ္ဌာန်မှာ စကားပြောလျှင် လေသံအနည်းငယ်ဝဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက မြန်မာပြည်မက လာတာနော်"

"ဟုတ်ပါတယ်၊ ရန်ကုန်မြို့က လာကြတာပါ"

"ဆရာတို့ ရောက်လာလို့သာပဲ၊ မဟုတ်ရင်တော့ ကျွန်မတ
မိသားစုတွေ လူဆိုးတွေရန်က လွတ်မယ်မထင်ဘူး"

"ကြုံကြိုက်တုန်းမို့ အကူအညီပေးရတာပါ၊ ကျွန်တော်တို့
အခုလို လက်ခံပေးတာကိုလဲ ကျေးဇူးတင်ပါတယ်"

BURMESE CLASSIC .com

နန်းမြသီတာ က ချစ်စဖွယ်ပြုံးလိုက်လေသည်။

"ဒါထက် ဆရာတို့ ခရီးထွက်ရင် ကျွန်မ လိုက်လို့ရမလားဟ

"ခရီးက ဝေးလဲဝေး၊ အန္တရာယ်ကလဲများတော့ မသင့်ဘ
ထင်တယ်"

"ဒါပေမယ့် ဖေဖေတစ်ယောက်တည်းဆိုတော့လဲ ပြုစုမယ့်သ
မရှိပြန်ဘူး"

"ဒီအတွက် စိတ်မပူပါနဲ့၊ ကျွန်တော်တို့ စောင့်ရှောက်ပေးကြ
မှာပါ"

"ဒါပေမယ့် လိုက်လို့ရရင်တော့ ကျွန်မ လိုက်ခဲ့ချင်တယ်၊ ဖေဖေ
ကို ပြောလို့ရရင် ကျွန်မ လိုက်ခဲ့မယ်နော်"

ထိုသို့ပြောနေကြစဉ်မှာ သုနောင် က အနားရောက်လာလေ
သည်။

"နင် လိုက်တော့ ပိုကောင်းတာပေါ့ သီတာရယ်၊ ငါလဲ ဖေဖေ
လိုက်ဖို့ပြောထားပြီးပြီ"





"နင်ပါရင်တော့ ငါ မလိုက်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ သီတာရဲ့"

"နင် ငါ့ကို တစ်လမ်းလုံး အနှောင့်အယှက်ပေးတော့မှာ မဟုတ်
လား"

ထိုစကားကြောင့် သုနောင် က သဘောကျစွာပြုံးလိုက်လေ
သည်။

"နင့်ကို ငါက တမင်နှောင့်ယှက်တာမဟုတ်ပါဘူး သီတာ ရယ်၊
တကယ်မေတ္တာရှိလို့ ရှိတဲ့အကြောင်းပြောနေတာပါ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် က သဘော
ပေါက်စွာဖြင့် နေရာမှ ထသွားလေသည်။

ထိုကဲ့သို့ ဒေါက်တာမင်းထင်ကျော် ထသွားသည်ကိုမြင်သော
အခါ နန်းမြသီတာ မျက်နှာတစ်ချက်ပျက်သွားတော့သည်။

"သုနောင်... နင် မကောင်းဘူး၊ တခြားလူရှေ့မှာ ဒီစကားမျိုး
ပြောရသလား"

"ဘာဖြစ်သလဲ၊ အခုလိုပြောလိုက်တော့ နင့်ကို ငါ ချစ်နေမှန်း
သိသွားကြတာပေါ့"

"ဒါပေမယ့် နင့်ကို ငါ လုံးဝ စိတ်ကူးထဲမှာ ထည့်မထားသေးဘူး၊
လူကြီးချင်းစေ့စပ်ထားတဲ့ ရည်းစားနဲ့တော့ နင့်မေတ္တာကို လက်ခံမှာမဟုတ်
ဘူး"

"နင် ဘာပဲပြောပြော တစ်နေ့ကျရင်တော့ ပေဖေ့ကို ခွင့်ပန်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နင်နဲ့ငါ လက်ထပ်ဖြစ်အောင် စီစဉ်ရမှာပဲ”

ဟု ပြောကာ သုနောင် က နေရာမှ ထသွားလေသည်။ နောက်ပိုင်းရက်မှာတော့ ဒေါက်တာမင်းထင်ကျော် တစ်ယောက် နန်းမြသီတာနှင့် နှစ်ယောက်ချင်းမတွေ့ရန် သတိထားနေရသည်။

အဘယ်ကြောင့်ဆိုသော် သုနောင် တစ်ယောက် အထင်လွဲသွားမည်ကို စိုးသောကြောင့်ပင်။

နောက်တစ်ပတ်ခန့်စောင့်ကြည့်သော်လည်း ရန်သူများ၏ အခြေအနေကို ထပ်မံမတွေ့ရတော့မှ ဦးဘကျော်သာ ရှိရာသို့ လှျို့ဝှက်စွာသွားကြလေသည်။

ဦးရန်နိုင်နှင့်သမီးဖြစ်သူ နန်းမြသီတာ အပါအဝင် ၎င်း၏ တပည့်ရင်းအချို့လည်း လိုက်လာကြသည်။

ဦးဘကျော်သာက ခရီးထွက်ရန်အတွက် လိုအပ်သောသေနတ်၊ ကျည်ဆန်၊ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို ကြိုတင်စုဆောင်းထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ နန်းမြို့ပြန်ရောက်သောအခါမှ သက်ပြင်းချနိုင်ကြလေသည်။

နန်းမြို့မှ ဦးဘကျော်သာ ထံပြန်ရောက်သောအခါမှ သုံးယောက်သား အခန်းတွင်းဝင်၍ လှျို့ဝှက်စွာတိုင်ပင်ကြလေသည်။

ထိုသို့တိုင်ပင်ရန်ပြင်ဆင်နေကြစဉ်မှာ အခန်းအပြင်ဘက်မှ ဗျာရှည်ညံအသံများ ကြားရသဖြင့် ထွက်ကြည့်သောအခါ မည်း





ညည်းသဏ္ဍာန်တစ်ယောက်က ရှေ့မှ ပြေးသွားပြီး နောက်ဘက်မှ တိုင်းလုံက ပြေးလိုက်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

ထိုမည်းမည်းသဏ္ဍာန်က အမှောင်ရိပ်မှ အကာအကွယ်ယူကာ အောက်သို့ ခုန်ချသွားလေသည်။

ထိုသို့ခုန်ချလိုက်စဉ်မှာ အောက်၌ အဆင်သင့်စောင့်နေကြသည့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်၏ လက်ချက်နှင့်တွေ့ပြီး လဲကျသွားလေတော့သည်။

ထို့နောက် အိမ်အပေါ်သို့ပြန်ခေါ်လာကြသည်။

ထိုသူက မျက်နှာဖုံးစွပ်ကာ တစ်ကိုယ်လုံးအဝတ်မည်း ဝတ်ထားလေသည်။ တိုင်းလုံ က မျက်နှာပေါ်မှ မျက်နှာဖုံးကို ဆွဲဖယ်လိုက်သည်။

“ဟင် ...”

“ကိုင်းလုံ ပါလား”

ကိုင်းလုံ မှာ ဦးရန်နိုင်တို့ ခရီးထွက်စဉ်က ဗမုန်းထန်နှင့်အတူ လမ်းပြအဖြစ် လိုက်ခဲ့ဖူးသူဖြစ်ပြီး ဦးဘကျော်သာ အလုပ်မနားသောအခါ ခြံအလုပ်သမားအဖြစ် လာရောက်လုပ်ကိုင်နေခြင်းဖြစ်သည်။

သူသည် ဦးဘကျော်သာတို့ ရောက်ခဲ့သည့်ရတနာသိုက်အကြောင်းကို တစေ့တစောင်းသိကာ ဗမုန်းထန်နှင့်လည်း အဆက်အသွယ်ရှိသူဖြစ်သည်။

ကိုင်းလုံ က ဦးဘကျော်သာ ထံမှ ရသမျှသတင်းများကို ဗမုန်း



www.burmeseclassic.com

www.burmeseclassic.com



ထန်ရှိရာသို့ ပို့ပေးနေခြင်းဖြစ်သည်။

"လက်စသတ်တော့ ငါ့ဆီကသတင်းတွေကို လူဆိုးတွေဆီ အမြဲရောက်နေတာ ဒင်းလက်ချက်ကြောင့်ကိုး။ ကျေးဇူးသစ္စာကိုမှ မထောက် အသားထဲက လောက်ထွက်ချင်တဲ့ကောင် သေပေရော့ကွာ"

ဟု ပြောကာ သေနတ်ကိုယူ၍ ပစ်မည်လုပ်ရာ ဦးရန်နိုင် က ဆွဲထားသဖြင့် သက်သာခွင့်ရသွားတော့သည်။

"အခုတောင် ဆရာတို့အကြံပိုင်လို့သာ ဒင်းကို ဖမ်းမိတာ၊ သူ့ ကိုဖမ်းဖို့ ဘယ်လိုများ စိတ်ကူးရသလဲ ဆရာ ပြောပါဦး"

ဦးဘကျော်သာ က မေးလိုက်သည်။

"အရင်တစ်ခေါက်က ထင်းရှူးမြိုင်သွားဖို့ တိုင်ပင်နေကြတဲ့ အချိန်မှာ သူက ချောင်းနားထောင်ပြီးတော့ လူဆိုးဂိုဏ်းကိုသွားပြီး သတင်းပို့ခဲ့တယ်၊ ဒါကြောင့် ကျွန်တော်တို့သွားတော့ လမ်းကမှေ ဖြတ်ပြီး အတိုက်ခံကြရတယ်၊ ဒါကြောင့် ဒီအိမ်မှာ အတွင်းသူလျှို တစ်ယောက်ရှိရမယ်လို့ ခန့်မှန်းမိခဲ့ပါတယ်၊ ဒါကြောင့် ဒီတစ်ပတ် ပြန်ရောက်လာတဲ့အချိန်မှာ မသင်္ကာတဲ့လူတွေကို စောင့်ကြည့်ဖို့ ကျွန်တော့်လူတွေကို မှာထားရင်းကနေ အခုလို ဖမ်းမိခဲ့တာပါ"

"တော်သေးတာပေါ့ ဆရာရယ်၊ တကယ်လို့သာ ကျုပ်တို့ တိုင် ပင်နေတာတွေကို သူ ကြားသွားပြီး လူဆိုးတွေဆီ သတင်းပို့လိုက် ရင် ဟိုမရောက်ဘဲ လမ်းမှာတင် ဖြတ်ပြီး အတိုက်ခံရမှာ အသေအချာ ပါပဲ"





ထို့နောက်တွင် ကိုင်းလုံ အား ဖမ်းချုပ်ထားပြီးနောက် အခန်း တံခါးပိတ်ကာ ခရီးစဉ်အတွက် တိုင်ပင်ဆွေးနွေးကြလေသည်။

ဦးဘကျော်သာ ထံမှာရှိသောမြေပုံတစ်ခြမ်းနှင့် ဦးရန်နိုင်ဆီမှာ ရှိသော မြေပုံတစ်ခြမ်းကို ဆက်စပ်လိုက်သောအခါ ရတနာများရှိ သောနယ်မြေပုံ ပေါ်လာလေသည်။

မြေပုံပေါ်တွင် ချင်းတွင်းမြစ်သို့စီးဆင်းလာသော ထရုံခမြစ်ကို အထင်အရှားရေးဆွဲထားသည်။

ထိုနေရာသည် ပတ်ကွိုင်တောင်တန်း၏အနောက်ဘက်၌ ရှိ လေသည်။ အမှတ်အသားပြထားသောနေရာမှာ ထရုံခမြစ်၏ခွဆိုင် နေရာဖြစ်သည်။

မြစ်ခွဆိုင်ဟုဆိုလင့်ကစား ထိုမြစ်မှခွဲထွက်သွားသော မြစ်လက် တက်အချို့မှာ အထက် ဂျလော်ဘုံတောင်တန်းနှင့် နာဂတောင် တန်းကြား၌ ရှိနေခြင်းဖြစ်သည်။

ဦးဘကျော်သာ အမှတ်အသားပြထားသည့်နေရာကို လက် ထောက်ပြသည်။

"ကျုပ်တို့ရောက်ခဲ့တာ အဲဒီနေရာပဲ၊ အိန္ဒိယနဲ့မြန်မာနိုင်ငံနယ် ခြားနယ်စပ်လောက်မှာရှိတယ်၊ လမ်းခရီးမှာ လူသူအရောက်နည်း တဲ့ နာဂရွာတွေကို ဖြတ်သွားရမယ်"

"အဲဒီရွာတွေကိုဖြတ်သွားရင်တော့ သတိထားရမယ်၊ နာဂတွေ က သူတို့နယ်ထဲကို လူစိမ်းဝင်လာတာကို မကြိုက်ကြဘူး၊ သူတို့

www.burmeseclassic.com



ကို အန္တရာယ်ပေးရင် လူတွေကို ခေါင်းဖြတ်ပြီး ယဇ်ပူဇော်လေ့ရှိကြတယ်"

"ဒီလိုပဲ သတိဝီရိယနဲ့သွားကြရမှာပေါ့။ အကောင်းဆုံးကတော့ လက်နက်ရိက္ခာစုံလင်အောင်ပါသွားဖို့ပဲ။ အထူးသတိထားရမှာက ကျွန်တော်တို့ခရီးထွက်မှာကို လူဆိုးဂိုဏ်းက မရိပ်မိဖို့ အရေးကြီးတယ်၊ သူတို့ ရိပ်မိရင်တော့ တစ်လမ်းလုံးလိုက်ပြီး အနှောင့်အယှက်ပေးမှာ သေချာတယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

နောက်တစ်နေ့မှ စ၍ နန်းမြို့သို့ဆင်းကာ လိုအပ်သောပစ္စည်းများ စုဆောင်းကြလေသည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဘကျော်သာ၊ ဦးရန်နိုင် တို့ သုံးယောက်သား ဂျစ်ကားဖြင့် နန်းမြို့မြို့တွင်းသို့ လှည့်လည်ကာ လိုအပ်သောပစ္စည်းများကို လိုက်လံစုဆောင်းဝယ်ယူကြလေသည်။

လက်နက်၊ ကျည်ဆန်ကိစ္စများအတွက်တော့ ပြည်နယ် အုပ်ချုပ်ရေးတာဝန်ခံများထံ အကျိုးအကြောင်းပြောပြ၍ သွားရောက်အကူအညီတောင်းခဲ့ရာ သင့်တော်သလောက်ရခဲ့လေသည်။ ထို့ပြင် တောတောင်များအတွင်း သွားလာရာတွင် အရေးကြီးသည့်ပစ္စည်းဖြစ်သော ငှက်ဖျားကာကွယ်ရေးဆေးများ၊ အားဆေးများ၊ ထိခိုက်ဒဏ်ရာရလျှင် လတ်တလောအရေးပေါ်ကုသနိုင်သော ဆေးဝါးကိရိယာများကို အစုံအလင်ဝယ်ယူစုဆောင်းကြသည်။





ထို့ပြင် ကျေးလက်တောရွာများရောက်လျှင် အသုံးပြုရန်အတွက် မြန်မာတိုင်းရင်းဆေးများဖြစ်သော အခိုးပွင့်ဆေး၊ ငန်းဆေး၊ လျှာပွတ်ဆေး၊ ဝမ်းနုတ်ဆေး၊ ဝမ်းပိတ်ဆေး၊ နှာစေးချောင်းဆိုးပျောက်ဆေးများကိုပါ ရနိုင်သရွေ့ သယ်ယူကြသည်။

အင်္ဂလိပ်ဆေးများအတွက် ဆရာဝန်တစ်ဦးဖြစ်သူ ဦးရန်နိုင်က တာဝန်ယူစုဆောင်းပြီး မြန်မာတိုင်းရင်းဆေးများကိုတော့ ဦးဗန်ကောင်းက တာဝန်ယူစုဆောင်းလေသည်။ ထို့ပြင် တောထဲတောင်ထဲမှာ အကြမ်းခံ၍ အနွေးဓာတ်ရသော သက္ကလပ်အင်္ကျီ၊ ဘောင်းဘီ၊ စောင်၊ လည်ပတ်၊ ခေါင်းစွပ်တို့ကိုသော်လည်းကောင်း။

စောင်၊ ခြင်ထောင်၊ ရွက်ဖျင်တဲ စသည်တို့ကို သော်လည်းကောင်း စုဆောင်းဝယ်ယူကြသည်။

ထို့ပြင် တောထဲ၌ အရံသင့်စားသုံးနိုင်သော နို့ဆီ၊ သကြား၊ လက်ဖ.ᩣ်ခြောက်၊ ကော်ဖီမှုန့်၊ မုန့်ခြောက်၊ ဘီစကစ်၊ ငါးသေတ္တာ၊ အသားဘူးများ။

ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ နနွင်း စသည်တို့ပါမကျန်ရအောင်ဝယ်ယူကြသည်။

ထို့ပြင် တောထဲ၌ မီးရရန် အရေးကြီးသော မီးခြစ်၊ မီးခတ်မီးအိမ်၊ အောက်လင်းဓာတ်မီး၊ လက်နှိပ်ဓာတ်မီးအတိုအရှည်၊ ဓာတ်ခဲ၊ မီးသီးအပိုများပါ ဝယ်ယူကြသည်။

သူတို့အထဲတွင် ဒေါက်တာမင်းထင်ကျော်က ခရီးသွားအတွေ့

www.burmeseclassic.com



အကြံ့များသူမို့ လိုအပ်သောပစ္စည်းများကို ငှင်းကပင် စာရင်း ေယားပြုလုပ်ကာ ဝယ်ယူရလေသည်။

အချို့အလုပ်သမားများမှာတောစီးဖိနပ်များမရှိသဖြင့် အိန္ဒိယမှ မှောင်ခိုဝင်လာသောဖိနပ်နှင့် အဝတ်အထည်များကိုပါ ဈေးပေါပေါ နှင့်ဝယ်ယူလာခဲ့သေးသည်။ မိမိတို့အဖွဲ့သားများအပြင် ဝန်ထင်းသား ဆွဲမည့်အလုပ်သမားများအတွက်ပါ အသုံးအဆောင်ပစ္စည်းများ စုံလင်အောင်ဝယ်ယူပြီးနောက် နေအိမ်သို့ပြန်လာကြသည်။

ဦးဘကျော်သာ နေအိမ်သို့ ပြန်ရောက်ပြီးနောက် ခရီးထွက်ရာ တွင် လိုက်ပါလာမည့်အလုပ်သမားများက ပစ္စည်းများကို သေချာစွာ ထုပ်ပိုးပြင်ဆင်နေကြစဉ် ဒေါက်တာမင်းထင်ကျော်က မြောက်ပိုင်းနယ် နှင့်ပတ်သက်၍ ရေးဆွဲထားသောမြေပုံကို လေ့လာကြည့်ရှုနေသည်။

မြေပုံမှာ ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးရောက်စဉ်က ကူးယူလာ သောမြေပုံဖြစ်ပြီး နယ်မြေကြီးလေးနေရာကို အမိကထား၍ ရေးဆွဲထားသောမြေပုံ ဖြစ်လေသည်။ ကိုအခိုက်မှာပင် သူတို့ အနီးသို့ ဦးခမ်းလုံ ရောက်လာသည်။

"လာထိုင်ဗျာ ဦးခမ်းလုံ"

"မြေပုံကြည့်နေတာလား ဆရာ"

"ဟုတ်တယ်ဗျ၊ ဘယ်လမ်းကသွားရင် နီးမလဲလို့ ကြည့်နေ တာ"

"အဲဒီဘက်တွေသွားရင် ရွှေးစရာလမ်းက သိပ်များများမရှိပါ ဘူး။ သွားလို့အဆင်ပြေတဲ့လမ်းက နည်းနည်းပဲရှိပါတယ်၊ တခြား လမ်းတွေကသွားရင် တောင်မြင့်ကြီးတွေ၊ ချောက်ကမ်းပါးယံတွေ ခံနေလို့ သွားမရနိုင်ပါဘူး"





ဦးခမ်းလုံ က နံဘေးနားမှာဝင်ထိုင်ရင်း ပြောပြသည်။

"ဦးခမ်းလုံ က အဲဒီနယ်ဘက်တွေကို အတော်ကလေး နှံ့နှံ့စပ်စပ် သွားလာဖူးတယ်ထင်ပါရဲ့"

"မကြာခဏရောက်ဖူးပါတယ်"

"ဘယ်လိုရောက်တာလဲ ပြောပြပါဦး"

"အင်္ဂလိပ်ခေတ်တုန်းက ကျုပ်က သစ်ဘောဌာနတစ်ခုမှာ လုပ်ခဲ့ဖူးတယ်၊ နောက်ပိုင်းတော့ မှောင်ခိုသွားတဲ့အဖွဲ့တွေကို လမ်းပြ လုပ်ပေးရင်းနဲ့ အဲဒီနယ်ဘက်တွေကို မကြာခဏ ရောက်ပါတယ်"

"ဒါဖြင့် အခုသွားမယ့် ငှက်မျက်နှာတောင်ကိုလဲ ရောက်ခဲ့ဖူးမှာ ပေါ့"

ဒေါက်တာမင်းထင်ကျော် က စိတ်ဝင်စားစွာ မေးလိုက်လေ သည်။

"ရောက်ခဲ့ဖူးပါတယ်၊ အဲဒီအကြောင်းကို ပြောချင်လို့ အခု လာခဲ့တာပါ"

"ကဲ ပြောပါဦး ဦးခမ်းလုံရဲ့"

ထိုအခါ ဦးခမ်းလုံ က တစ်ချိန်က ငှင်း ကြုံတွေ့ခဲ့ရသောအဖြစ် အပျက်တစ်ခုကို ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့ အုပ်စိုးနေစဉ်က ဦးခမ်းလုံမှာ သစ်တောဌာနတ
တွင် ဝင်ရောက်လုပ်ကိုင်နေလေသည်။ ၎င်း တာဝန်ကျသောစ
မှာ 'ထရုံခမြစ်ညာ' တစ်ဝိုက်တွင် ဖြစ်ပေသည်။

ထရုံခမြစ်ကမ်းဘေးတစ်ကြောမှသင်းများကို ထုတ်ယူ
ထရုံခမြစ်မှတစ်ဆင့် ချင်းတွင်းမြစ်ရောက်အောင် မောင်ဖွဲ့ယူ
ချင်းတွင်းမြစ်ရောက်သောအခါ လိုရာသို့ သယ်ဆောင်ကြလေသ

ထိုအချိန်က ထရုံခသစ်တောများမှာ တောထူထပ်ပြီး ရ
ဥတုက ဆိုးရွားသည့်အပြင် ငှက်ဖျားရောဂါကလည်း ပေါလှသ
ထို့အပြင် တောဆင်ရိုင်းအုပ်များနှင့် တောကောင်ကြီးများ ပေ
သဖြင့် လူနည်းလျှင် တောမတက်ဝံ့ကြပေ။

တစ်နေ့သ၌ သစ်တောစခန်း၌ အလုပ်လုပ်နေစဉ် ငှက်ဖ
ရောဂါ ဝင်လာပြီး သေလုမတတ်ခံစားရလေသည်။ ထိုအချိန်
တောထဲမှာ ဆေးဝါးမပြည့်စုံသောကြောင့် ငှက်ဖျားရောဂါဝင်သ
နှင့် သေလုအဖြစ်သာ သတ်မှတ်ကြရလေသည်။

ရိုးမငှက်ဖျားတစ်မျိုးမှာ ကြောက်စရာကောင်းလှသ
ရောဂါ ဝင်သည်နှင့် နှစ်ရက်သုံးရက်ထက် ပိုမခံဘဲ သေသည်
များလေ သည်။

သစ်တောစခန်းများ၌ အလုပ်လုပ်နေကြသည့် အလုပ်သမ
များအတွက်ငှက်ဖျားဆေးများပို့ပေးသော်လည်း ထိုဆေးမျာ
အရာရှိများက လျှို့ဝှက်စွာသိမ်းထားကြသဖြင့် အလုပ်သမားမျာ





ရောဂါဖြစ်သော်လည်း ဆေးမရကြပေ။ သို့ကြောင့် အသေအပျောက်
များခြင်းဖြစ်သည်။

ယခု ဦးခမ်းလုံလည်း ရောဂါသည်းနေသော်လည်း ကုသရန်
ဆေးမရသဖြင့် သေလုအဖြစ်သာ ထားကြလေသည်။ ဦးခမ်းလုံ
ကလည်း သူ့ကိုယ်သူ ဒီတစ်ကြိမ်တော့ သေပြီဟုသာ စိတ်လျှော့
ထားသည်။

ထိုသို့ရှိနေစဉ် တစ်ညသ၌ ၎င်းရှိရာသို့ လူမည်းကြီးသုံး
ယောက် ရောက်လာကြသည်။ သူ့မျက်စိထဲမှာတော့ အိပ်မက်လိုလို
အယောင်ကတမ်း မြင်နေရသလိုလို ဝိုးတဝါးကျွေ့နေရသည်။

"မင်း သေနေ့မစေ့သေးဘူး၊ ရော့ ဒီဆေးကိုသောက်လိုက်"

ဟု ပြောကာ အညိုရောင်ဆေးရည်တစ်မျိုးကို တိုက်သဖြင့်
တွေတွေထူးထူးစဉ်းစားမနေတော့ဘဲ မော့သောက်လိုက်သည်။
ပထမတော့ ပါးစပ်တစ်ခုလုံး ခါးသွားသည်၊ နောက်တော့ တဖြည်း
ဖြည်း ချိုလာသည်။

ကြာလာသည်နှင့်အမျှ ရင်ထဲမှာပူလာပြီး တဖြည်းဖြည်းနှင့်
တစ်ကိုယ်လုံး ပူတက်လာပြီး ငှက်ဖျားရောဂါလည်း ကျသွားတော့
သည်၊ သူ့တစ်ကိုယ်လုံး ချွေးများထွက်လာသည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ဒါထက် ခင်ဗျားတို့က ဘယ်သူ
တွေလဲ၊ ဘယ်မှာနေတာလဲ"

"ငါတို့က လူမျက်နှာတောင်မှာနေတယ်၊ မင်း လာခဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကာ အမှောင်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

နောက်တစ်နေ့မနက်လင်း၍ ဦးခမ်းလုံတစ်ယောက် ပြန်လည်နေကောင်းလာသည်ကိုမြင်သောအခါ အလုပ်သမားအားလုံးက တအံ့တသြဖြစ်နေကြလေတော့သည်။

"ငါတို့က မင်းတော့သေပြီမှတ်နေတာ"

ဦးခမ်းလုံကတော့ ထွေထွေထူးထူး ရှင်းပြမနေတော့ပေ။ နောက်ရက်များတွင် လူမျက်နှာတောင် ဘယ်နေရာမှာရှိသည်ကို စုံစမ်းကြည့်သောအခါ အလုပ်သမားတစ်ယောက်က ပြောပြသည်။

"လူမျက်နှာတောင်ဆိုတာ ငါတို့စခန်းချနေတဲ့နေရာနဲ့ သိပ်မဝေးလှဘူး။ ဂူခေါင်းတောင်လို့လဲ ခေါ်တယ်၊ ဘာလုပ်မလို့လဲ"

"ငါ သွားချင်လို့မေးတာ"

"မသွားနဲ့၊ သွားရင် မင်း သေလိမ့်မယ်"

"ဘာကြောင့်လဲ"

"ကောဂေါင်တွေလဲပေါတယ်၊ နောက်ပြီး အဲဒီတောင်က နတ်ကြီးတယ်၊ လူမည်းကြီးတွေရှိတယ်"

"ငါတော့သွားမှာပဲ၊ မင်း လိုက်ခဲ့မလား"

"မလိုက်ဝံ့ဘူး"

"ငါပါသွားပဲ၊ ဘာကြောက်စရာရှိသလဲ၊ အဲဒီတောင်မှာ ငါ့မိတ်ဆွေတွေရှိတယ်၊ ဘာမှမဖြစ်စေရပါဘူး"





ဟု ချော့မော့ခေါ်သဖြင့် ထိုနာဂက လမ်းပြပေးသဖြင့် သွားကြရာ လမ်း၌တစ်ညအိပ်ပြီးနောက် လူမျက်နှာတောင်သို့ ရောက်သွားကြလေတော့သည်။

နာဂအလုပ်သမားပြောသည့်အတိုင်းပင် ထိုတောင်ခြေ တစ်ဝိုက်မှာ လူသူ အရောက်အပေါက်နည်းသည်က တစ်ကြောင်း၊ တောတောင်ထူထပ်သည်က တစ်ကြောင်းကြောင့် တောဆင်ရိုင်းနှင့် တောကောင်ကြီးများပေါလှပေသည်။

ဦးခမ်းလုံနှင့် နာဂအဖော်တို့မှာ လက်နက်ဆိုလို့ လေးနှင့်မြားခေါ်တစ်လက်စီသာပါသော်လည်း ကံကောင်းထောက်မသောကြောင့် တောကောင်များ၏ ရင်ဆိုင်တိုက်ခိုက်ခြင်းတော့ မခံရပေ။

လူမျက်နှာတောင်ခြေကို ပတ်စီးနေသောချောင်းတစ်ချောင်းရှိပြီး ထိုချောင်းထဲ၌ ပြောင်လက်နေသောပလက်တီနမ်သတ္တုခဲအချို့ ရှိနေသည်။

သို့သော် ဦးခမ်းလုံတို့ကတော့ ထိုအခဲများကို သာမန်သတ္တုခဲများထင်သဖြင့် ကောက်ယူခြင်းမပြုကြပေ။

နှစ်ယောက်သား တောင်ခြေတစ်ဝိုက်လိုက်လံကြည့်ရှုသောအခါ လူမျက်နှာနှင့် သဏ္ဌာန်တူသော အရှေ့ဘက်မျက်နှာသို့ရောက်သောအခါ ပါးစပ်ပေါက်နေရာဘက်မှ သွေးရောင်ကဲ့သို့ နီညိုရောင်အရည်များ စီးကျနေသည်ကို တွေ့ကြရသည်။ ဦးခမ်းလုံ စိတ်ထဲမှာ ထိုအရည်များမှာ ၎င်းသောက်ခဲ့ဖူးသောအရည်များနှင့် တူ


www.burmeseclassic.com

www.burmeseclassic.com



သည်ဟုထင်မှတ်ကာ အနည်းငယ်မြည်းကြည့်သောအခါ အမှန်ပ
ငင်း သောက်ခဲ့ရသော ကျောက်သွေးရည်များဖြစ်နေသည်ကို တွေ
ရလေသည်။

"ဒီအရည်တွေဟာ ဘာအရည်တွေလဲတော့မသိဘူး ဒါပေမယ့်
ငါ ငှက်ဖျားရောဂါဖြစ်နေတုန်းက လူမည်းကြီးတွေ လာတိုက်သွား
တာ ဒီအရေမျိုးပဲ"

"ဘယ်က လူမည်းကြီးတွေလဲ"

"ငါလဲမသိဘူး ဒီတောင်ကလာကြတယ်လို့တော့ ပြောသွား
ကြတာပဲ"

"ဒီတောင်မှာ ဘယ်သူမှမနေဝံ့တာ၊ အခု မင်းမြင်တဲ့အတိုင်း
ပဲ၊ ဘယ်မှာ လူရှိလို့လဲ"

"ဒါပေမယ့် သူတို့တိုက်သွားတာကတော့ ဒီအရည်တွေပဲ၊ ဒ
အရည်တွေသောက်ရလို့ ငါရဲ့ငှက်ဖျားရောဂါပျောက်သွားခဲ့တာကွ
ဒီ နီညိုရောင်အရည်တွေက ငှက်ဖျားရောဂါပျောက်ပုံရတယ်၊ ငါတို့
နှစ်ယောက် သောက်လဲသောက်၊ စခန်းကိုလဲ ယူသွားကြမယ်
နောက်တစ်ကြိမ် ငှက်ဖျားရောဂါရရင် သောက်ရတာပေါ့"

ဟု ပြောဆိုကာ ပါးစပ်ဝပါက်သဏ္ဌာန်ကျောက်ခေါင်းပေါက်ဟု
အတွင်းမှ တစိမ့်စိမ့်ကျနေသော ကျောက်သွေးရည်အချို့ကို သောက်
လည်းသောက်၊ ဝါးကျည်တောက်များဖြင့်လည်း ထည့်ယူကြသည်

ထို့နောက် တောင်ခြေတစ်ဝိုက် လိုက်လံကြည့်ရှုသော်လည်





တောင်ခေါင်းအပေါက်တွင်းသို့ စီးဝင်သွားသော ချောင်းတစ်ချောင်း
မှလွဲ၍ အခြားလူသူလေးပါးတော့ မတွေ့ကြရပေ။ အချိန်ကလည်း
မှောင်ရီသမ်းလာပြီဖြစ်သောကြောင့် နှစ်ယောက်သား သင့်တော်
သောဂူပေါက်တစ်ခုအတွင်းသို့ဝင်ရောက်ကာအိပ်စက်ကြလေသည်။
ထိုသို့အိပ်ပျော်သွားစဉ် အိပ်မက်ထဲ၌ လူမည်းကြီးသုံးယောက်
ရောက်လာပြန်သည်။

"မင်းက ငါတို့ကိုလိုက်ရှာနေတယ်၊ ငါတို့က မင်းကိုမြင်နေရ
တယ်၊ မင်းက မမြင်နိုင်ဘူး။ မင်း ပြန်ရင် ချောင်းထဲကသတ္တုတုံး
လေးတွေကို ယူသွားပေတော့။ အဲဒီအတုံးကလေးတွေကိုရောင်း
လိုက်ရင် မင်း ဆင်းရဲတဲ့ဘဝက လွတ်လိမ့်မယ်"

"ကျုပ်ကို ဘာကြောင့် ဒီနေရာကိုခေါ်တာလဲ"

"မင်းကို ရွှေငွေရတနာတွေပေးချင်လို့ပဲ၊ ဒါပေမယ့် မင်းက တစ်
ယောက်တည်းမလာဘဲ အဖော်ခေါ်လာတော့ ပေးလို့မရတော့ဘူး။
ဒါကြောင့် ချောင်းထဲကသတ္တုတုံးပဲ ယူသွားတော့။ ဒါပေမယ့် တစ်ခု
တော့မှာလိုက်မယ်၊ ဒီနေရာကအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြန်
မပြောလေနဲ့၊ ငါတို့ သဘောမတူဘဲလာရင် ပြန်လမ်းမရှိဘူး"

ဟု ပြောကာ ပြန်ပျောက်သွားလေသည်။

နောက်တစ်နေ့တွင် ချောင်းထဲမှ သတ္တုခဲ နှစ်ခဲ၊ သုံးခဲ ကောက်
ယူကာ စခန်းသို့ ပြန်ကြရာ ချောမောစွာ ပြန်ရောက်ကြလေသည်။

"ဒါဖြင့် ဦးခမ်းလုံ က လူမျက်နှာတောင်ကို အရင်တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ဖူးပြီးသားပေါ့"

ဟု ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဟုတ်တယ် ရောက်ခဲ့ပြီးသားပါ။ ဒါကြောင့် ကျုပ်က အ
တစ်ခေါက်သွားရမယ်ဆိုကတည်းက ဝမ်းသာနေတာပါ"

"ဘာကြောင့်ဝမ်းသာနေရတာလဲ ဦးခမ်းလုံရဲ့"

"အရင်တစ်ကြိမ်က ကျုပ်ဘက်က ကတိပျက်ခဲ့တာတွေ ရှိ
တယ်၊ ဒါကြောင့် သူတို့ကို တောင်းပန်ချင်လို့ပါ"

"ဘယ်လိုကတိပျက်ပြီး ဘာတွေများကြုံခဲ့ရလို့လဲဗျ၊ ပြော
ပါဦး"

ဒေါက်တာမင်းထင်ကျော်က တိုက်တွန်းသဖြင့် ဦးခမ်းလုံက
ဆက်ပြောပြလေသည်။

ဦးခမ်းလုံတို့နှစ်ယောက် လူမျက်နှာတောင်သို့ သွားကြသည်
မှာ အသွားအပြန် (၃)ညအိပ်ကြာမှ စခန်းသို့ပြန်ရောက်လာ
မျက်နှာဖြူအရာရှိက အကြောင်းမကြားဘဲ ပျက်ကွက်ခဲ့သော
ကြောင့် ၎င်းတို့နှစ်ယောက်အား ဆုပူကြိမ်းမောင်းကာ အပြစ်ပေးရ
စီစဉ်တော့သည်။

ထိုအခါ နာဂအလုပ်သမားက ကြောက်သဖြင့် အကြောင်း
ဖွင့်ပြောလိုက်လေတော့သည်။

ထိုအခါ မျက်နှာဖြူအရာရှိက ဦးခမ်းလုံ ထံမှ သတ္တုခဲများကို
တောင်းသဖြင့် ပေးလိုက်ရလေသည်။





မျက်နှာဖြူအရာရှိက ဦးခမ်းလုံ ထံမှရသော သတ္တုခဲနှစ်ခဲကို
နည်းအမျိုးမျိုးဖြင့်စမ်းသပ်ကြည့်ပြီးသောအခါ မျက်နှာမှာ ဝင်းလက်
နေတော့သည်။

"မင်း ...မင်းတို့ ဒီသတ္တုခဲတွေရှိတဲ့နေရာကို သိတယ်မဟုတ်
လား"

ဦးခမ်းလုံက ဘာမှမပြောသော်လည်း နာဂအလုပ်သမားက
သူ လမ်းသိကြောင်းပြောပြလေရာ မျက်နှာဖြူအရာရှိက ထိုနေရာ
သို့သွားရန် စီမံလေတော့သည်။

ဦးခမ်းလုံကတော့ ထိုနေရာသို့ နောက်တစ်ကြိမ် မလိုက်လို
သော်လည်း မျက်နှာဖြူအရာရှိက ဖွတ်ခေါ်နေသောကြောင့် ငြင်းရ
ခက်နေတော့သည်။

ထိုညမှာပင် အိပ်မက်ထဲ၌ လူမည်းကြီးသုံးယောက်ကို ပြန်
တွေ့ရပြန်သည်။

"မင်းက သစ္စာဖောက်တယ်၊ ငါတို့ပြောတဲ့အတိုင်းမလုပ်ဘဲ
ဒီနေရာအကြောင်းကို ပြန်ပြောတယ်၊ ငါတို့ သဘောမတူဘဲ ပစ္စည်း
တွေယူရင် အသက်သေမှာပဲ၊ ငါတို့နေရာလာရင်လဲ ပြန်လမ်းမရှိဘူး"

ဟု လာပြောသွားလေသည်။

နောက်ပိုင်းရက်မှာတော့ ခရီးထွက်ရန်ပြင်ဆင်လေတော့
သည်။ ထိုနေရာဘက်သို့သွားမည်ဆိုသောအခါ ဘယ်သူမှမလိုက်လို
ကြပေ၊ သို့သော်လည်း သစ်တောစခန်းတာဝန်ခံက ဖွတ်ခေါ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရလေသည်။

ထိုသို့စီစဉ်နေဆဲပင် နာဂအလုပ်သမားမှာ တောတက်ရင်း

တောကောင်ဆွဲသဖြင့် သေဆုံးသွားလေသည်။

မျက်နှာဖြူအရာရှိမှာလည်း ထိုရက်ပိုင်းမှာပင် ကောက်က

ငင်ကာနှင့် အဖျားရောဂါဝင်လာတော့သည်။

စခန်းမှာပင် ကုစ၍မရသဖြင့် နောက်ကြောင်းစခန်းများ ရော

အောင် ပြန်ပို့ပေးရတော့သည်။

လမ်းမှာပင် အဖျားကကြီးသထက်ကြီးလာပြီး ကယော

ကတမ်းနှင့် အော်ဟစ်ပြောဆိုနေတော့သည်။

"လူမည်းကြီးတွေ လာခေါ်နေတယ်၊ လူမည်းကြီးတွေ လ

ခေါ်နေပြီ"

ဟု အော်ဟစ်ရင်းမှာပင် မြို့ပြန်မရောက်ဘဲ သေဆုံးသွားလေ

တော့သည်။

၎င်း သေဆုံးသွားသောအခါ ဦးခမ်းလုံ ထံမှယူထားသေ

သတ္တုတုံးနှစ်တုံးမှာလည်း ပျောက်ဆုံးသွားလေတော့သည်။

အထက်ပါအကြောင်းများကား ...၊

ဦးခမ်းလုံ ပြောပြသည့် လူ့မျက်နှာတောင်နှင့် ပတ်သက်သေ

ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များပင်ဖြစ်ပေတော့သည်။

☆★☆★☆





အခန်း (၁၀)

## တောနက်အတွင်းမှ တိုက်ပွဲ

ဒေါက်တာမင်းထင်ကျော်တို့ ခေါင်းဆောင်သော ခရီးသွားအဖွဲ့မှာ နန်းမြို့မှတစ်ဆင့် နာဂတောင်တန်းများရှိရာသို့ စတင် ခရီးထွက်ခဲ့ကြလေသည်။

ခရီးသွားအဖွဲ့တွင် တိုက်ရည်ခိုက်ရည်ကောင်းသောယောကျ်ားသားများထဲမှာ အမျိုးသမီးဆို၍ နန်းမြသီတာတစ်ယောက်သာ ပါလေသည်။

တကယ်ဆိုမူ နန်းမြသီတာသည် ယောကျ်ားများနှင့် ရင်ပေါင်တန်း၍ လိုက်နိုင်သောစိတ်ဓာတ်ကြံ့ခိုင်သည့် မိန်းကလေးတစ်ဦးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တွင် နန်းမြသီတာပါလာသဖြင့် အကျေနပ်ကြီးကျေနပ်သူကတော့ သုနောင် ပင်ဖြစ်သည်။

သုနောင် သည် နန်းမြသီတာကို တစ်ဖက်သတ်မေတ္တာရှိနေသူဖြစ်၏။ နန်းမြသီတာ ကတော့ သုနောင် အပေါ် သာမန်မိတ်ဆွေတစ်ယောက်ကဲ့သို့သာ ပုံမှန်ဆက်ဆံလေသည်။

သုနောင်ကတော့ နန်းမြသီတာ အနီးမှာ တရစ်ဝဲဝဲဖြင့်နေလေသည်။ ဦးဘကျော်သာနှင့်ဦးရန်နိုင်တို့မှာ ခရီးသွားဖော် လုပ်ဖော်ကိုင်ဖက် ရင်းနှီးသောမိတ်ဆွေများဖြစ်ကြရာ အကယ်၍သာ နန်းမြသီတာက လက်ခံမည်ဆိုပါက ၎င်းတို့နှစ်ယောက်၏မေတ္တာရေးမှာ ဖြောင့်ဖြူးသာယာဖွယ်ရာရှိသော်လည်း နန်းမြသီတာကတော့ သုနောင် အပေါ်မှာ သာမန်မျှသာရှိလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့၊ ဦးဘကျော်သာတို့အဖွဲ့၊ ဦးရန်နိုင်တို့ပါ ပေါင်းလိုက်သောအခါ ခရီးသွားမည့်အဖွဲ့မှာ မနည်းလှပေ။

ထို့ပြင် ပြည်နယ်အုပ်ချုပ်ရေးမှူးမှ အကူအညီပေးလိုက်သည့် သေနတ်မျိုးစုံနှင့် ကျည်ဆန်များကလည်း မနည်းလှပေ။ စားနပ်ရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်းများကိုတော့ လားများပေါ်တင်၍ ဆွဲသွားကြသည်။

လူများပြီး တောင်တက်တောင်ဆင်းလမ်းများသဖြင့် မြင်းများကို မယူတော့ဘဲ ခြေကျင်သွားကြသည်။





အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် မြင်းအချို့ကိုတော့ ဆွဲယူလာကြသေးသည်။ နန်းမြသီတာကို မြင်းပေါ်မှလိုက်ရန်ပြောသော်လည်း လက်မခံဘဲ အများနှင့်အတူ ခြေကျင်လိုက်လာလေသည်။

ဒေါက်တာမင်းထင်ကျော်၏စိတ်ထဲမှာတော့ နန်းမြသီတာ၏ ရဲရင့်သတ္တိကို ချီးကျူးနေမိသည်။

နန်းမြို့မှ တစ်ညအိပ်၊ နှစ်ညအိပ်ကြာအောင် ခရီးဆက်ကြသောအခါ ပေပေါင်း(၆၀၀၀)ကျော်မြင့်သော ဘွန်ရာဇီတောင်ကြောပေါ်သို့ ရောက်သွားကြသည်။

သူတို့သွားကြမည့် ထရုံခမြစ်မှာ မြွေတစ်ကောင်ပမာ ဘွန်ရာဇီတောင်၏ညာဘက်မှ ခွေပတ်ကာ စီးဆင်းနေလေသည်။

"ဒီတောင်ကြောပေါ်မှာ နာဂရွာတစ်ရွာရှိတယ်၊ နာဂတွေက သူတို့နယ်ထဲကို လူစိမ်းတွေလာတာကို မကြိုက်ကြဘူး။ ရှေ့မှာတော့ သတိနဲ့သွားကြရမယ်"

ဟု ဦးခမ်းလုံ က ပြောပြသည်။

ထိုတောင်ကြောပေါ်မှာလည်း သစ်တောကြီးများက နေပြောက်မထိုးအောင် ညို့မှိုင်းလျက်ရှိနေကြသည်။

နာဂတောင်ကြောတစ်နေရာ၌ စခန်းချနေကြစဉ် ဦးဘကျော်သာ က ပြောပြသည်။

"အဲဒီတောင်ပေါ် နာဂရွာကို ကျုပ် ဖြတ်သွားဖူးတယ်၊ အဲဒီရွာ



www.burmeseclassic.com

www.burmeseclassic.com



နာမည်က လောင်ဆောက်ရွာလို့ ခေါ်တယ်၊ အဲဒီရွာမှာနေတဲ့ လောင်ဆောက်လူမျိုးတွေက အခြားနာဂတွေနဲ့မတူလှဘူး”

“ဘယ်လိုမတူတာလဲ ဆရာကြီး”

“သူတို့စာစ်တွေက တိုက်ခိုက်ရေးကို ဝါသနာပါပြီး အမြဲတမ်း တိုက်ခိုက်နေလေ့ရှိတယ်၊ သူတို့ကို ကျူးကျော်ရန်စရင် ခေါင်းဖြတ် သတ်ပြီး ယစ်ပူဇော်လေ့ရှိကြတယ်”

ထိုစကားကြောင့် အားလုံးမှာ အနည်းနှင့်အများတော့ ထိတ် လန့်တုန်လှုပ်သွားကြလေသည်။

နာဂတောင်တန်းများပေါ်တွင် နာဂအမျိုးအနွယ်များစွာ မေ ထိုင်ကြပြီး တစ်နေရာနှင့်တစ်နေရာ ခလေ့စရိုက်ချင်း မတူကြပေ

သူတို့အဖွဲ့ထဲတွင် နာဂဘာသာစကားနားလည်သော တိုင်းလ တို့ပါလာသည်ဆိုသော်လည်း ၎င်းကိုယ်တိုင်ပင် အချို့ နာဂဘာသာ စကားများကို နားမလည်ပေ။

၎င်းတို့အနေဖြင့် စိုးရိမ်မည်ဆိုက စိုးရိမ်လောက်သော အခြေ အနေမျိုးဖြစ်သည်။ ပတ်ဝန်းကျင်တစ်ဝိုက်တွင် မြင့်မားသောတော တန်းကြီးများက ပတ်လည်ဝန်းရံထားလေသည်။

နေရောင်ခြည်ရှိသည်ဆိုသော်လည်း မှုန်ပျပျကလေးမျှသာ ရှိပြီး မိုးတိမ်များ မြူနှိုးများ၊ တောင်ခိုးများကြားမှ ခက်ခက်ခဲခဲ ထွန်း လင်းနေရပေသည်။

၎င်းတို့သည် နံနက်စာများကို သင့်သလိုစားသောက်က





ခေတ္တနားကြပြီးနောက် ခရီးဆက်ကြပြန်သည်။

တောင်ကြောပေါ်တွင် လမ်းဟူ၍ သတ်သတ်မှတ်မှတ်မရှိလှ ဘဲ မြင့်မားလှသည့် သစ်ပင်ကြီးများအောက်မှ သင့်သလို သွားကြရ လေသည်။

တောင်နှာမောင်းတစ်ခုမှ အောက်ဘက်သို့ဆင်းလာသော အခါ မြင့်မားလှသည့် သစ်ပင်ကြီးများဝန်းရံထားသောတောင်ကြား တစ်ခုအတွင်းသို့ ရောက်သွားကြသည်။

ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်နံရံကြီးနှစ်ဖက်က မြင့် မားစွာ ကာရံထားလေသည်။ ထိုတောင်ကြားအတွင်း၌ တသွင်သွင် စီးဆင်းနေသော စမ်းချောင်းတစ်ခုရှိလေသည်။ ထိုစမ်းချောင်း တစ် လျှောက်မှာတော့ ကြီးမားသောကျောက်တုံးကျောက်ဆောင်ကြီး များရှိနေကြသည်။

ထိုနေရာ၌ ခေတ္တစခန်းချရန်ပြင်ဆင်နေကြစဉ် တောတွင်းမှ ဆူဆူညံညံအသံများကို စတင် ကြားလာရသည်။

နာဂတိုင်းရင်းသားတို့၏အော်သံများပင်ဖြစ်သည်။ အော်သံ များက သူတို့ရှိရာဘက်သို့ တဖြည်းဖြည်းနီးလာလေသည်။ ဒေါက် တာမင်းထင်ကျော်တို့သည် သင့်တော်သောနေရာ၌ နေရာယူကြပြီး နောက် လက်နက်များကို အဆင်သင့်ပြင်ဆင်ထားလိုက်ကြသည်။

အတန်ကြာသောအခါ ချောင်းဘက်သို့ပြေးဆင်းလာသော ဆတ်ဖားကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်မှ နာဂများအော်သံက အဆက်မပြတ် ကြားနေရသည်။ နာဂများအော်သံမှာ အမဲလိုက်ရာမှ ညာသံပေးခြောက်လှန့်နေသည့်အသံများသာဖြစ်သည်။

ဆတ်ဖားကြီးမှာ ဒဏ်ရာရလာဟန်ဖြင့် ဒယိမ်းဒယိုင်နှင့် ပြေးဆင်းလာခြင်းဖြစ်လေသည်။ သူတို့အဖွဲ့ ရောက်နေသောနေရာနှင့် မဝေးလှပေ။

ဦးမွန်ထော်က သေနတ်ကို ခြောက်ချိန်လိုက်သောအခါ ဦးခမ်းလုံ က ဝင်တားလိုက်သည်။

"မလုပ်နဲ့၊ ဒီနေရာတွေမှာရှိတဲ့ နာဂတွေက သူတို့ အမဲလိုက်နေတုန်း ဝင်ပြီးနှောင့်ယှက်ရင် သူတို့ကို ရန်စတယ်၊ တစ်နည်းပြောရရင် စစ်ကြေညာတယ်လို့ သဘောထားတတ်ကြတယ်၊ မပစ်နဲ့"

ဟု တားသဖြင့် ဦးမွန်ထော် က သေနတ်ကို ပြန်ချထားလိုက်သည်။ ဒဏ်ရာရနေသော ဆတ်ဖားကြီးမှာ ဒေါက်တာမင်းထင်ကျော်တို့ရှိရာဘက်သို့ တန်းတန်းမတ်မတ်ကြီး ပြေးချလာသဖြင့် သေနတ်တပြင်ပြင် လက်တယားယားဖြစ်နေကြတော့သည်။

ထိုအခိုက်မှာပင် စမ်းချောင်းအစပ် ဝါးရုံတောတွင်းမှ ဝေါခနဲခုန်ထွက်လာသော တောကောင်ကြီးက ဒဏ်ရာရနေသော ဆတ်ဖားကြီးကို ခုန်အုပ်လိုက်လေတော့သည်။

"ဟာ ..."

အားလုံး တအံ့တသြဖြစ်သွားကြသည်။





ခါတိုင်းဆိုလျှင်တော့ ဒေါက်တာမင်းထင်ကျော်အနေနှင့် လက်နေးနေမည်မဟုတ်သော်လည်း ယခုအခြေမှာတော့ ပစ်ခွင့်မသာသဖြင့် ဒီအတိုင်းသာ ကြည့်နေရတော့သည်။

တောကောင်ကြီးက ဆတ်ဖားကြီးကို လည်ကုပ်မှခဲကာ တောင်ရိုးပေါ်သို့ ဝေါခနဲပြန်ခုန်တက်သွားလေတော့သည်။

ထိုအခိုက်မှာပင် နောက်မှလိုက်လာသော နာဂအုပ်စုများကလည်း ထိုနေရာသို့ ရောက်လာလေတော့သည်။

၎င်းတို့လိုက်လာသောသားကောင်ကို ကျားက ကြားထဲမှ အချောင်ဝင်ဆွဲသွားသည်ကို လှမ်းမြင်သောအခါ ခေါင်းဆောင်လုပ်သူက အရိုးရှည်တပ်ထားသော ကပ်ပါးကြီးကိုကိုင်ကာ တောင်ရိုးပေါ်သို့ ခုန်တက်ကာ လိုက်သွားလေသည်။ ခဏကြာတော့ ကျားဟိန်းသံနှင့်အတူ လူရောကျားပါ တောင်ရိုးအောက်ခြေသို့ ပြန်ရောက်လာသည်။

ကျားက လူကိုမြင်သောအခါ ပါးစပ်တွင်းမှကိုက်ထားသော သားကောင်ကိုချ၍ လူကို ခုန်အုပ်စဉ် လူရောကျားပါ အောက်သို့ ရောက်လာခြင်းဖြစ်သည်။

နာဂကြီးလက်ထဲမှာ အရိုးရှည်တပ်ထားသော ကပ်ပါးကြီးရှိပြီး လေထဲမှာ တဝိုးဝိုးဖြင့် ဝှေ့ယမ်းနေလေသည်။ ၎င်းအသံများမှာ ဒေါက်တာမင်းထင်ကျော်တို့ရှိနေရာမှပင် အတိုင်းသား ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားက လူကို ပတ်ချောင်း၊ လူကလည်း တစ်စက်ကလေးမှ အလစ်မပေးဘဲ ကပ်ပါးကြီးတဝင့်ဝင့်နှင့် ချောင်းနေသည်မှာ ကြည့်၍ပင်ကောင်းလှသည်။

နောက်မှပါလာသောနာဂများက ဘာမှအကူအညီမပေးဘဲ မလှမ်းမကမ်းမှသာ ဝိုင်းကြည့်နေကြသည်။

တစ်ကြိမ်တွင် ကျားက ခုန်ဝင်လာရာ နာဂကြီးက ကပ်ပါးဖြင့် ဓက်ကိုပိုင်းသည်။ ထိချက်လွဲသွားသော်လည်း ကျားမွေးများက အကွင်းလိုက်ပြတ်ကျလာသည်။

ကျားမွေးကိုပင် တိခနဲကျအောင်ခုတ်နိုင်သည့် ရဲတင်းသွားမှာ အဘယ်မျှပြတ်မည်ကို ကြည့်ရုံဖြင့်သိနိုင်ပေသည်။ တစ်ကြိမ်မှာတော့ ဟန်ချက်ပျက်သွားသော တောကောင်ကြီးကို နာဂကြီးက ကပ်ပါးနှင့် ဝင်ပိုင်းရာ တောကောင်က လက်ဖြင့်ပုတ်ထုတ်ရာ ကပ်ပါးတခြား လူတခြားဖြစ်ကာ ဘေးသို့ ပစ်ကျသွားသည်။

နာဂကြီး လက်နက်မဲ့သွားပြီမို့ ကျားက ပိုမိုအတင့်ရဲလာသည်။

ဒေါက်တာမင်းထင်ကျော်က နာဂကြီး အခြေအနေမလှမှန်း ရိပ်မိသဖြင့် ၎င်းကိုင်ထားသော စပရင်းဖီးလ်ရိုင်ဖယ်နှင့် လှမ်းချိန်ရာ တိုင်းလုံက ဝင်တားသည်။

“မပစ်နဲ့ ဆရာ၊ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ သူတို့က ဒီလို တိုက်ပွဲမျိုးကို ဂုဏ်ယူလေ့ရှိကြတယ်၊ ဝင်ပြီးနှောင့်ယှက်တာကို သဘောမကျဘူး”





တိုင်းလုံ ပြောတာဖြစ်နိုင်ချေရှိသည်။ နာဂကြီးမှာ လက်နက်မဲ့သွားသော်လည်း နောက်မှပါလာသော နာဂအဖော်များက ဝင်ရောက် အကူအညီပေးခြင်းမရှိကြပေ။ သို့ကြောင့် ရိုင်ဖယ်ကို ပြန်ချထားလိုက်ရသည်။

နာဂကြီးက သူအားကိုးရသော ကပ်ပါးကြီး မရှိတော့သော်လည်း အမဲလိုက်ဓားမြှောင်ရှိသေးသဖြင့် ခါးကြားမှ ဆွဲထုတ်လိုက်သည်။

ကျားက နာဂလက်ထဲမှအမဲလိုက်ဓားမြှောင်ကိုမြင်တော့ အရမ်းမဝင်ရဲဘဲ ပတ်ချောင်းပြန်သည်။

နာဂကြီးကလည်း ခြေကွက်ကိုသတိဖြင့်ရွှေ့ရင်း သူ့ ကပ်ပါးကြီးရှိရာသို့ ရောက်အောင်သွားသည်။

တိုက်ပွဲက စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ တောကောင်နှင့် လူတို့၏ အသက်လုပွဲက ကြောက်စရာလည်းကောင်းလှသည်။

တောကောင်ကြီးက ကိုးတောင်ကျားဖြစ်သလို လူကလည်း မည်းနက်တုတ်ခိုင်၍ သန်မာသောကိုယ်ကာယမျိုးရှိလေသည်။ ထေကြာတော့ ကပ်ပါးကျနေရာနှင့် မလှမ်းမကမ်းနေရာ ရောက်လာသည်။

သို့သော် အောက်သို့ ငုံ့မကောက်ပေ။ သူက ကပ်ပါးကို ငုံ့ကောက်နေသည့်အခိုက်အတန့်လေးမှာပင် ကျားက လွှားခနဲခုန်ဝင်လာပြီး သူ့လည်ကုပ်ကို ခဲမှာသေချာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အလစ်မပေးဘဲ ကပ်ပါးနှင့်နီးနိုင်သမျှနီးအောင် ခြေ ရွှေ့သွားရာ နောက်ဆုံး ခြေထောက်အနီးသို့ရောက်နေချေပြီ။

ကျားကလည်း ခုန်အုပ်ရန် ဟန်ပြင်နေပြီ။

ထိုအခိုက်မှာပင် နာဂကြီးက မြေပေါ်မှာကျနေသော ကပ်ပါး ကြီးကို ခြေထောက်ဖြင့် ကော်ယူလိုက်သည်။ ၎င်းက လှုပ်ရှားမှု ပြုလိုက်သည်နှင့် ကျားက ဝေါခနဲခုန်ဝင်လာသည်။

ထိုအခါ နာဂကြီးက ကပ်ပါးကို ဖျတ်ခနဲဆုပ်ကိုင်ကာ ဘေးသို့ ရှောင်ရင်း ကျား၏ဦးခေါင်းကို ကပ်ပါးဖြင့်ခုတ်ရာ လည်ပင်းတစ်ဝိုက် ကို ခုတ်မိသွားသည်။

"ဝေါင်း"

တောကောင်ကြီး၏လည်ပင်းတစ်ဝိုက်မှသွေးများပန်းထွက်လာ ကာ သဲပြင်ပေါ်သို့ ဗုန်းခနဲပြုတ်ကျသွားသည်။ နာဂကြီးက ပွဲသိမ်း ရန်အတွက် ထိုနေရာသို့ ပြေးသွားလေသည်။

သို့သော်လည်း ကျားက နေရာမှ ချက်ချင်းထကာ တောင်ရိုး ပေါ်သို့ လွှားခနဲခုန်တက်သွားတော့သည်။

သောင်ပြင်ပေါ်မှာတော့ သွေးများက အိုင်ထွန်းလျက် ကျန်ခဲ့ လေသည်။

"ရှီချောင်း၊ ရှီချောင်း"

ထိုအခါမှ မလှမ်းမကမ်းမှ ကြည့်နေကြသော နာဂများက အော်ဟစ်ကြလေသည်။





ရှီချောင်း ဆိုသည်မှာ ထိုနာဂ၏အမည်ဖြစ်ဟန်တူ၏။ ထိုသူ က ကပ်ပါးကြီးကိုမြှောက်ကာ အောင်ပွဲခံနေလေသည်။ ထို့နောက် ဒဏ်ရာဖြင့်ထွက်ပြေးသွားသောတောကောင်ကြီးနောက်သို့ အော် ဟစ်ကာ ပြေးလိုက်သွားကြလေတော့သည်။

"သူ့ရဲ့ ရဲတင်းခုတ်ချက်က အတော်မြန်တာပဲ"

ဒေါက်တာမင်းထင်ကျော်က မှတ်ချက်ချလိုက်သည်။

"တောင်တန်းတွေပေါ်မှာနေကြတဲ့ နာဂအတော်များများက ဓားလှံ လေးမြားတွေထက် ရဲတင်းကို ပိုပြီး အားကိုးကြတယ်၊ ဘာ ကြောင့်လဲဆိုတော့ စောစောက တောကောင်မျိုးတွေနဲ့ တိုက်ခိုက် တဲ့နေရာမှာ ရဲတင်းက အားအကိုးရဆုံးပဲ"

"သူတို့က ဒီလိုတိုက်ခိုက်ရတာကို ဘာကြောင့် ဂုဏ်ယူကြ တာလဲ"

"မှဆိုးအချင်းချင်းမှာ ကျားကောင်ရေများများသတ်နိုင်တဲ့သူ က ပိုပြီး ဂုဏ်ရှိတာကိုး၊ ဒါကြောင့် သူတို့အထဲက တစ်ယောက် ယောက်က ကျားနဲ့ရင်ဆိုင်တွေ့ပြီး တိုက်ခိုက်နေတဲ့အခါ ကျန်တဲ့ လူတွေက ဝိုင်းမကူဘဲ ဒီအတိုင်းကြည့်နေကြတာပေါ့ ဆရာရဲ့"

"ဒါလဲ လေ့ဆန်းတစ်ခုပေါ့ကွာ၊ ဒါပေမယ့် သူက ရဲတင်းကိုင် တွယ်တာ အတော်ကလေးကျွမ်းကျင်တော့ တောကောင်နဲ့ ရင်ဆိုင် တွေ့လဲ မှုချနိုင်မှာပါပဲ"

"ဒီလိုလဲမဟုတ်သေးဘူး ဆရာရဲ့၊ ဟိုလူကြည့်ရတာ ရဲတင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်တွယ်တာ ဒီလောက် ကျွမ်းကျင်ပုံ မရပါဘူး၊ ဒါကြောင့် ကျု
လက်နဲ့ပုတ်တာ ထိပြီး လွတ်ကျသွားတာပေါ့၊ ကျားက နံဘေးက
တွေကို ရှိန်ပြီး ချက်ချင်း ဝင်မအုပ်လို့သာ သူ သက်သာသွားတ

တိုင်းလုံ က ကျကျနနပြောပြသဖြင့် ဒေါက်တာမင်းထ
ကျော် က အံ့သြသွားလေသည်။

"မင်းလဲ နာဂတစ်ယောက်ဆိုတော့ ကျားနဲ့ သတ်ဖူးပြီလား"

"သတ်ဖူးပါတယ်"

"ဒါဖြင့် ရဲတင်းလဲ ကောင်းကောင်းကိုင်တတ်မှာပေါ့"

"ကျွန်တော့်လက်ထဲမှာ ရဲတင်းတစ်လက်ရှိနေရင် ဘယ်
တောကောင်မဆို နိုင်အောင်တိုက်နိုက်နိုင်ပါတယ်"

ဟု တိုင်းလုံက ပြန်ပြောလေသည်။

ထို့နောက် ...

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ရှေ့သို့ ခရီးဆက်ကြ
လေသည်။

သူတို့တစ်တွေ တောင်ကြောပေါ် ရောက်သွားတော့ မြင်ကွင်
က မကောင်းလှပေ။

☆★☆★☆





အခန်း (၁၁)

## ယင်းစင်တိုင်မှ နစ်ယောက်ချင်းအသက်လုပွဲ

တောင်ကြောပေါ်သို့ သူတို့ရောက်သွားသောအချိန်တွင် မြင်
ကွင်းက မကောင်းလှပေ။

နာဂရွာကလေးတစ်ရွာလုံး မီးတောက်များစွဲနေချေပြီ။ နာဂ
များနေထိုင်ရန်ပြုလုပ်ထားသည်မှာ တဲငယ်ကလေးများသာဖြစ်ပြီး
ယခုအခါ မီးတောက်များ ဝါးမြိုခံရသဖြင့် တိုင်ငုတ်သာကျန်တော့
သည်။

အရှို့နေရာ၌ မိန်းမအလောင်း၊ ကလေးအလောင်းအရှို့ကိုပင်
တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မီးလောင်ထားသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေ
တိုင်းလုံက ထိုနေရာတစ်ဝိုက်သို့ လိုက်လံကြည့်ရှုနေသည်။
မလောင်ဘဲကျန်သေးသည့် တဲအိမ်တစ်လုံး၊ နှစ်လုံးကျန်သေးသော်
လည်း အကောင်းမဟုတ်တော့ပေ။

"ဘာထူးသလဲ တိုင်းလုံ"

"မြင်းခွာရာတွေနဲ့ ဘွတ်ဖိနပ်ခြေရာတွေ တွေ့ရတယ်၊ မကြာ
သေးခင်က ကျွန်တော်တို့ရှေ့က အဖွဲ့တစ်ဖွဲ့ ဖြတ်သွားတဲ့ပုံပဲ၊
လက်ချက်က သူတို့လက်ချက်ပဲဖြစ်မယ်"

"ဘယ်သူတွေဖြစ်မလဲ"

"ကျားကြီးရာဇာဂိုဏ်းသားတွေ ဖြစ်ဖို့များတယ်"

"ဒါက အရေးမကြီးဘူး။ သူတို့က ဒီလိုလုပ်သွားတော့ နာ
တွေက ငါတို့ကိုပါ ရန်သူလို့ထင်ပြီး ရန်မူကြရင် ခက်ကြလိမ့်မယ်"

ဟု ပြောဆိုနေကြစဉ် တောနက်အတွင်းမှ တခုံခုံနှင့် သစ်သား
စည်တုသံများကို နေရာအနှံ့အပြားမှ ကြားလာရသည်။

"ဒုံ ဒုံ ဒုံ ဒုံ"

ထိုအသံများကြားသောအခါ နာဂတိုင်းရင်းသားဖြစ်သော
တိုင်းလုံမှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ဘာဖြစ်လို့လဲ တိုင်းလုံ"

"ဒီအသံတွေဟာ သူတို့တစ်တွေ စစ်တိုက်ဖို့အချက်ပေးကြတဲ့
အသံတွေပဲ၊ ကျွန်တော်တို့ကို လာတိုက်ကြတော့မယ်ထင်တယ်





ဒီအတိုင်း ဆက်သွားလို့တော့မရတော့ဘူး၊ အားလုံး ဒုက္ခရောက်ကြ
လိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"လုံခြုံစိတ်ချရတဲ့နေရာတစ်ခုခုမှာ နေရာယူကြပြီး သူတို့
ရောက်လာရင်တော့ နားလည်အောင်ပြောပြရမှာပဲ"

ဟု ပြောဆိုကာ လုံခြုံမှုရနိုင်သော တဲတစ်လုံးနောက်သို့ လူ
များရော မြင်းနှင့်လားများပါ လုံခြုံအောင်စီမံ၍ စောင့်ဆိုင်းနေကြစဉ်
ကြွေးကြော်သံများက တဖြည်းဖြည်းနှင့် နီးလာကြလေတော့သည်။

"ဒုံ ဒုံ ဒုံ ဒုံ"

"ဟေး ဟေး ဟေး ဟေး"

"အားလုံး လုံအောင်နေကြပါ၊ သူတို့ ဝင်တိုက်တော့မယ်"

တိုင်းလုံက သတိပေးသည်။

ထိုအနိုက်မှာပင် တောတိုးလာသောခြေသံများကြားလာရပြီး
မလှမ်းမကမ်းနေရာသို့ လက်နက်များကိုင်ထားကြသည့်နာဂများ
ရောက်လာကြတော့သည်။

နာဂများ၏လက်ထဲတွင် ဓား၊ လှံ၊ လေးမြား၊ ရဲတင်းများ ပါလာ
ကြကာ အချို့က မြားဖြင့်လှမ်းပစ်သည်။

"ရှီ ရှီ ရှီ"

"ဒုတ် ဒုတ် ဒုတ်"

မြားတံများက တဲပျက်သို့လည်းကောင်း၊ တောင်နံရံများသို့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း လာရောက်စိုက်ဝင်လေသည်။

အဖွဲ့သားအချို့က တံခါးပေါက်ဝ၌ နေရာယူကာ သေနတ်များကို အဆင်သင့်လုပ်ထားကြသော်လည်း ဒေါက်တာမင်းထင်ကျော်က ပစ်ရန် အမိန့်မပေးသဖြင့် မပစ်ကြပေ။

"ကိုယ့်ဆီကို အတင်းတိုးဝင်လာပြီး အန္တရာယ်ပြုရင်သာ ပစ်ကြပါ။ ဒီအတိုင်း အဝေးက ရန်ပြုနေရင်တော့ မပစ်ကြပါနဲ့"

နာဂများမှာ အဝေးမှသာ မြားများဖြင့်လှမ်းပစ်နေကြသော်လည်း အနားသို့ တိုးဝင်လာခြင်းတော့မရှိပေ။

ဒေါက်တာမင်းထင်ကျော်မှာ လူများထက် မြင်းနှင့်လားများကို အဆိပ်လူးမြားများဖြင့် လှမ်းပစ်မှာကို စိတ်ပူနေမိသည်။ အကယ်၍ မြင်းနှင့်လားများ မရှိပါက ပစ္စည်းများ သယ်ဆောင်ရန် အခက်အခဲရှိကြပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော်တို့ နေရာယူထားသောနေရာမှာ အနည်းငယ်မြင့်သောတောင်ကုန်းတစ်ခုပေါ်မှာ ရှိနေသည်က တစ်ကြောင်း။

နောက်ဘက်၌ တောင်နံရံအမြင့်တစ်ခုရှိနေသည်ကတစ်ကြောင်း အတန်အသင့် သက်သာခွင့် ရနေကြခြင်းဖြစ်၏။

နာဂရွာများက ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့အား ၎င်းရွာကို မီးရှို့ဖျက်ဆီးသူများဟု ထင်မှတ်ကာ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်၏။





တိုင်းလုံးက နာဂဘာသာစကားဖြင့် အကျိုးအကြောင်း လှမ်းပြောနေသည်။

သူ အော်ပြောပြနေသော်လည်း မရဘဲ မြားတံများက တစ်ချောင်းပြီးတစ်ချောင်း လာရောက်စိုက်ဝင်လေသည်။ ဒေါက်တာမင်းထင်ကျော်တို့ဘက်မှလည်း နာဂဘာသာစကားအပြင် အခြားဘာသာစကားများဖြင့် မိမိတို့ရန်သူမဟုတ်ကြောင်း လှမ်းအော်ပြောကြသည်။

"ငါတို့က မင်းတို့ရန်သူမဟုတ်ဘူး၊ ခရီးသွားမယ့်သူတွေပါ"

သို့သော်လည်း သူတို့အော်သံများက ဆူညံနေသောကြောင့် ဒီဘက်မှအော်သံများကို ကြားကြဟန်မတူပေ။

မြားတံများက တစ်ချောင်းပြီးတစ်ချောင်းလာရောက်စိုက်ဝင်နေကြသည်။

"ဒီအတိုင်းသာဆိုရင်တော့ ခရီးဆက်သွားလို့ရမှာမဟုတ်ဘူး"

"ဟုတ်တယ်၊ သူတို့ကို မတိုက်ဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ရှေ့ကို ဆက်သွားလို့ရမှာမဟုတ်ဘူး"

"သူတို့မသိလို့ တိုက်ခိုက်နေကြတာပါ။ တကယ်လို့ အခု သူတို့ကို တိုက်လိုက်ရင် ရှေ့လမ်းတစ်လျှောက်လုံး ခရီးဖြောင့်အောင်သွားရမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်က နာဂတစ်ယောက်ကို ထိသွားမယ်ဆိုရင် အားလုံး ဒီနာဂတောင်တန်းပေါ်က အသက်ရှင်ရက်နဲ့ ပြန်ထွက်လို့ရမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး”

ဒေါက်တာမင်းထင်ကျော် ပြောပြချက်ကို နာဂတောင်တန်းပေါ်သို့ အကြိမ်ကြိမ်သွားလာဖူးသော ဦးခမ်းလုံနှင့် တိုင်းလုံတို့က ထောက်ခံကြသည်။

“ဟုတ်တယ် ဆရာပြောတာ မှန်တယ်၊ ကျုပ်တို့က ဒီတစ်ဖွဲ့ကို အနိုင်တိုက်လိုက်ပေမယ့် ကျန်တဲ့လူက ရှေ့အဖွဲ့တွေကိုသွားပြီး အကြောင်းကြားထားမှာပဲ၊ အဲဒီလို အကြောင်းကြားထားရင် ရှေ့က နေစောင့်ပြီး တစ်ဖွဲ့ပြီးတစ်ဖွဲ့ တိုက်နေတာနဲ့ ခရီးဆက်လို့ရမှာ မဟုတ်ပါဘူး”

“ဒါဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ”

“အကောင်းဆုံးကတော့ သူတို့ သဘောပေါက်လက်ခံလာအောင် ပြောပြရုံပဲရှိတယ်”

ထိုသို့ပြောဆိုပြီး ဒေါက်တာမင်းထင်ကျော်က အပြင်ထွက်ရန် ဟန်ပြင်လိုက်သည်နှင့် မြားတစ်ချောင်းက အနီးမှတိုင်တို လာရောက်စိုက်ဝင်သဖြင့် အတွင်းပြန်ဝင်လိုက်ရသည်။

“ဒုတ်”

“ဆရာ သိပ်ပြီး အတင့်မရဲနဲ့ အဆိပ်လူးမြားနဲ့ထိရင် သက်သာမှာမဟုတ်ဘူး”

ဦးဘကျော်သာက နောက်မှ သတိပေးသည်။

ဒေါက်တာမင်းထင်ကျော်က နောက်တစ်မျိုးကြံစည်ပြန်သည်။





သေနတ်ပြောင်းထိပ်၌ အဝတ်ဖြူတစ်စချည်ကာ ဝှေ့ယမ်းပြပြန်လေသည်။

သို့သော် မရပေ။

မြားတံများက တဖွဲဖွဲဝင်လာနေပြန်သည်။

“ကိုင်း... တိုင်းလုံ မင်းနဲ့ငါနဲ့ အပြင်ထွက်မယ်၊ သူတို့ပစ်လို့ သေရင်လဲ သေပါစေကွာ”

ထိုသို့ပြောရာ အားလုံးက ဝိုင်းတားကြသည်။ တားမရသောအခါ စောထီးနှင့် ငမဲအောင်တို့က သူတို့ပါ လိုက်မည်ဟုပြောသည်။

ထို့နောက် ...

လေးယောက်သား တဲအပြင်သို့ထွက်သွ ားပြီး လက်ထဲမှ သေနတ်များကို မြေပေါ်သို့ပစ်ချပြီး လက်မြှောက်ထားလိုက်ကြသည်။ တိုင်းလုံ ကလည်း နာဂဘာသာစကားဖြင့် ရန်သူမဟုတ်ကြောင်း အကြိမ်ကြိမ် အော်ဟစ်ပြောဆိုနေသည်။

သူတို့ အရဲစွန့်လိုက်ခြင်းက အောင်မြင်သည်ဟုဆိုရပေမည်။ ဦးစွာ မြားတံများ ရပ်သွားသည်။ နောက် ဆူညံသံများတိတ်သွားသည်။

ဒီတော့မှ တိုင်းလုံ ပြောနေသောအသံများကို ကောင်းစွာကြားနိုင်တော့သည်။

“ဒုံ ဒုံ ဒုံ”

အချက်ပေးသံများပေါ်လာပြီးနောက် တောထဲမှာ ပုန်းအောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသောနာဂများ တစ်သုတ်ပြီးတစ်သုတ် ပေါ်လာကြသည်၊ ထိုအခါမှ များပြားလှသောနာဂများမှာ သူတို့အဖွဲ့ကို အထပ်ထပ် ဝိုင်းထားမှန်းသိရတော့သည်။

ရှေ့ဆုံးမှထွက်လာသူမှာ ဦးခေါင်းပေါ်မှာ အစွယ်နှစ်ချောင်း တပ်ဆင်ထားသည့် ဦးထုပ်ကိုဆောင်းထားသည့် နာဂအကြီးအကဲ ဖြစ်ဟန်ရှိသည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါတို့ရွာကို ဖျက်ဆီးရတာလဲ"

နာဂဘာသာစကားဖြင့် မေးသည်။

ထိုအခါ တိုင်းလုံ က ဒေါက်တာမင်းထင်ကျော် ပြောနိုင်းသည့် စကားများကို နာဂဘာသာစကားဖြင့် ပြန်ပြောလေသည်။

"မင်းတို့ရွာကို ငါတို့ဖျက်တာမဟုတ်ဘူး။ ငါတို့က ရန်သူမဟုတ်ပါဘူး။ ခရီးသွားတွေပါ"

"ဒါပေမယ့် ငါ့လူတွေကျေနပ်အောင် တစ်ခုခုတော့ လုပ်ပေးဖို့ လိုလိမ့်မယ်၊ မင်းတို့အားလုံး ငါတို့နဲ့လိုက်ခဲ့ပါ"

ဟု ခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့မှာ နာဂများ ခေါ်ဆောင်ရာနောက်သို့ လိုက်သွားကြလေတော့သည်။

နောက်မှသိရသည်မှာ ၎င်းတို့ကို လာရောက်ဖမ်းဆီးကြသော နာဂများမှာ မီးရှို့ခံရသောရွာမှမဟုတ်ဘဲ ထိုရွာမှ လာရောက် အကြောင်းကြားသဖြင့် ဝိုင်းဝန်းတိုက်ခိုက်ရန် ရောက်လာသော





လောင်ဆောက်နာဂအမျိုးအနွယ်များဖြစ်ကြလေသည်။

၎င်းတို့နေထိုင်သောနေရာမှာ သီးသန့်တောင်တစ်လုံး ဖြစ်လေသည်။

ရွာကို ရန်သူများ မဝင်နိုင်ရန် သစ်လုံးသစ်ကိုင်းများဖြင့် မြင့်မားစွာကာရံထားပြီး ရွာအဝင်ပေါက်အား တံခါးတပ်ထားသည်။ ထိုတံခါးမှထွက်လိုက်လျှင် တစ်ဖက်ကမ်းသို့ကူးသော တံတားရှည် တစ်ခု ရှိသည်။

အပြင်ထွက်မည့်သူရှိလျှင် အစောင့်က ထိုတံတားကို ကြိုးဖြင့် ချပေးသည်။ အပြင်ထွက်မည့်သူ မရှိလျှင် တံတားကို အပေါ်သို့ ဆွဲတင်ထားသည်။

ထိုတံတား ဖြုတ်ထားလျှင် ရွာဘက်သို့ကူးရန် မဖြစ်နိုင်ပေ။ တံတားမှာ ကြိမ်ကြိုးများဖြင့် ခိုင်ခံ့စွာပြုလုပ်ထားသောကြောင့် မြင်းနှင့်လားများပင် ဖြတ်ကူး၍ရပေသည်။ ဒေါက်တာမင်းထင်ကျော်တို့ကို ရွာတွင်းခေါ်လာတော့ တစ်ရွာလုံးက ဆူဆူညံညံဖြင့် ထွက်ကြည့်ကြသည်။

အတော်များများမှာ ငှက်ဖျားရောဂါနှိပ်စက်မှု၊ အစာရေစာ ဝလင်အောင်မရမှု၊ ဆေးဝါးဖြင့် မကုသရသဖြင့် ဗိုက်ပူနံကားနှင့် မည်းမည်းပိန်ပိန်များဖြစ်ကြသည်။ အတော်များများမှာ အပေါ်အင်္ကျီ မဝတ်ကြဘဲ အောက်ပိုင်းမှာ အရက်လုံရုံသာ ဝတ်ထားကြသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲ၌ လူရိုင်းတူသော်လည်း ဘဝ



www.burmeseclassic.com

ချင်းမတူဘဲ ဆင်းရဲချို့တဲ့စွာနေရသော သူတို့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိလေသည်။

အချို့ကလေးများမှာ မည်းမည်းပိန်ပိန် ဗိုက်ပူနံကား ကလေးများဖြစ်နေကြသည်။

နာဂများက သူတို့အဖွဲ့ကို တောင်အုပ်ကြီးရှိရာသို့ ခေါ်သွားလေသည်။ တောင်အုပ်ကြီးက ဒေါက်တာမင်းထင်ကျော်တို့ကို အကဲခတ်သလိုကြည့်ပြီး သူ့လူများကို မေးသည်။

(နာဂဘာသာစကားဖြင့်သာ ပြောဆိုမေးမြန်းကြသည်။)

"သူတို့ကို ဘာကြောင့်ဖမ်းလာတာလဲ"

"ရွာကို မီးရှို့လို့ဖမ်းလာတာပါ"

"သူတို့မီးရှို့တာ မြင်သလား"

"မမြင်ပါဘူး မီးလောင်တဲ့ရွာမှာ တခြားလူ မရှိပါဘူး ဒီလူတွေပဲ ရှိပါတယ်"

"မီးကရှို့တာမဟုတ်ဘဲ သူ့ဘာသာလောင်တာရော မဖြစ်နိုင်ဘူးလား"

နာဂများက ဘာမှပြန်မပြောကြပေ။

"မင်းတို့သွားဖမ်းတော့ သူတို့က ပြန်ပြီးရန်ပြုသလား"

"မပြုဘူး အေးအေးဆေးဆေးအဖမ်းခံပြီး လိုက်လာကြတာပါ"

ထိုစကားကြားသောအခါ တောင်အုပ်ကြီးက ခေါင်းကို ဘယ်ညာယမ်းလိုက်လေသည်။





ထိုအခါ နာဂစကားကို ကောင်းစွာပြောနိုင်သော တိုင်းလုံက အကြောင်းစုံ ပြောပြလိုက်လေသည်။

"ငါတို့က ရန်သူတွေမဟုတ်ပါဘူး ထရုံခချောင်းဘက်ကို သွားကြမှာပါ။ ဒီအဖွဲ့မှာ ဒီရွာကို တစ်ခေါက်ရောက်ဖူးတဲ့ ဆရာဝန်ကြီးလဲပါလာပါတယ်၊ သူတို့ရောက်တုန်းက ဒီရွာကလူတွေကို ဆေးကုပေးသွားခဲ့ဖူးပါတယ်"

တိုင်းလုံက ထိုသို့ပြောသောအခါ ထိုရွာကို တစ်ကြိမ်ရောက်ဖူးခဲ့သော ဦးဘကျော်သာနှင့် ဦးရန်နိုင်တို့က လူအုပ်ရှေ့သို့ ထွက်ပြသည်။

ထိုအခါမှ တောင်အုပ်ကြီးက ၎င်းတို့နှစ်ယောက်ကို ကောင်းစွာမှတ်မိသွားဟန်ဖြင့် တဖြည်းဖြည်း ပြုံးလာလေတော့သည်။

"ဆရာကြီးတို့ကို မှတ်မိပါပြီ၊ ဒီတစ်ခါလဲ ဆေးကုပေးခဲ့ပါ"

ဟု ပြောလိုက်တော့မှ အားလုံးမှာ သက်ပြင်းချနိုင်တော့သည်။ နာဂများကလည်း ၎င်းတို့ကိုင်ဆောင်ထားသောလက်နက်များကို ချလိုက်ကြတော့သည်။

ထိုအချိန်မှာပင် နာဂတိုင်းရင်းသားများရောက်လာပြီး တောင်အုပ်ကြီးထံ သတင်းပို့လေသည်။

"ရွာကို မီးရှို့သွားတာ သူတို့မဟုတ်ပါဘူး၊ အဲဒီလူတွေက ရှေ့ကသွားကြပါပြီ၊ ငါတို့လိုက်သွားတာ မြင်းတွေနဲ့မို့ မမီလိုက်တော့ဘူး"

ရွှေသမင်စာပေ

www.burmeseclassic.com



ဟု ပြောတော့မှ အားလုံးက ဒေါက်တာမင်းထင်ကျော်တို့ အပေါ် သံသယရှင်းသွားကြတော့သည်။

ထို့နောက်တွင် တောင်အုပ်ကြီးက ဒေါက်တာမင်းထင်ကျော် တို့အား ကောင်းမွန်စွာ နေရာထိုင်ခင်းပေးပြီး ၎င်းတို့ရွာမှာရှိသော အသားခြောက်အမျိုးမျိုးဖြင့် ဧည့်ခံပေးသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း ထိုရွာမှာ တစ်ရက်နှစ် ရက်နားပြီး ရောဂါဖြစ်နေသူများကို ဆေးကုပေးကြရသည်။ ဦးအ ကျော်သာနှင့် ဦးရန်နိုင်တို့ကလည်း ၎င်းကိုမှာပါလာသောပစ္စည်း များအား တောင်အုပ်ကြီးကို လက်ဆောင်ပြန်ပေးလေသည်။

ထိုအထဲမှာမှ ဆေးတံသောက်ဆေးဘူးနှင့် နှိပ်လိုက်ရုံနှင့် မီး လင်းလာသော လက်နှိပ်ဓာတ်မီးကို တောင်အုပ်ကြီးက များစွာ သဘောကျလေသည်။

"ဒီရန်သူတွေနောက်ကို ကျုပ်တို့လူတွေက မမိမချင်း လိုက် ကြမှာပါ။ ဆရာကြီးတို့ သွားမယ့်ခရီးစဉ်တွေမှာ အနှောင့်အယှက် မပေးနိုင်အောင် ကျုပ်လူတွေကို လမ်းပြထည့်ပေးလိုက်ပါ့မယ်"

ဟု တောင်အုပ်ကြီးက ပြောရာ များစွာ ဝမ်းသာသွားကြတော့ သည်။ ညအချိန်တွင် မီးပုံပွဲများ ပြုလုပ်ပေးသည်။

သစ်သားစည်များ၊ ဝါးလုံးများကိုထုကာ ကခုန်ကြခြင်း၊ မိန်း ပျိုများက ဝိုင်းဖွဲ့ကာ ကပြကြခြင်း၊ နောက်ဆုံးမှာ နာဂလုလင်ပျို များ၏တိုက်ပွဲများဖြစ်သည်။





မိမိနှစ်သက်ရာလက်နက်များ ကိုင်ဆောင်၍ အသေအကြေ လဲအကွဲ တိုက်ခိုက်ကြရခြင်းဖြစ်သည်။

ဓားတဝင့်ဝင့်၊ လှံတဝင့်ဝင့်၊ ရဲတင်းကြီးများ ဘဂိုးဂိုးဖြင့် တစ် ယောက်နှင့်တစ်ယောက် ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ကြပုံမှာ ဘေးမှကြည့်ရသူများပင် အသည်းယားဖွယ်ရာရှိနေကြသည်။ နောက်ဆုံး အောင်ပွဲခံနိုင်သူမှာ နာဂအမျိုးသား ရဲချောင်း ဆိုသူဖြစ် သည်။

၎င်းကို ဒေါက်တာမင်းထင်ကျော်တို့က ကောင်းစွာ မှတ်မိလေ သည်။ လမ်းခုလတ်စမ်းချောင်းနံဘေးတွင် ကိုးတောင်ကျားကြီးအား ကပ်ပါး(ရဲတင်း)တစ်လက်ဖြင့် အနိုင်တိုက်ခိုက်ခဲ့သူဖြစ်ပေသည်။

သူက ကပ်ပါးကြီးတဝင့်ဝင့်နှင့်ကြွေးကြော်ရင်း ဒေါက်တာ မင်းထင်ကျော်တို့ရှိရာသို့ ရောက်လာကာ သူနှင့် တစ်ပွဲတစ်လမ်း ဆင်နွှဲရန် ဖိတ်ခေါ်လေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဆရာကြီးဦးစိုင်းလုံထံမှ ဗန်တို၊ ဗန်ရှည်၊ ဓားသိုင်းပညာများကို စနစ်တကျ သင်ယူထားသူမို့ အကယ် ၍ ဆင်းတိုက်လျှင်လည်း ပူစရာတော့မရှိပေ။

သို့သော် တိုင်းလုံက ခွင့်တောင်းလေသည်။

"ဒီလို ကြုံတောင့်ကြုံခဲ ရတဲ့အခွင့်အရေးကို ကျွန်တော် တိုက် ပါရစေ၊ နာဂတိုင်းရင်းသားတစ်ယောက်ဖြစ်လာရင် ဒီလိုပွဲမျိုးရင်ဆိုင် မှ ဂုဏ်ရှိတာမို့ ကျွန်တော် တိုက်ပါရစေ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခွင့်တောင်းသဖြင့် ခွင့်ပြုလိုက်ရလေသည်။

"ဖြစ်ပါ့မလား တိုင်းလုံ"

"ဖြစ်ပါတယ် ဆရာ၊ သူ့လက်ရည်ကို ဟိုစမ်းချောင်းနံဘေးမှာ တုန်းကတည်းက ကျွန်တော် မြင်ထားပြီးသားပါ၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့"

ဟု ပြောကာ သူတိုက်မည်ဖြစ်ကြောင်း လက်မြှောက်ပြလိုက်ရာ ကျန်နာဂများက ဝေါခနဲ သဘောကျသွားကြသည်။ စောစောက မီးပုံနံဘေးမှာ ကခုန်နေကြသော နာဂ မိန်းမပျိုလေးများမှာ သတ်ကွင်းနံဘေးမှ နေရာယူကာ လာရောက်ကြည့်ရှုနေကြလေသည်။

တိုင်းလုံ၏ အမူအရာကြည့်ရသည်မှာ ယခုကဲ့သို့ နာဂမိန်းမပျိုများရှေ့၌ တိုက်ပွဲဝင်ရသည်ကို များစွာ စိတ်အားတက်ကြွနေဟန်ရှိလေသည်။

တိုင်းလုံ စည်းဝိုင်းထဲဝင်သွားသောအခါ နာဂတစ်ယောက်က အရိုးရှည်တပ်ထားသော ကပ်ပါးကြီးတစ်လက်ကို လာရောက်ပေးလေသည်။ ထိုကပ်ပါးမျိုး ရီချောင်းလက်ထဲမှာလည်း တစ်လက်ရှိသည်။ ၎င်းတို့ တိုက်ခိုက်ရမည့်နေရာမှာ ယဇ်စင်တိုင်ရှိသော ကွင်းပြင်နေရာ၌ဖြစ်သည်။

နာဂအကြီးအကဲတစ်ယောက်က ယဇ်စင်တိုင်မှာ ကြိုးရှည်ကြီးတစ်ချောင်းချည်ကာ အစတစ်ဖက်ကို ရီချောင်းခါး၌ချည်၍ ကျန်အစတစ်ဖက်ကိုတော့ တိုင်းလုံခါးမှာ လာရောက်ချည်ပေးသည်။





ယဇ်စင်တိုင်ကို ဗဟိုပြု၍ တိုက်ခိုက်ကြရမည့်သဘော ဖြစ်ည်။ တိုင်းလုံနှင့်ရီချောင်းတို့နှစ်ယောက် အသက်အရွယ်ချင်းရော ယ်လုံးကိုယ်ထည်ချင်း မကွာလှပေ။

ခါးကြိုးတ ်းလန်းနှင့် ကပ်ပါးကြီးများ တဝင့်ဝင့်ရှိနေကြသော ်းတို့နှစ်ယောက်ကို သူ့ဘက်ကိုယ့်ဘက် နာမည်များအော်၍ ားပေးကြသည်။

"ရီချောင်း၊ ရီချောင်း"

"တိုင်းလုံ၊ တိုင်းလုံ တဲ့ဟေ့"

အော်သံများက ဆူညံသွားလေသည်။ ညအချိန်ပင်ဖြစ်သော် ည်၊ ယဇ်စင်တိုင်ပတ်ဝန်းကျင်တစ်ဝိုက်၌ ကညင်ဆီမီးတိုင်ကြီး ား ထွန်းထားသောကြောင့် နေ့အချိန်ကဲ့သို့ အလင်းရောင် ကောင်း ာရနေသည်။

မီးရောင်မှအလင်းရောင်ကြောင့် ၎င်းတို့ ကပ်ပါးများ၏အသွား အရောင်တလက်လက်တောက်ပနေသည်။

တောင်အုပ်ကြီးက လက်ခုပ်တီး၍ အချက်ပေးလိုက်သောအခါ တင် တိုက်ခိုက်ကြလေသည်။

နှစ်ယောက်စလုံး ခါးမှာကြိုးစရှိသဖြင့် လွတ်လွှတ်လပ်လပ် ှုပ်ရှား၍မရကြပေ။

ရီချောင်း၏ဦးခေါင်းပေါ်မှာ သူကိုယ်တိုင်သတ်ဖြတ်ခဲ့သည့် တာဝက်စွယ်ကြီးများဖြင့်ပြုလုပ်ထားသည့် ကြပ်ခိုးခံကြိမ်ဦးထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းထားလေသည်။ ဖ

တိုက်ပွဲ စသည်နှင့် ပရိသတ်အားကိုးဖြင့် ရီချောင်းက တရကြမ်းဖိတိုက်ရာ တိုင်းလုံက ခံစစ်အနေဘထားမှခုခံရင်း နေရာရွှေ့ပေးရသည်။

ကပ်ပါးသွားချင်းထိသံ တချွင်ချွင်မြည်သံများ၊ အသွားချင်း ထိခတ်မိရာမှလွင့်ထွက်လာသော မီးပွားများအား မြင်နေရ၊ ကြားနေရသည်။

တိုင်းလုံမှာ ခံစစ်အနေအထားမှ တစ်ချီတစ်ချီ ပြန်တိုက်သော ကပ်ပါးချက်များကလည်း ကြောက်စရာကောင်းလှသည်။ အကယ်၍ ရီချောင်းမှာ တိုက်ပွဲအတွေ့အကြုံနှင့် လျင်မြန်ဖျတ်လတ်မှုသာ မရှိပါက ခေါင်းနှင့်ကိုယ် အိုးစားကွဲမှာ မုချပင်ဖြစ်သည်။

ပထမတော့ ဒေါက်တာမင်းသင်ကျော်မှာ တိုင်လုံအတွက် စိုးရိမ်မိသော်လည်း ၎င်း၏တိုက်ခိုက်ရည်ကိုမြင်တော့မှ အတန်ငယ် စိတ်သက်သာသွားတော့သည်။

ရီချောင်းက ခြေကွက်အရွှေ့အပြောင်းမြန်သည်။ တစ်ခါတစ်ရံ ဖျတ်ခနဲရှောင်ရင်းမှ တိုင်းလုံနောက်ဘက်သို့ရောက်လာတတ်သည်။

ထိုသို့ရောက်လာပြီးသည်နှင့် နောက်မှ အလစ်ဝင်ပိုင်းသည်။ တိုင်းလုံက လျင်မြန်စွာရှောင်တိမ်းနိုင်သဖြင့်သာ သက်သာရာ ရလေသည်။

မဟုတ်ပါက ခေါင်းနှင့်ကိုယ် အိုးစားကွဲနိုင်လေသည်။





ဒေါက်တာမင်းထင်ကျော်က စည်းအနီးမှကပ်ကာ လှမ်းအော်၍ သတိပေးသည်။

"တိုင်းလုံ သူ့ခြေထောက်ရွှေ့တာကို သတိထားကြည့်၊ ရှောင်ရင်းနဲ့ မင်းနောက်ကိုရောက်လာလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော် အော်ပြောတာကို တိုင်းလုံက ကြားသဖြင့် ရီချောင်း၏ ခြေကွက်ရွှေ့ပုံကို မျက်ခြည်ပြတ်မခံတော့ပေ။ ရီချောင်းက အနီးကပ်တိုက်ရန် မလွယ်ကူမှန်းသိသဖြင့် အလစ်တွင် ကပ်ပါးဖြင့်ပစ်ပေါက်ရန် ကြံရွယ်နေသည်။ တစ်ယောက်နှင့် တစ်ယောက် ယဉ်တိုင်ရိုသာခြားနေသဖြင့် အကယ်၍ ကပ်ပါးဖြင့် ပစ်ပေါက်ပါက လွတ်အောင်ရှောင်ဖို့ မလွယ်လှပေ။

တိုင်းလုံက သူ့အကြံကို ရိပ်မိသဖြင့် ယဉ်စင်တိုင်ကြီးအား အကာအကွယ်ယူထားသည်။

ရီချောင်းက ကပ်ပါးဖြင့်ပစ်ပေါက်ရန် အခွင့်မသာသဖြင့် ယဉ်စင်တိုင်ကိုပတ်ကာ အနားရောက်အောင်တိုးလာသည်။ ထိုအခိုက်မှာပင် သူက ကပ်ပါးဖြင့်ပစ်ပေါက်ရန်အကြံကို လက်မလျှော့သေးဘဲ လက်တဆဆလုပ်နေသည်။

တိုင်းလုံက လိမ္မာပါးနပ်စွာဖြင့် (၁၂)ပေပတ်လည်ခန့်ရှိသော ယဉ်စင်တိုင်ကို အကာအကွယ်ပြုထားလေသည်။

အမှန်တော့ တိုင်းလုံမှာ တိုက်ခိုက်ရည် ညံ့လှသူမဟုတ်ပေ။ သူသည် ရီချောင်း၏ဒေါသကို တမင်ဆွကာ ခြေလှမ်းများအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးနေခြင်းဖြစ်ကြောင်း ဒေါက်တာမင်းထင်ကျော်က ရိပ်မိ
သည်။

ထင်သည့်အတိုင်းပင် ရီချောင်းမှာ သူလုပ်ချင်တာ လုပ် မသာသောကြောင့် တရှုးရှုးတရားရှားဖြင့် ဒေါသထွက်နေ သည်။ ရီချောင်းက ဒေါသထွက်နေသလောက် တိုင်းလုံ အမူအ က အေးအေးဆေးဆေးပင်ရှိနေသေးသည်။

တိုင်းလုံ၏ ဗျူဟာက ထိရောက်လှသည်။

ရန်သူက သူ့ကို အနိုင်တိုက်ခိုက်လိုသည့်ဇောဖြင့် စွမ်းအ သမျှကို အကုန်ထုတ်သုံးနေရသည်။

တစ်ကိုယ်လုံး ချွေးများပြန်ကာ အသက်ရှူသံမှာလ မောဟိုက်သံပေါက်နေသည်။

သူ၏ခွန်အားရှိသမျှကို လက်ချောင်းများမှတစ်ဆင့် ကပ်ပ ပေါ်သို့ ပို့ထားရသဖြင့် အချိန်ကြာလာသည်နှင့်အမျှ စွမ်းအားမျာ တဖြည်းဖြည်းလျော့ကျလာသည်။

ထိုအခြေအနေကို ကာယကံရှင်ကိုယ်တိုင်ပင် သတိပြုမိ မတူချေ။

သူ လက်တစ်ခုလုံးမှာ ချွေးစေးများ စွဲနေပြီဖြစ်သောကြေ ကပ်ပါးရိုးကို မြဲမြဲအောင်ပင် မနည်းဆုပ်ကိုင်နေရသည်။

တိုက်ပွဲတစ်ခု၏ အနိုင်အရှုံးမှာ ဖျတ်လတ်သွက်လက်မှု ကြ မှုရှိရုံမက သတိနှင့် တစ်ဖက်သား၏ဟာကွက်ကိုသိဖို့ အရေးကြီး





ပေသည်။

ထို့အတူ တစ်ဖက်လူ စွမ်းအားကျသွားစေဖို့ ဖန်တီးတတ်ရန် လည်း အဓိက အရေးကြီးရာ တိုင်းလုံက ထိုနည်းဗျူဟာကို ကျကျ နန အသုံးချနေလေပြီ။

နောက်ဆုံး ရီချောင်း အတော်ကြီးမောလာတော့မှ စောစော က ယမ်းစင်တိုင်ကို အကာအကွယ်ယူ၍ ပတ်ရှောင်နေသောတိုင်း လုံက ခံစစ်အနေအထားမှ နည်းဗျူဟာပြောင်းကာ တိုက်စစ်ကို ဖွင့်တိုက်တော့သည်။

ထိုအချိန်မှာတော့ တိုင်းလုံ၏ကပ်ပါးချက်များနှင့်တိုက်ကွက် များမှာ ကြောက်စရာကောင်းလှပေရာ ရီချောင်းမှာ အလူးအလဲ ခုခံကာကွယ်နေရလေသည်။

အသွားထက်လှသော ကပ်ပါးချက်များက လည်ပင်း၊ မျက်နှာ တစ်ဝိုက်တွင် ပွတ်ကာသီကာဖြင့် ဖြတ်သန်းသွားနေရာ ကြည့်ရသူ များပင် အသက်မရှူဝံ့အောင်ရှိနေကြသည်။

တစ်ကြိမ်မှာတော့ တိုင်းလုံ၏ ကပ်ပါးချက်ကို ငုံ့ရှောင်လိုက် ရာ မလွတ်မလပ်ဖြစ်သွားပြီး ရီချောင်း၏ခေါင်းပေါ်မှ ဆောင်းထား သောဦးထုပ်မှာ ထက်ပိုင်းပြတ်ကျသွားလေတော့သည်။

တစ်ဆက်တည်းမှာပင် တိုင်းလုံက တရကြမ်းဖိတိုက်ရာ နောက်ဆုံး ရီချောင်းလက်ထဲမှ ကပ်ပါး လွင့်ထွက်သွားပြီးနောက် အရှုံးပေးလိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဒေါက်တာမင်းထင် ကျော်တို့တစ်တွေမှာ သက်

ချနိုင်တော့သည်။

နာဂအကြီးအကဲတစ်ယောက်က ခါးမှကြိုးများကို လာရော

ဖြုတ်ပေးလေသည်။

နာဂမိန်းမပျိုများက အနိုင်ရသော တိုင်းလုံကို အော်ဟစ်

ဂုဏ်ပြုကြလေသည်။

တိုင်းလုံကလည်း ဒါကိုပင် သာဘောကျနေဟန်ဖြင့် သူ့မျက်

ပေါ်မှာ ပီတိအပြုံးများ တဝေဝေဖြစ်နေတော့သည်။

☆☆☆☆☆





အခန်း (၁၂)

## ထရုံခမြစ်ကမ်းပါးမှ လူ့ဖိုက်အန္တရာယ်

နာဂရွာမှ ရှေ့သို့ ခရီးဆက်ခဲ့ကြရာ နောက်ဆုံး ထရုံခချောင်းကမ်းတစ်နေရာသို့ရောက်ခဲ့ကြလေသည်။

ထရုံခမြစ်ကမ်းတစ်လျှောက်မှသွားရသောခရီးလမ်းမှာ ကြမ်းတမ်းလှသည်။

တစ်နေ့လျှင် ခရီးမိုင်အနည်းငယ်သာရောက်ပြီး မကြာခဏ စခန်းချကြရသည်။

အထူးသဖြင့် နန်းမြသီတာကို ငဲ့ညှာသဖြင့် မကြာခဏ နားကြရခြင်းဖြစ်သည်။

သို့သော်လည်း နန်းမြသီတာမှာ ဖွံ့ဖြိုးကောင်းသော အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးပိုပို သူ့အတွက် ခရီးမနှောင့်နှေးရအောင် ကြိုးစားပြီးလိုက်လေသည်။

အဘာယ်မျှပင် ဖွဲ့တင်းထားစေကာမူ ခရီးရှည်လာသည်နှင့်အမျှ အနည်းနှင့်အများတော့ ပင်ပန်းနွမ်းနယ်မှုရှိလေသည်။ စခန်းချမှ စဉ် နန်းမြသီတာက ကိုယ်လက်သန့်စင်ရန် စမ်းချောင်းဘက်သို့ သွားရာ ဒေါက်တာမင်းထင်ကျော်နှင့်ဆုံလေသည်။

"အတော်ပင်ပန်းနေပြီလား မြသီတာ"

"ခရီးသွားတာ ဒီလောက်တော့ အပင်ပန်းခံရမှာပေါ့ ဆရာရယ် ကျွန်မ လိုက်နိုင်ပါတယ်"

"မြသီတာရဲ့ဖွဲ့နဲ့သတ္တိကိုတော့ ချီးကျူးပါတယ်"

နန်းမြသီတာက သွားတက်ကလေးများပေါ်အောင် ပြုံးလိုက်လေသည်။

"ကျွန်မတို့ တောင်ပေါ်သူတွေက ဒီလောက်ပင်ပန်းတာတော့ ခံနိုင်ရည်ရှိကြပါတယ်၊ ကျွန်မအတွက်နဲ့ လမ်းခရီးမှာ အနှောင့်အယှက် ဖြစ်မှာကိုပဲ စိုးရိမ်မိတာပါ"

"ဒီလောက် လူသူအရောက်အပေါက်နည်းတဲ့လမ်းခရီးတွေကို လာမှတော့ အန္တရာယ်ကတော့ အနည်းနဲ့အများ ဆိုသလို တွေ့မှာပါပဲ၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ကျွန်တော်တို့ အစွမ်းကုန် ကာကွယ် စောင့်ရှောက်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ကျွန်မကို ရင်းရင်းနှီးနှီး





ဆက်ဆံပါ ဆရာ၊ ကျွန်တော်တွေ ဘာတွေ မလုပ်ပါနဲ့တော့"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်လေသည်။

ထိုအချိန်မှာပင် တောတိုးလာသောခြေသံကြားရပြီး သုနောင် ရောက်လာသည်။

"ငါက နင်တစ်ယောက်တည်းမှတ်လို့ စိတ်မချတာနဲ့ လိုက်လာတာ၊ ဒီမှာ ဆရာလဲရှိနေတာကိုး"

ဒေါက်တာမင်းထင်ကျော်က အလိုက်သင့်ပြုံးပြကာ နေရာမှ ထွက်သွားလေသည်။

"နေစမ်းပါဦး နင်က ငါ့ကိုစိတ်မချဘူးဆိုရလောက်အောင် နင်နဲ့ငါနဲ့က ဘာဆိုင်လို့လဲ"

"နင့်စကားတွေကလဲ သူစိမ်းဆန်လိုက်တာဟာ၊ ဒီအဖွဲ့ထဲမှာ ငါက နင့်အတွက် စောင့်ရှောက်ပေးရမယ့် လူတစ်ယောက် မဟုတ်ဘူးလား"

"ငါလဲ ငယ်တော့တဲ့အရွယ်မဟုတ်တော့ပါဘူး။ ငါ့ဘာသာ စောင့်ရှောက်နိုင်ပါတယ် သုနောင်ရယ်၊ နင့်အနေနဲ့ ပူစရာမလိုပါဘူး"

"နင် ငါ့အပေါ်မှာဆက်ဆံတာ သိပ်ပြီးစိမ်းတာပဲ။ ငါ့စေတနာ၊ ငါ့မေတ္တာကို နည်းနည်းကလေးမှ အသိအမှတ်မပြုဘူး"

သုနောင်၏အသံမှာ ဝမ်းနည်းသံကြောင့် အနည်းငယ် တုန်ယင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ နင့်ကိုပြောထားပြီးသားပဲ သုနောင်၊ နင့်အပေါ်မှာ မိတ် ဆွေတစ်ယောက်အနေမျိုးနဲ့ ဘယ်တော့မှမပိုနိုင်ဘူး"

ဟုပြောကာ နန်းမြသီတာက ထွက်သွားလေသည်။ ထိုအခါ သုနောင်က မရိုတင်ကဲလေသံဖြင့် ရေရွတ်လိုက်လေသည်။

"နင်က အခုတော့ ဒီစကားမျိုး ပြောနိုင်ပြီပေါ့ဟာ"

ထို့နောက်တွင် ဒေါက်တာမင်းထင်ကျော်ဘို့အဖွဲ့သည် ထရုံ ချောင်းကမ်းပါးတစ်လျှောက်မှ မြစ်ညာဘက်သို့ ဆန်တက်ခဲ့ကြ သည်။

ထရုံချောင်းမှာ ရေစီးသန်လှသည်။

သူတို့သည် မြစ်၏အရှေ့ဘက်ကမ်းသို့ ရောက်အောင်ကူးကြ ရဦးမည်ဖြစ်သည်။

၎င်းတို့အစီအစဉ်ကား မြစ်ကျဉ်းနေရာရောက်တော့မှ သင့် တော်သလို စီစဉ်ကာ တစ်ဖက်ကမ်းသို့ကူးကြရန် စိတ်ကူးကြသော် လည်း လမ်းခုလတ်တစ်နေရာသို့ရောက်သော် တစ်ဖက်ကမ်းသို့ ကူးနိုင်ရန်ပြုလုပ်ထားသောကြိုးတံတားဆီသို့ ရောက်သွားကြသည်။

ကြိုးတံတားမှာ လက်မောင်းလုံးခန့်အရွယ်ရှိသည့် ကြိမ်နွယ် ကြီးများဖြင့် ပြုလုပ်ထားလေသည်။

နာဂတို့ ခရီးသွားရာတွင် လွယ်ကူရန်အတွက် ပြုလုပ်ထားကြ ဟန်ရှိလေသည်။

"လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က ကျုပ်တို့ ဒီနေရာရောက်တော့





ကြိုးတံတား မရှိသေးဘူး"

ဦးရန်နိုင်က ပြောသည်။

၎င်းတို့သည် ကြိုးတံတားဖြင့် တစ်ဖက်ကမ်းသို့ဖြတ်မကူးမီ ကမ်းစပ်ကို လိုက်လံကြည့်ရှုတော့ မြေပျော့သောကမ်းစပ်တစ်နေရာ တွင် လူခြေရာအချို့နှင့် မြင်းခွာရာများကို တွေ့ကြရသည်။

"မကြာသေးခင်က လူနဲ့မြင်းတွေ ကြိုးတံတားကနေ တစ် ဖက်ကမ်းကို ကူးသွားကြတယ်၊ တံတားပေါ်မှာ ရွှံ့တွေပေနေတာ တောင် မခြောက်သေးဘူး"

တိုင်းလုံက တံတားပေါ်မှ ရွှံ့ခြေရာများကို လက်ညှိုးထိုးကာ ပြောသည်။

"ဘယ်သူတွေဖြစ်နိုင်မလဲ"

"ကျွန်တော့်အထင်ပြောရရင်တော့ ကျားကြီးတို့ဂိုဏ်းအဖွဲ့သား တွေပဲ ဖြစ်မှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ကျုပ်တို့ကူးလာမှန်းသိရင် တစ်ဖက်ကမ်းကနေ ဆီးပြီး ဒုက္ခ ပေးနိုင်တယ်၊ ကြိုးတံတားပေါ်ရောက်မှ ဟိုဘက်ကမ်းက ဆီးပစ် ရင် ဘယ်လိုမှ ကာကွယ်နိုင်မှာမဟုတ်ဘူး"

ထိုသို့တိုင်ပင်နေစဉ် တောင်အုပ်ကြီးက လမ်းပြထည့်ပေးလိုက် သော ရီချောင်းက ဝင်ပြောသည်။

"ဒီအတွက် မပူပါနဲ့၊ ညမှောင်တဲ့အချိန်မှာ တစ်ဖက်ကမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ကူးသွားလိုက်မယ်၊ ရန်သူတွေရှိရင် ငါတို့ ဝင်တိုက်နှင့်မယ်၊ ရန်သူတွေမရှိလို့ အချက်ပြလိုက်တော့မှ နင်တို့ ကူးခဲ့ကြပေါ့"

ဟု ပြောသည်။

ရှီချောင်းတို့ နာဂအဖွဲ့မှာ (၁၀)ယောက်ခန့်ရှိသည်။ ၎င်းတို့၌ ရဲတင်း၊ ဓား၊ လှံနှင့် လေးမြား စသည့်လက်နက်များ ပါလာကြသည်။

ရှီချောင်းက ထိုသို့အကြံပေးသဖြင့် ကြိုးတံတားကို ချက်ချင်း မကူးကြသေးဘဲ တံတားနှင့်မလှမ်းမကမ်းတောတွင်းတစ်နေရာ၌ ခေတ္တစခန်းချနေကြသည်။

"မင်းတို့ ဘယ်လိုကူးမလဲ၊ ကြိုးတံတားပေါ်က ကူးမှာလား"

"တံတားပေါ်ကကူးရင် သေနတ်နဲ့လှမ်းပစ်မှာပေါ့၊ တံတား အောက်က ကူးမှာ"

"ဘယ်လိုကူးမှာလဲ"

"ကြိုးနဲ့ဆွဲကူးမှာပေါ့"

"ဒီလိုဆိုရင် ငါတို့ပါ လိုက်မယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်နှင့်အတူ စောထီး၊ မေဲ အောင်၊ တိုင်းလုံ တို့ပါ လိုက်သွားရန် ပြင်ကြသည်။

ကျန်လူများကိုတော့ တစ်ဖက်ကမ်းမှသာ စောင့်နေစေသည်။ ညဦးပိုင်းအချိန်ရောက်တော့ တောရိပ်တောင်ရိပ်များဖုံးလွှမ်းသွား လေသည်။ ထရံခချောင်းရိုးတစ်လျှောက်မှာတော့ သစ်ပင်ရိပ်များ လွှတ်ကင်းသဖြင့် ကောင်းကင်မှ အလင်းရောင်အချို့ ကျခင်းနေ





သည်။ တစ်ဖက်ကမ်းကို အခြေအနေလှမ်းကြည့်တော့ မသင်္ကာစရာ ကိုယ်အယောင် မတွေ့ရပေ။

အမှောင်ဖုံးသွားသောအခါ တစ်ဖက်ကမ်းသို့ကူးရန် ပြင်ကြ သည်။

ရှီချောင်း က သူ ပြုလုပ်ထားသောကိရိယာအချို့ကို ပေး သည်။

ကြိုးစဖြင့်တွဲချည်ထားသည့် သစ်ကိုင်းချိတ်များပင်ဖြစ်သည်။ ကြိုးဘံတားအောက်မှ ချိတ်ဖြင့်ချိတ်ကာ ဆွဲကူးရန်ဖြစ်သည်။ ကလူမျိုးတို့၏ ဒေသသုံး အရေးပေါ်လက်နက်ကိရိယာတစ်မျိုး ဖြစ်တော့သည်။

သစ်ကိုင်းဖြင့် ပြုလုပ်ထားသောချိတ်မှာ သစ်ပင်မှ သဘာဝ တိုင်းဖြစ်နေသည့် လက်မောင်းလုံးအရွယ်ခန့်ချိတ်ကို ခုတ်ယူ၍ ယ်ကြိုးဖြင့်တွဲချည်ထားခြင်းဖြစ်၏။

ထိုချိတ်ဖြင့်ကြိုးတံတားမှ ကြိုးများကို ချိတ်ဆွဲပြီး တစ်ဆင့်ပြီး စ်ဆင့် ရှေ့သို့ကူးသွားကြခြင်းဖြစ်သည်။ ချိတ်နှစ်ချောင်းကိုင်ထား တစ်ချိတ်က ချိတ်ထားစဉ်မှာ ကျန်ချိတ်တစ်ခုက ရှေ့သို့ လှမ်း တ်ကာ တစ်ဖက်ရောက်အောင်ကူးသွားခြင်းဖြစ်၏။

အကယ်၍ လက်ချော်သွားလျှင်သော်မှ ကြိုးပြင့်တွဲထားသော ကြောင့် ပြုတ်မကျနိုင်ပေ။

တံတားမှာ အတော်ကြီးသဖြင့် တံတားအောက်မှ ကူးသွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ကို တစ်ဖက်ကမ်းမှ ရန်သူများရှိနေလျှင်သော်မှ လှမ်းမမြင်နိုင်ပေ။

ရှေ့ဆင့်နောက်ဆင့် ဆိုသလို တစ်ယောက်ပြီးတစ်ယောက် ကူးသွားရာ နောက်ဆုံး အားလုံး တစ်ဖက်ကမ်းရောက်သွားကြသည်။ ဒီနေရာမှာတော့ ရီချောင်းတို့ နာဂအဖွဲ့များက ညဥ့်အချိန်တောနက်ထဲ၌ သွားလာလှုပ်ရှားကြရာတွင် ခြေသံလည်းလုံ၊ ကျွမ်းကျင်မှုလည်းရှိသောကြောင့် လက်တွေ့မြင်ကြရသည်။

တံတားခြေသို့ရောက်ပြီး တောတွင်းမှဝင်သွားစဉ်ကပင် ရှေ့၌ ရန်သူရှိနေကြောင်း အချက်ပြသည်။

သို့ကြောင့် လက်နက်များကို အသင့်ပြင်ကာ ခြေသံလုံလုံဖြင့် ရှေ့သို့တိုးသွားကြသည်။

တံတားထိပ်တည့်တည့် သစ်ပင်အကွယ်များနောက်မှာတော့ သေနတ်များကိုကိုင်ကာ အသင့်စောင့်ဆိုင်းနေကြသော ရန်သူများကို လှမ်းမြင်ရသည်။

၎င်းတို့မှာ အားလုံး(၁၀)ယောက်ရှိပြီး သေနတ်ကိုယ်စီ ကိုင်ထားသည်။

တံတားတစ်ဖက်၌ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ရောက်နေမှန်းသိသဖြင့် အကယ်၍ တံတားပေါ် မှဖြတ်ကူးလာပါက တံတားထိပ်မှပစ်ခတ်ရန် အဆင်သင့်စောင့်နေကြခြင်းဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က သူတို့အပြင် အခြားရန်သူများ ရှိ၊





ရှိကို သိစေရန် တိုင်းလုံနှင့် နာဂအချို့ကို လျှို့ဝှက်စွာ လွှတ်လိုက်ပြီး စုံစမ်းစေရာ အတန်ကြာတော့ ပြန်ရောက်လာသည်။

"ကျန်တဲ့ရန်သူတွေ မရှိဘူး ဆရာ၊ ဒီနားမှာတော့ သူတို့ပဲရှိတယ်"

တိုင်းလုံ က တိုးတိုးပြောသည်။

"ကျန်တဲ့လူတွေက ရှေ့ကိုသွားနှင့်ကြပြီနဲ့တူတယ်၊ ဒီလူတွေက ငါတို့ကို ဒုက္ခကောင်းကောင်းပေးဖို့ စောင့်နေကြတာဖြစ်မယ်"

"သူတို့မြင်းတွေကို ဟိုဘက်မှာချည်ထားတာ တွေ့ခဲ့တယ်၊ မြင်းတွေအနားမှာလဲ သုံးယောက်ရှိဘယ်"

သို့ကြောင့် ဒေါက်တာမင်းထင်ကျော် က မြင်းများရှိသောနေရာမှ ရန်သူများကို သုတ်သင်ရန် နာဂအချို့ကို လွှတ်လိုက်လေသည်။

"အသံမထွက်အောင် သုတ်သင်ကြရမယ်"

ဒေါက်တာမင်းထင်ကျော် စေခိုင်းသည့်အတိုင်း နာဂများက အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ကလည်း သစ်ပင်ကွယ်များနောက်တွင် စောင့်ဆိုင်းနေကြသော ရန်သူများကို သုတ်သင်ရန် တစ်ယောက်ချင်းတာဝန်ပေးလိုက်သည်။

သူကိုယ်တိုင်လည်း သေနတ်သမားတစ်ယောက်ဆီသို့ ချဉ်းကပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာတော့ အသွားနှစ်ဖက်နှင့် အမဲလိုက်ဓားမြှောင်တစ်ချောင်း ကိုင်ထားသည်။

သူ မှာလိုက်သည့်အတိုင်းပင် တစ်စက်ကလေးမှ အသံမထွက်လိုက်ပေ။

အမှောင်ထဲမှ လှစ်ခနဲထွက်လာသော အဆိပ်လူးမြား ပေါက်ဓားများက ရန်သူများအား အသီးသီးစိုက်ဝင်သွားရုံမက အနီးကပ်ပစ်လွှတ်လိုက်သော ရဲတင်းနှင့်လှံများကလည်း သက်ဆိုင်ရာရန်သူများ၏အသက်ဇီဝိန်ကို လျှပ်တစ်ပြက်အတွင်း ခြွေလိုက်ကြလေသည်။

အတန်ကြာတော့ လွှတ်လိုက်သောနာဂများ ပြန်ရောက်လာသည်။ ၎င်းတို့နှင့် ရန်သူများ၏မြင်းများနှင့်သေနတ်များ ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကလည်း သေဆုံးသွားသော ရန်သူများထံမှ သေနတ်များကို ကောက်ယူလိုက်ကြလေသည်။

ထို့နောက် ...

ဒီဘက်ကမ်းမှ မီးရောင်ဖြင့် အချက်ပြလိုက်သောအခါ တစ်ဖက်ကမ်းမှာစောင့်နေကြသူများ တစ်သုတ်ပြီးတစ်သုတ် ကူးလာကြလေသည်။

"အခြေအနေ ဘယ်လိုလဲ ဆရာ"

"ကျွန်တော်တို့ ဖြတ်အကူးမှာ ဒုက္ခပေးဖို့စောင့်နေတဲ့ရန်သူတွေ





ကိုတော့ သုတ်သင်ပြီးပါပြီ၊ ကျန်တဲ့ရန်သူတွေတော့ မတွေ့ရတော့ဘူး"

"ဘယ်အဖွဲ့တွေလဲ"

"ကြည့်ရတာတော့ ကျားကြီးရာဇာဂိုဏ်းသားတွေ ဖြစ်မယ်ထင်ပါတယ်"

"ဒီလိုဖြင့် သူတို့တစ်တွေက ကျုပ်တို့ရှေ့က သွားနှင့်ကြတာသေချာပြီ"

"မြေပုံမရှိဘဲ ဘယ်လိုသွားကြတာလဲ"

"သူတို့အဖွဲ့ထဲမှာ ဒီလမ်းကိုသွားဖူးတဲ့လူတစ်ယောက်ရှိတယ်၊ ဖမုန်းထန် လို့ခေါ်တယ်။ ကိုင်းလုံ ကတော့ ဟိုမှာတင်ဖမ်းမိလို့ ကျန်ခဲ့တယ်၊ ဖမုန်းထန် က ကျုပ်ဘိုးနဲ့အတူ ဒီခရီးကို သွားဖူးတယ်။ ဒီ စထွက်ထွက်ချင်းက မြေပုံမပါဘဲ သွားလို့မလွယ်ပေမယ့် ထရုံချောင်းကိုရောက်ရင်တော့ သွားရလွယ်ကူသွားပြီ၊ ဒီချောင်းအတိုင်း ဆန်တက်သွားရင် လူမျက်နှာဘောင်ကို ရောက်နိုင်တယ်"

"ဒီလိုဆိုရင် သူဟို့က ကျုပ်တို့နောက်က ခြေရာခံလိုက်လာကြပြီး ကျုပ်တို့ နာဂရွာမှာ ရက်ကြာနေတုန်း သူတို့က [illegible]တ်တားကို အရင်ရောက်နှင့်တာဖြစ်မယ်"

နာဂတောင်တန်းပေါ် ရောက်လာတည်းက သူတို့က ရှေ့ကိုရောက်နှင့်နေကာပျ။ ဒါကြောင့် နာဂရွာကို မီးရှို့ထားခဲ့ပြီးတော့ နာဂတွေနဲ့ ရန်တိုက်ထားပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရှေ့မှာ ရန်သူတွေရှိနေမှန်း သိတော့ ပိုပြီးဂရုစိုက်ကြရမှာပေါ့"

"မပူပါနဲ့ ငါတို့က ရှေ့ကနေပြီး ကင်းထောက်ပြီး သွားပေးမယ် အန္တရာယ်တွေ့ရင် လာပြီးအကြောင်းကြားမယ်"

ဟု ရီချောင်းတို့နာဂများက ပြောလေသည်။

ထိုနေ့ညကတော့ အချိန်မရှိသဖြင့် ထရုံခအရှေ့ဘက်ကမ်း တစ်နေရာမှာပင် စခန်းချနေကြရပေသည်။

☆★☆★☆





အခန်း (၁၃)

## ဂူအတွင်းမှ မရဏာထောင်ချောက်

ဒီနေရာတွင် ဒေါက်တာမင်းထင်ကျော်တို့ရှေ့မှ သွားနေကြသော ကျားကြီးရာဇာဂိုဏ်းသားများအကြောင်းကိုလည်း ရေးသားဖော်ပြရန်ရှိပေသည်။

၎င်းတို့အဖွဲ့ကို လမ်းပြခေါ်ဆောင်သွားသူမှာ တစ်ချိန်က ဦးဘကျော်သာတို့နှင့် လမ်းပြလိုက်ခဲ့ဖူးသော ဇမုန်းထန် ပင်ဖြစ်သည်။ ဇမုန်းထန် ၏လက်ထောက်ချမှုကြောင့် ဦးဘကျော်သာနှင့် ဦးရန်နိုင်တို့ထံတွင် မြေပုံရှိမှန်းသိရရုံမက လူမျက်နှာတောင်သို့သွားရန် လမ်းကြောင်းကိုပါ သိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှုမျက်နှာတောင်ရဲ့ အတွင်းဘက်မှာ ရတနာတွေ အများ ကြီးရှိပုံရတယ်၊ သူဘိုနှစ်ယောက်တော့ ရွှေခွက်တစ်လုံးစီရလာ တယ်၊ နောက်ပြီး အဖိုးတန်သတ္တုခဲတွေလဲ အများကြီးရှိတယ် ပြောသံကြားရတယ်"

"ဘယ်လိုသတ္တုခဲတွေလဲ၊ ရွှေတုံးတွေလား"

"ဘာတွေလဲတော့မသိဘူး၊ ဒါပေမယ့် အဲဒီသတ္တုခဲတွေက ရွှေတုံးထက်ပိုပြီးတန်ဖိုးရှိတယ်လို့ ပြောသံကြားရတာပဲ"

"ဟင် ..."

ကျားကြီးမှာ ထိုစကားကြားသောအခါ များစွာ စိတ်ဝင်စား သွားလေသည်။

"ကမ္ဘာပေါ်မှာ ရွှေဆိုတာ တန်ဖိုးအရှိဆုံးပါပဲ၊ ရွှေထက် ပိုပြီး တန်ဖိုးရှိတယ်ဆိုတော့ ဘယ်လိုဟာမျိုးတွေပါလိမ့်၊ဒါထက် အဲဒီ ထဲမှာ ဘယ်သူတွေရှိသလဲ"

"ကျုပ် သိသမျှတော့ နာဂအဘိုးကြီးတစ်ယောက်ပဲ ရှိတယ် တခြား ဘယ်သူမှရှိတဲ့ပုံမပေါ်ဘူး။ အဲဒီနေရာကို သူတို့ထက် အရင်ရောက် အောင်သွားနိုင်ရင်တော့ ဆရာ ချမ်းသာမှာ မုချပဲ"

"သွားတာကတော့ ဟုတ်ပါပြီ၊ ငါတို့မှာ မြေပုံမှမပြည့်စုံတာ ဘယ်လိုသွားမလဲ"

"အဓိကအရေးကြီးတာက ထရုံခချောင်းကိုရောက်ဖို့ပဲ။ ထရုံခ ချောင်းရောက်လို့ ချောင်းရိုးအတိုင်း အထက်ကိုဆန်တက်သွားရင်





လှုမျက်နှာတောင်ကိုရောက်ဖို့ မခဲယဉ်းလှဘူး"

"မင်းပြောတဲ့ ထရုံခချောင်းရောက်အောင် ဘယ်လိုသွားမလဲ"

"ဆရာက မြေပုံရအောင်ကြိုးစားနေတော့ ခက်နေတာပေါ့။ အခု သူတို့တစ်တွေ ခရီးထွက်ကြဖို့ ပြင်ဆင်နေကြပြီလို့ သတင်း ကြားရတယ်၊ သူတို့ ခရီးထွက်တာနဲ့ နောက်ယောင်ခံပြီးလိုက်သွား ရင် မြေပုံမလိုတော့ဘူးပေါ့၊ လမ်းရောက်တော့မှ သူတို့ ဆက်မသွား နိုင်အောင် အနှောင့်အယှက်တစ်ခုခုပေးပြီး ကျုပ်တို့က ရှေ့ဆက် သွားရုံပဲပေါ့"

"အင်း ဒီအကြံ မဆိုးလှဘူး၊ မင်းလဲ အဲဒီနေရာတွေကို တစ် ခေါက် ရောက်ဖူးတော့ သိပ်ခဲယဉ်းမယ်မထင်ဘူး။ ဒီလိုဆိုရင်လဲ အဲဒီ အစီအစဉ်အတိုင်း သွားကြရုံပေါ့ကွာ"

ထိုသို့ပြောဆိုတိုင်ပင်ကာ ခရီးထွက်ရန်ပြင်ကြလေသည်။

ဦးဘကျော်သာ ထံမှာ အတွင်းလူအဖြစ်ထည့်ထားသော ကိုင်းလုံမှာ ဖမ်းမိသွားသောကြောင့် အတွင်းသတင်းများမရတော့ သဖြင့် စီစဉ်ရတာ အခက်အခဲတော့ရှိကြသည်။

သို့သော်လည်း ဒေါက်တာမင်းထင်ကျော်တို့ ခရီးထွက်ကြ သောအခါ နောက်ယောင်ခံကာလိုက်နိုင်ကြလေသည်။

နာဂတောင်တန်းပေါ်ရောက်သောအခါ နာဂရွာတစ်ရွာကို မီးရှို့၍ နောက်မှလိုက်သော ဒေါက်တာမင်းထင်ကျော်တို့တစ်တွေ နာဂများနှင့် ပြဿနာဖြစ်အောင်ဖန်တီးထားခဲ့သေးသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့မှာ ကံအားလျော်စွာ လွတ်မြောက်သွာ ကြလေသည်။

ကြိုးတံတားရောက်ပြန်တော့ ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့ ဖြတ်ကူးလာလျှင် သုတ်သင်ရှင်းလင်းရန် လက်ဖြောင့်သေနတ် သမားများကို အစောင့်ခိုင်းထားခဲ့သည်။

ပြီးမှ ထရုံခချောင်းရိုးအတိုင်း မြစ်ညာမြစ်ဆုံဂူရှိရာသို့ ဆန်တက် သွားကြလေသည်။

၎င်းတို့အဖွဲ့မှာ လူ(၁၅)ယောက်ခန့်သာ ကျန်တော့သည် လူမျက်နှာတောင်ခြေသို့ရောက်သောအခါ ဂူပေါက်အတွင်းသို့ ချက် ချင်းမဝင်ကြသေးဘဲ အခြေအနေကို စောင့်ကြည့်ကြသေးသည်။

ထို့ပြင် ဂူအတွင်းသို့ဝင်ရန်မှာ ဝါးဖောင်များလိုသဖြင့် ဝါးများကို ခုတ်ယူ၍ ဝါးဖောင်များပြုလုပ်ကြလေသည်။

တဖြည်းဖြည်းနှင့် မှောင်လာသောအခါ ဂူပေါက်ဝနှင့် မလှမ်း မကမ်းရှိ တောရှင်းသောနေရာ၌ စခန်းချနေကြလေသည်။ တန် ဆော်င်မုန်းလဆန်းရက်ဖြစ်သောကြောင့် ကောင်းကင်ပေါ်မှာ လရောင်က ရှိနေသည်။

လပြည့်ရက်မဟုတ်သောကြောင့် တစ်ဝက်မျှသာလင်းနေလေ သည်။

ဆောင်းဝင်ခါစလမို့ အအေးဓာတ်များက တစိမ့်စိမ့်ဝင်လာ၍ ဖိုထားသောမီးဖိုမှ အပူငွေ့ကိုသာ အားပြုနေကြရသည်။





ထို့ပြင် မြူနှင်းများကလည်း တဖွဲဖွဲကျဆင်းလာရာ အအေး ဓာတ်ကို ပိုများလာစေရုံမက ပတ်ဝန်းကျင်တစ်ဝိုက်ကို သဲသဲကွဲကွဲ မမြင်ရလောက်အောင် မှုန်ဝါးလျက်ရှိနေတော့သည်။

ကျားကြီးတို့အဖွဲ့မှာ ညဥ့်နက်ပိုင်းရောက်လာသည်အထိ အခြေအနေကို စောင့်ကြည့်သော်လည်း သိပ်ထူးထူးခြားခြားမမြင်ရ သဖြင့် အချို့သာ မီးလှုံရင်း ကင်းစောင့်နေကြပြီး အချို့ကတော့ အိပ်ကြလေသည်။

ညဥ့်နက်ပိုင်းရောက်သောအခါ အဝေးဆီမှ ထူးခြားသောအသံ များပေါ်လာသဖြင့် ကင်းစောင့်နေသူများက နားစွင့်လိုက်ကြသည်။

"ဖန်း ဖန်း ဖန်း ဖန်း"

"ဘာသံတွေလဲ"

"မသိဘူး၊ အဝေးကလာတဲ့အသံပဲ"

နားစွင့်နေရင်းမှပင် အသံများက ပိုနီးလာသည်။ ခဏကြာ တော့ မည်းမည်းသဏ္ဍာန်ကြီးများ ကောင်းကင်မှဝဲပျံလာသည်ကို လှမ်းမြင်ရသည်။

"ဟိုမှာ ဘာကောင်ကြီးတွေလဲ"

"ကောင်းကင်က ပျံလာမှတော့ ငှက်ကြီးတွေမဟုတ်ဘူးလား"

"ငှက်တွေကလဲ ကြီးလှချည်လား"

လှမ်းကြည့်နေရင်းမှပင် ကောင်းကင်မှဝဲပျံလာသောမည်းမည်း သဏ္ဍာန်ကြီးများက သူတို့ခေါင်းပေါ်သို့ ရောက်လာသည်။ တော့

www.burmeseclassic.com



ကြည့်လိုက်တော့ အတောင်ပံကြီးများ တဖျမ်းဖျမ်းခတ်ရင်း သူတို့
အပေါ်မှ ဝဲကြည့်နေကြသည်။ ငှက်ကြီးများကို ဝိုးတဝါး မြင်ကြ
သည်။

"ဖြန်း ဖြန်း ဖြန်း ဖြန်း"

အတောင်ပံကြီးမှာ ကြီးယွန်းပြီး ဟဖြန်းဖြန်းခတ်လိုက်သော
အရှိန်မှာ ရဟတ်ယာဉ်တစ်စီး မြေသို့ဆင်းကာနီး လေဟပ်သကဲ့သို့
ဖြစ်ကာ မီးဖိုပင်ငြိမ်းလုနီးပါးဖြစ်သွားသည်။

ထိုလေဟပ်မှုကြောင့် အိပ်ပျော်နေသူများပင် လန့်နိုးလာတော့
သည်။

"ဘာဖြစ်တာလဲ၊ လေပြင်းကျလာတာလား"

"မဟုတ်ဘူး၊ ဟို... ဟိုမှာ ..."

အစောင့်များက လက်ညှိုးထိုးပြသဖြင့် ကောင်းကင်သို့ မော့
ကြည့်ကြသည်။

"ဟာ ဘာကောင်ကြီးတွေလဲ"

"ငှက်ကြီးတွေမဟုတ်လား၊ အတောင်ပံခတ်လို့ လေဟပ်တာ
နဲ့တင် ဒီမှာ သေလောက်တယ်၊ သေနတ်နဲ့ပစ်ကြပါလားဟ"

ဟု ကျားကြီးက အမိန့်ပေးလိုက်ရာ အချို့က သေနတ်နှင့်
ချိန်ကာပစ်သည်။

"ဒိုင်း ဒိုင်း ဒိုင်း"

ထိုအခါ ငှက်မည်းကြီးများက လင်းနို့များပမာ အကော်





အရွယ်အစားနှင့်မလိုက်အောင် လျင်မြန်စွာဖြင့် အောက်သို့ထိုးဆင်း
လာကာ သေနတ်သမားနှစ်ယောက်ကို ကုပ်ယူသွားတော့သည်။

"အား ..."

ငှက်မည်းကြီးများက မြေပေါ်သို့ထိုးဆင်းလာပြီး အတောင်ပံ
ဖြင့်ဖိကာ တဖြည်းဖြည်းရိုက်သဖြင့် လူများမှာ မြေပြင်ပေါ်သို့ ဝပ်ကျ
သွားကာ သေနတ် တခြား၊ လူ တခြား ဖြစ်သွားကြတော့သည်။

ထို့ထက် မီးပုံပါ ငြိမ်းသွားသဖြင့် ပတ်ဝန်းကျင်၌ မှောင်ကျသွား
လေတော့သည်။

၎င်းတို့၏တောင်ပံများမှာ လင်းနို့တောင်ပံနှင့်တူပြီး သားရေ
ပြားကြီးများကဲ့သို့ ရှိလေသည်။

လက်ဖျံရိုးမှထွက်လာသောအရိုးများက ထီးကိုင်းများသဖွယ်
အတောင်ပံများကို ဖြန့်ကားထားစေသည်။

လက်ဖျံရိုးက အနည်းငယ်လှုပ်လိုက်ရုံနှင့် အတောင်ပံများက
တဖြန်းဖြန်းခတ်နေတော့သည်။

ကိုယ်ခန္ဓာမှာ လူခန္ဓာကိုယ်ပင်ဖြစ်ပြီး မျက်နှာမှာ လူမျက်နှာ
နှင့် လင်းနို့မျက်နှာရောစပ်ထားသကဲ့သို့ရှိလေသည်။

တစ်ကိုယ်လုံး အရိုးပေါ် အရေအုပ်ထားသကဲ့သို့ရှိပြီး မည်းနက်
နေသည်။

မျက်လုံးများမှာ ရဲရဲနီနေပြီး ပါးစပ်အတွင်း၌ သွားနှင့်အစွယ်
များရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဂိုး' ခနဲမာန်ဖီလိုက်သည့်အခါ အစွယ်နှင့်သွားများက အရှေ့သို့ ခေါ်ထွက်လာသည်။

လက်ချောင်း၊ ခြေချောင်းများမှာလည်း လူ့ခြေ လူ့လက်နှင့် တူသော်လည်း ပိုရှည်သည်။

အရိုးကျနေသောလူသေကောင်လက်နှင့် ပုံသဏ္ဌာန်တူပြီး ချွန်ထက်သောလက်သည်းရှည်များရှိသည်။

၎င်းတို့သည် ကောင်းကင်မှအရှိန်နှင့် ထိုးဆင်းချလာကာ သေနတ်ဖြင့်ပစ်ရန်ပြင်နေသူများ အပေါ်သို့ အုပ်ချလိုက်သည်။ ၎င်းနောက် ကြီးမားသောအတောင်ပံကြီးများဖြင့် တဖြန်းဖြန်း ရိုက်လိုက်သည်။

ပြီးမှ လူများကို ခြေသည်းရှည်ဖြင့် ကုပ်ဆွဲကာ ကောင်းကင်သို့ ပျံတက်သွားကြတော့သည်။

လူတစ်ယောက်ကို ကုပ်ချီသွားပုံမှာ သိန်းငှက်တစ်ကောင်က ငှက်ကလေးတစ်ကောင်ကို သက်သောင့်သက်သာချီသွားသည့်ပုံမျိုးဖြစ်သည်။

"လူနှစ်ယောက် ပါသွားပြီ"

"ဘာကောင်ကြီးတွေလဲ"

"ငှက်ကြီးတွေမဟုတ်ဘူးလား"

"မဟုတ်ဘူးထင်ကယ်၊ ငါမြင်လိုက်တာကတော့ ကြောက်စရာကောင်းတဲ့လူမျက်နှာကြီးတွေနဲ့ တူနေတယ်"





"ဒါထက် ငါတို့လူနှစ်ယောက်ကို ဘယ်ချီသွားတာလဲ"

"ဟို လူမျက်နှာနဲ့တူတဲ့တောင်ထိပ်ပေါ်ကို ချီသွားတာ မြင်လိုက်ရတယ်"

သူတို့ရှိနေသောနေရာမှ လှမ်းကြည့်လျှင်တော့ နှင်းမှုန်နှင်းဖွဲများခံနေသောကြောင့် လူမျက်နှာတောင်ပေါ်သို့ လှမ်းမမြင်ကြရပေ။

သို့သော်လည်း ကြောက်မက်ဖွယ်ကောင်းသောအော်သံများကိုတော့ အတိုင်းသားကြားနေရသည်။

"အား ... သေပါပြီဗျို့၊ ကယ်ကြပါဦး"

"ကယ်ကြပါဦးဗျာ၊ ကျုပ်တို့ကို သတ်စားနေပါပြီ"

"အား ... အား ... "

ငယ်သံပါအောင်အော်ဟစ်လိုက်သံများကို ကြားနေရသူများမှာ ထိတ်လန့်တကြားဖြစ်နေကြသည်။

မျက်စိမျက်နှာပျက်နေကြသည်။

ကျားကြီးကိုယ်တိုင် သေနတ်ကြီးတကိုင်ကိုင်နှင့် ဘယ်လိုလုပ်ရမှန်းမသိအောင်ဖြစ်နေတော့သည်။

ထိုအခိုက်မှာပင် ဗိုးခနဲအသံတစ်သံနှင့်အတူ ၎င်းတို့အနီးသို့ အရာဝတ္ထုတစ်ခု ဗုန်းခနဲပြုတ်ကျလာသည်။

ကြည့်လိုက်တော့ သူတို့အဖွဲ့ထဲမှလူတစ်ယောက်ဖြစ်သည်။ ကျားကြီးက လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သည်။



www.burmeseclassic.com

"ဟာ.."

"ဘယ်လိုဟာကြီးလဲဟ"

ထိုလူမှာ မျက်စိများပေါက်နေပြီး ဝမ်းဗိုက်တစ်ခုလုံးလည်း ဟင်းလင်းပွင့်နေသည်။ အူများမှာ ဗိုက်ထဲမှ တိုးလိုးတွဲလောင်း ထွက်ကျနေသည်။

ထိုအနိုက်မှာပင် အဝေးဆီမှ တဖြန်းဖြန်းနှင့် အတောင်ခတ်လာသံများကို ကြားရပြန်သည်။

ခဏကြာတော့ မည်းမှည်းသဏ္ဍာန်များက သူတို့အပေါ်မှ ဝဲနေကြပြန်သည်။

"ဆရာကြီး ဒီအပြင်မှာဆက်နေလို့တော့မဖြစ်တော့ဘူး၊ ဂူထဲဝင်ပြေးမှ ရတော့မယ်"

ဟုပြောကာ အသင့်ပြုလုပ်ထားသောဖောင်များက အပေါ်သို့တက်ကာ ရေစီးနှင့်အတူ ဂူအတွင်းသို့ ဝင်သွားကြသည်။

ဂူအတွင်းပိုင်းရောက်တော့ အလင်းရောင်မရှိသောကြောင့် မှောင်မည်းလျက်ရှိသဖြင့် လက်နှိပ်ဓာတ်မီးရောင်ဖြင့် ထိုးကြည့်ရသည်။

ရေစီးက ဂူအတွင်းပိုင်းသို့စီးဝင်နေရာ ဖောင်များကလည်း ရေစီးနှင့်အတူ အလိုအလျောက် ပါသွားလေသည်။

အမှောင်ထဲမှာမို့ ကျောက်စိမ်းများ၊ ကျောက်ဆောင်များနှင့် မတိုက်မိအောင် သတိကြီးစွာထားနေရသည်။





သို့သော်လည်း အပြင်မှာနေတာထက်စာလျှင် ဂူအတွင်းမှာ ရောက်နေတာက အန္တရာယ်ပိုကင်းသည်ဟု ထင်နေကြသည်။

သို့ သော် .....

သူတို့ အထင်မှားကြောင်းနောက်မှ သိကြရသည်။

အဟွင်းဘက် အတန်ငယ်ဝင်သွားသောအခါ ကျောက်ဆောင်တစ်ခုအပေါ်မှာ ရပ်နေသော ဖြူဖြူသဏ္ဍာန်တစ်ခုကို လှမ်းမြင်ရသည်။

ကျားကြီးက သေနတ်ဖြင့်ချိန်ရင်း မီးရောင်ဖြင့်လှမ်းထိုးလိုက်သည်။

ကျောက်ဆောင်ပေါ်မှာရပ်နေသူမှာ အသက်အရွယ်ကြီးလှပြီဖြစ်သော နာဂကြီးတစ်ယောက်ပင်ဖြစ်သည်။

ဖောင်က နာဂကြီးရပ်နေသည့်ကျောက်ဆောင်အနီးသို့ သွားကပ်လေသည်။

ထိုအခါ ဇမုန်းထန် က နာဂကြီးကို ကောင်းစွာ မှတ်မိသွားသည်။

"ဆရာ အဲဒါ တစ်ခါတုန်းက ဦးဘကျော်သာတို့ကို ဂူထဲ ခေါ်သွားတဲ့ နာဂကြီးပဲ"

ဟု တိုးတိုးကပ်ပြောလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ"

နာဂကြီးက လှမ်းမေးသည်။

www.burmeseclassic.com



ထိုအခါ .....

ဓမုန်းထန် က ဟန်မပျက်ဝင်ပြောလိုက်သည်။

"ကျုပ်တို့ တစ်ခါက ဒီဂူထဲကို ရောက်ခဲ့ဖူးပါတယ်၊ ခင်ဗျားကို ဆေးကုပေးခဲ့တဲ့လူတွေပါ"

ထိုစကားကြားသောအခါ နာဂကြီးက အတန်ကြာအောင် ငြိမ်သက်သွားလေသည်။

"မင်းတို့မှာ ငါပေးလိုက်တဲ့ အမှတ်အသားပစ္စည်း ပါတယ်မဟုတ်လား၊ အဲဒါကို အရင်ပြပါ"

နာဂကြီးက ၎င်းပေးလိုက်သော ရွှေခွက်နှစ်လုံးကိုပြခိုင်းခြင်းဖြစ်သည်။

ထိုစကားကြောင့် .....

ဓမုန်းထန်မှာ အခက်တွေ့သွားလေသည်။

"ဟို... ဟို အဲဒီပစ္စည်းတွေ နှစ်ကြာတော့ မရှိတော့ပါဘူး"

"အဲဒီပစ္စည်းနှစ်ခုမပါဘဲ ဂူအတွင်းကို ဝင်လို့မရဘူး"

"ဘာကြောင့်လဲ"

"ဝင်ရင် ပြန်လမ်းမရှိဘူး"

"အဲဒါ ခင်ဗျားအပူမဟုတ်ပါဘူး၊ ကျုပ်တို့သဘောနဲ့ဝင်တော့ ဘာတတ်နိုင်မှာမို့လဲ"

"မင်းတို့ လူဇာတိမ်တွေဆိုတာ ငါ သိပါတယ်၊ ငါကတော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး"





ထိုစကားကြားသောအခါ ကျားကြီးက ဒေါသဖြစ်သွားဟန်ဖြင့် လက်ထဲမှသေနတ်ဖြင့် နာဂကြီးကို ပစ်ချလိုက်သည်။

"ဒိုင်း ဒိုင်း"

သေနတ်ကျည်ဆန်ထိမှန်သဖြင့် နာဂကြီးမှာ ကျောက်ဆောင်ပေါ်မှာ လဲကျသွားလေတော့သည်။

ထို့နောက် .....

ဂူအတွင်းသို့ဆက်ဝင်လာကြသည်။

တစ်နေရာသို့ရောက်သောအခါ ဝါးဖောင်က ရေ့ငြိပေါ်နေသော ကျောက်ဆောင် တစ်ခုကိုပြေးဆောင့်မိလေသည်။

ထိုသို့ဆောင့်မိလိုက်သည်နှင့် ကျောက်တုံးကြီးက လှုပ်ရှားသွားကာ တဝေါဝေါနှင့်အသံမြည်ကာ အောက်သို့မြုပ်ကျသွားလေတော့သည်။

"ဟင် ..."

"ကျောက်တုံးကြီး ရေအောက်မြုပ်သွားပြီဟ"

ထိုကျောက်တုံးကြီး မြုပ်သွားသောနေရာမှာ ချက်ချင်း ဆိုသလို ဝဲကတော့ကြီးလည်လာရာ ဖောင်မှာလည်း ချာလည်လည်နေတော့သည်။

ဝဲကတော့အတွင်းမှလွတ်အောင်ကြိုးစားသော်လည်း မလွတ်ကြတော့ပေ။

"ဝေါ ဝေါ ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



ဝဲကတော့မှာ တဖြည်းဖြည်း အရှိန်ပြင်းလာကာ စုပ်ဝဲသဏ္ဌာန် ဖြစ်ကာ တွင်းနက်ကြီးဖြစ်သွားတော့သည်။

ထိုအခါ ကျားကြီးတို့လိုက်ပါသွားသောဝါးဖောင်မှာလည်း တွင်းနက်ကြီးအတွင်းသို့ ဖင်ထောင်ကာစိုက်ဆင်းကျသွားလေတော့သည်။

"အား ..."

တကယ်တော့ လိုဏ်ဂူအတွင်းရှိ ကျောက်တုံးကြီးအချို့မှာ မရဏာထောင်ချောက်များဖြစ်နေသည်ကိုတော့ ကျားကြီးနှင့် မှုန် ထန်တို့တစ်တွေ သိခွင့်မရကြတော့ပေ။

☆★☆★☆





အခန်း (၁၄)

## လူမျက်နှာတောင်ခြေမှ အလောင်းများ

ထရုံခမြစ်ကမ်း ကြိုးတံတားအကူး၌ စောင့်ဆိုင်းနေကြသော ရန်သူများအား သုတ်သင်ရှင်းလင်းပြီးနောက်ပိုင်း ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ ထရုံးချောင်းရိုးအတိုင်း မြစ်ညာဘက်သို့ ဆန်တက်ခဲ့ကြလေသည်။

လမ်းခရီးတစ်လျှောက်မှာ နောက်ထပ် အနှောင့်အယှက်တစ်စုံတစ်ရာ ထပ်မတွေ့ရတော့ဘဲ ခရီးဆက်နိုင်ခဲ့ကြရာ နောက်ထပ်တစ်ညအိပ်ခရီးခန့်သွားလျှင် လူမျက်နှာတောင်သို့ရောက်နိုင်တော့မည်ဖြစ်ကြောင်း နာဂအမျိုးသား ရီချောင်း က ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့လည်း ရီချောင်းမှာ သူတို့အဖွဲ့အတွက် လမ်းပြကောင်းတစ်ယောက်ဖြစ်နေခဲ့ပေပြီ။

တိုင်းလုံနှင့် သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြသည်ကိုလည်း သူ့အနေနှင့် ဘယ်လိုမှသဘောထားဟန် မရှိတော့ပေ။

တကယ်တော့ ထိုသို့တိုက်ခိုက်ရသည်မှာ နာဂအမျိုးသားတစ်ယောက်အတွက် သဘာဝလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ဂုဏ်ယူဖွယ်ရာလည်းဖြစ်ပေသည်။

ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ထိုတိုက်ပွဲနှင့်ပတ်သက်သော ဒေါသတရား၊ အာဃာတတရားတို့မှာ သူ့အနေနှင့် ရှိနေပုံ မပေါ်တော့ပေ။

တိုင်းလုံနှင့်လည်း ခင်မင်ရင်းနှီးစွာဆက်ဆံလေသည်။ တိုက်ပွဲအတွင်းက တွေ့မြင်ခဲ့ရသော ကြောက်မက်ဖွယ်ရာအမူအရာတို့မှာ သူ့ထံတွင် မရှိတော့ပေ။

ရီချောင်း က ထိုတောင်တန်းတစ်ဝိုက်တွင် မွေးဖွားကြီးပြင်းခဲ့သူမို့ ထိုနယ်နှင့်ပတ်သက်သောနေရာအတော်များများကို ကျွမ်းကျင်မှုရှိလေသည်။

တောင်ဘယ်နှစ်လုံးကျော်ပြီးလျှင် တံတား ဘယ်နှစ်လုံးဖြတ်ရမည်၊ တံတားပြီးလျှင် ချောင်း ဘယ်လိုကူးရမည်၊ ဘယ်နေရာကျသွားလျှင် ဘယ်လိုအန္တရာယ်မျိုးနှင့်တွေ့နိုင်မည်...ဟု ကြိုတင်ပြောပြနိုင်သည်။





တစ်ခုပိုကောင်းသည်က ရီချောင်းတို့အဖွဲ့ပါလာသောကြောင့် လမ်းခရီး၌တွေ့ရသော နာဂများက မတိုက်ခိုက်ကြတော့ပေ။ ကြားရွာများတွင် နာဂများနှင့်တွေ့လျှင်လည်း ...

"ဒါတို့က လောင်ဆောက်တောင်အုပ်ကြီးရဲ့လူတွေပဲဟေ့"

ဟု လှမ်းအော်လိုက်ရုံနှင့် လက်နက်များချသွားကာ လိုသည့်အကူအညီပင် ပေးလိုက်သေးသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ...

"အင်း... တောထဲတောင်ထဲမှာနေကြတဲ့လူရိုင်းတွေတောင် ရန်သူအနေနဲ့မဟုတ်ဘဲ မိတ်ဆွေဖွဲ့တတ်ရင် အကူအညီရနိုင်တာပါလား"

ဟု တွေးမိလေသည်။

နောက်ဆုံးတော့ သူတို့သည် ပေသုံးထောင်ကျော်ခန့်မြင့်သော တောင်ကြောတစ်ခု၏အပေါ်ထိပ်သို့ ရောက်သွားကြသည်။ ထိုတောင်ထိပ်မှမြောက်ဘက်သို့လှမ်းကြည့်လိုက်လျှင် တောအုပ်များကြားမှ ထိုးထွက်နေသည့် လူမျက်နှာတောင်ကြီးအား အတိုင်းသား လှမ်းမြင်ကြရသည်။

အချိန်က ညနေပိုင်းအချိန်မို့ တောင်ထိပ်ပေါ်တွင် ဝင်လုဆဲနေရောင်ခြည်များက ဖြာကျနေသည်။

လူမျက်နှာတောင်ရှိသောနေရာမှာ မြောက်ဘက်ယွန်းယွန်းနေရာတွင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာ၏နေရောင်ခြည်များက လူမျက်နှာတောင်ပေါ်သို့ ထိုးကျနေရာ မီးမောင်းထိုးပြထားသကဲ့သို့ရှိနေသည်။

"မနက်မိုးလင်းလို့ တစ်နေ့ခရီးလောက် ခပ်ပြင်းပြင်းသွားလိုက်ရင် တောင်ခြေကိုရောက်ပါပြီ"

ဟု ရီချောင်း က ပြောသည်။

"မင်း အရင်ကရော အဲဒီတောင်ကိုရောက်ဖူးသလား ရီချောင်း"

"ငယ်ငယ်ကတော့ လူကြီးတွေနဲ့ လိုက်သွားခဲ့ဖူးတယ်၊ နောက်တော့ မရောက်ဖြစ်တော့ဘူး"

"ဘာဖြစ်လို့မသွားတာလဲ"

"အဲဒီတောင်မှာ ကြောက်စရာကောင်းတဲ့ မည်းမည်းသတ္တဝါကြီးတွေရှိတယ်"

ထိုစကားကြားသောအခါ ဦးဘကျော်သာက တအံ့တသြဖြင့် —

"ဘယ်လိုသတ္တဝါမျိုးတွေလဲ"

ဟု ဝင်မေးလိုက်သည်။

"ငှက်ကြီးတွေနဲ့တူတဲ့လူတွေပဲ၊ သူတို့က ကောင်းကင်က ပျံလာပြီး လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် တွေ့ရင် ကုပ်ယူပြီး လူမျက်နှာတောင်ထိပ်ပေါ်ကို ယူသွားတယ်၊ အဲဒီရောက်တော့မှသတ်စားတာ"

"ငါတို့ရောက်သွားတုန်းကတော့ မတွေ့ခဲ့ရပါလား"

"သူတို့က မိုးရွာတဲ့ရာသီတွေမှာ မလာဘူး၊ မိုးမရှိတော့တဲ့





န်ဆောင်မုန်းလလောက်မှ လာလေ့ရှိတယ်"

"အဲဒီသတ္တဝါကြီးတွေကို မင်း မြင်ဖူးသလား။ သူတို့က ဘယ်နေရာမှာနေတာလဲ"

"လူကြီးတွေနဲ့လိုက်သွားတုန်းက ညမှောင်တဲ့အချိန်ဆိုတော့ သဲသဲကွဲကွဲတော့မမြင်ရဘူး။ ဒါပေမယ့် အကောင်က အတော်ကြီးတယ်၊ လူတစ်ယောက်ကို အသာကလေးချီသွားနိုင်တယ်"

"အခု တန်ဆောင်မုန်းလရောက်နေပြီဆိုတော့ မင်းပြောတဲ့ သတ္တဝါကြီးတွေ ရောက်နေလောက်ပြီထင်တယ်"

ရီချောင်း က ခေါင်းညိတ်ပြသည်။

ထိုအချက်အလက်ကပင် ဒေါက်တာမင်းထင်ကျော်တို့အတွက် တန်ဖိုးမဖြတ်နိုင်သောသတင်းတစ်ခုပင် ဖြစ်တော့သည်။

"လူမျက်နှာတောင်နဲ့ပတ်သက်ပြီး မင်းသိတာတွေရှိရင်လဲ ပြောပြပါဦး"

"ငါတို့က လူငယ်ဆိုတော့ သိပ်မသိဘူး။ လူကြီးတွေပြောသံကြားရတာကတော့ ရှေးတုန်းက အနောက်ဘက်(အာသံပြည်နယ်ဘက်)လာတဲ့ ရှေးနာဝတွေ နေခဲ့တဲ့နေရာဟောင်းတွေရှိတယ်လို့တော့ ကြားဖူးတယ်၊ နောက်ပြီး လူမျက်နှာတောင်ရဲ့ဝှထဲမှာ သူတို့ထားခဲ့တဲ့ ရွှေငွေတွေလဲရှိတယ်လို့ပြောတယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေကို ဝင်ယူလို့မရဘူးတဲ့"

"ဘာကြောင့်တဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲမသိဘူး။ သွားတဲ့လူတိုင်းတော့ ပြန်မထွက်လာနိုင်ြ
ဘူး"

ရှီချောင်း က သူသိသမျှ ပြောပြသော်လည်း ထိုအချက်များ
ဒေါက်တာမင်းထင်ကျော်တို့ မသိသေးသောအချက်အလက်များမ
ဖြစ်တော့သည်။

ထိုနေ့ညသန်းခေါင်ယံအချိန်လောက်တွင် ကောင်းကင်မှ ဖ
သွားသော မည်းမည်းသဏ္ဍာန်ကြီးအချို့ကိုလှမ်းမြင်လိုက်ရကြော
ကင်းစောင့်နေသူများက ပြောပြကြသည်။

၎င်းတို့အဆိုအရ ထိုသဏ္ဍာန်ကြီးများ အတောင်ပံဓတ်သ
တဖြန်းဖြန်းကိုပင် ကြားလိုက်ရပြီး လူမျက်နှာတောင်ရှိရာဘက်သ
ပျံသွားကြကြောင်း ပြောပြသည်။

ဒီအတိုင်းမှန်ပါက ရှီချောင်း ပြောသည့် သတ္တဝါကြီးများဖြ
မည်ဟု မှတ်ချက်ချကြလေသည်။

နောက်တစ်နေ့နံနက်စောစောမှာပင် နံနက်စာများကို ဝမ်းပြ
အောင်စားသောက်ကြပြီးနောက် ခရီးဆက်ကြလေသည်။ တော
ထိပ်ပေါ်မှဆင်း၍ လျှိုအတွင်းသို့ရောက်သောအခါ လူမျက်နှ
တောင်ကို မမြင်ရတော့ပေ။

သို့သော်လည်း တောင်ကြောပေါ်မှ သူတို့ရှိရာသို့ ဦးတည်
ဆင်းလာသော ရန်သူကိုတော့ တွေ့ကြရသည်။

ပေါင်လုံးထက်မနည်းလှသော အရွယ်အစားရှိသည့် တောကြ





မြွေဟောက်ပင်ဖြစ်သည်။

တောထဲတွင် တောဘုရင်ဟုခေါ်ရလောက်သည့် မြွေဟောက်
နက်ကြီးမှာ လူအုပ်စုကိုမြင်သော်လည်း အကြောက်အလန့်မရှိဘဲ
သူ့အတွက် အစာရတော့မည်ဟု သဘောထားသည့်အလား တရွေ့
ရွေ့နှင့် ရှေ့တိုးလာသည်။

မြွေဟောက်နက်ကြီးကိုလှမ်းမြင်တော့ ရှေ့ဆုံးမှသွားနေကြ
သော နာဂများက နောက်သို့ပြန်ပြေးလာသည်။

ကိုးတောင်ကျားတစ်ကောင်ကို ကပ်ပါးတစ်လက်ဖြင့် အနိုင်
တိုက်ခိုက်နိုင်သော ရှီချောင်းမှာ တောကြီးမြွေဟောက်ကိုတော့
ကြောက်ရွံ့ဟန်ရှိလေသည်။

ကျားက သူသေကိုယ်သေ တိုက်ခိုက်၍ရသည်။ မြွေက အဆိပ်
တစ်ချက်ထိလိုက်တာနှင့် တုံးခနဲလဲကျသွားနိုင်သည်၊ ဆေးမမီဘဲ
သေနိုင်သည်။

သို့ကြောင့် ကြောက်ရွံ့ကြခြင်းဖြစ်သည်။

လူအုပ်က ရပ်တန့်သွားသော်လည်း မြွေဟောက်က မကြောက်
မရွံ့ဖြင့် ရှေ့သို့တိုးလာသည်။

ဒေါက်တာမင်းထင်ကျော်က ရိုင်ဖယ်သေနတ်နှင့် ချိန်၍ပစ်
သည်။

ပထမတစ်ချက် ထိသွားသောအခါ ဒေါသတကြီးဖြင့် ပါးပျဉ်း
ထထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခွင့်အရေးကပင် အကောင်းဆုံးဖြစ်သည်။ ပါးပျဉ်းခွက်၍ မိုးလိုက်သည့်အချိန်မှာ ဦးခေါင်းနေရာကိုချိန်၍ပစ်သည်။

ကျည်ဆန်က ခေါင်းတစ်ဝိုက်ကို ကြေမွသွားအောင် ဖောက်ထွက်သွားသောအခါ ကိုယ်လုံးကြီးက လိမ်တွန့်သွားကာ တွေ့သမျှသစ်ပင်ကို အမြီးနှင့်·ကိုယ်လုံးနှင့်ရိုက်လေရာ ဆုညသွားလေတော့သည်။

နောက်ဆုံးတော့ လှုပ်ရှံသာလှုပ်နိုင်တော့ပြီး ငြိမ်ကျသွားလေတော့သည်။

ထိုအခါ ရီချောင်း က ပြောသည်။

"လမ်းခရီးမှာ မြွေတွေ့တာ နိမိတ်မကောင်းဘူး။ ငါတို့ ပြန်တော့မယ်"

"မပြန်ပါနဲ့၊ ငါတို့မှာ သေနတ်တွေပါတာပဲ၊ တကယ်လို့ ငါတို့ကိစ္စပြီးလို့ပြန်ရင် မင်းကိုသေနတ်တစ်လက် ပေးခဲ့မယ်၊ သေနတ်ပစ်တာလဲ သင်ပေးခဲ့မယ်"

,ဟု ပြောမှ ရီချောင်း က ဘာမှထပ်မပြောတော့ပေ။

"ဒါပေမယ့် ရှေ့မှာ သတိတော့ထားကြ၊ လူမျက်နှာတောင်နဲ့ နီးလာပြီ"

ဟု ထပ်သတိပေးသည်။

ထို့နောက် ခရီးဆက်ကြရာ လျှိုအတွင်းမှ အပေါ်သို့ရောက်သွားသောအခါ အုတန်ဂယ်ပြေပြစ်သောလမ်းများမှ လျှောက်ကြရ





သဖြင့် ခရီးတွင်ကြလေသည်။

နေ့လယ်ဘက် လမ်းတစ်နေရာ၌ စခန်းချသောနာဂများက ကြီးမားသောသစ်ပင်ကြီးတစ်ပင်အောက်သို့သွားပြီး အရိုအသေပြုကာ ၎င်းတို့သဘာဝ ဆုတောင်းနေကြသည်ကို မြင်ရုံနှင့် ၎င်းတို့အဘယ်မျှကြောက်ရွံ့နေကြသည်ကို အကဲခတ်နိုင်သည်။

ထိုကဲ့သို့ပြုလုပ်နေသည်ကိုမြင်သောအခါ သုနောင် က သဘောကျစွာရယ်နေရာ ဦးမွန်ထော်က ဝင်ပြောရသည်။

"သူတို့ယုံကြည်မှုအရလုပ်နေတာကို မလှောင်ပြောင်ရဘူး၊ လှောင်ပြောင်မိလို့ လမ်းမှာ တစ်ခုခုဖြစ်ခဲ့ရင် ကိုယ့်အပေါ် အပြစ်ကျလိမ့်မယ်၊ မိတ်ဆွေကနေ ရန်သူဖြစ်ကြလိမ့်မယ်"

ဟု ပြောတော့မှ အရယ်ရပ်သွားတော့သည်။

နောက်တစ်ဖန် ခရီးဆက်ကြရာ ညနေစောင်းအချိန်တွင် ၎င်းတို့ရောက်လိုလှသော လူမျက်နှာတောင်ခြေသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ကြလေတော့သည်။

တောင်ခြေသို့ရောက်သောအခါ မြင်းတစ်ကောင်၏ဟီသံကို ကြားလိုက်ရသဖြင့် ဒေါက်တာမင်းထင်ကျော်တို့က သေနတ်များအဆင်သင့်ပြင်လိုက်ကြသည်။

သူတို့စိတ်ထဲမှာ ကျားကြီးတို့အဖွဲ့တွေ လာနေပြီအထင်နှင့် သင့်တော်သောနေရာမှ စောင့်နေကြသည်။ အတန်ကြာတော့ သူတို့ရှိရာဘက်သို့ မြင်းသုံးလေးကောင် ကဆုန်စိုင်းကာ ပြေးချလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကိုမြင်တော့ လူရှိရာသို့ပြေးလာခြင်းဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ သေနတ်များဖြင့် အဆင်သင့်စောင့်နေသော်လည်း လူတစ်ယောက်မှမတွေ့ရဘဲ မြင်းများကသာ လူရှိရာသို့ အားကိုးတကြီးပြေးလာကြသည်။

၎င်းတို့နောက်မှ တောကောင်ကြီးနှစ်ကောင် အပြေးလိုက်လာပြီး တစ်ကောင်က တောင်ရိုးပေါ်မှ ဖြတ်လိုက်လာသည်။ ဦးမွန်ထော်နှင့် ဦးဇန်ကောင်းတို့က နောက်မှလိုက်လာသောနှစ်ကောင်ကိုပစ်၍ ဒေါက်တာမင်းထင်ကျော်က တောင်ရိုးပေါ်မှပြေးဆင်းလာသောတောကောင်ကြီးကို ပစ်ချလိုက်သည်။

"ဒိုင်း ဒိုင်း ဒိုင်း"

သေနတ်သံများက ဆူညံသွားသလို ကျားသုံးကောင်မှာလည်း ကျည်ဆန်ထိကာ ဒလိမ့်ခေါက်ကွေးလဲကျသွားလေသည်။

ကျန်လူများက ကြောက်လန့်တကြားပြေးလာသောမြင်းများ၏ ဇက်ကြိုးကိုဆွဲ၍ ထိန်းထားလိုက်ကြသည်။

ဒေါက်တာမင်းထင်ကျော်တို့က တဝုန်းဝုန်းတဂဲဂဲနှင့် မာန်ဖီနေသည့် တောကောင်ကြီးများအနီးသို့သွားကာ နောက်တစ်ချက်စီ ထပ်ပစ်လိုက်သောအခါမှ ငြိမ်ကျသွားလေတော့သည်။

"ဒါ ကျားကြီးတို့အဖွဲ့မြင်းတွေဖြစ်ရမယ်၊ လူတွေလဲ တစ်ယောက်မှမတွေ့ပါလား"

"တစ်နေရာမှာ ခိုရင်ခိုနေ၊ ဒါမှမဟုတ် အားလုံး သေကုန်ပြီလား





မပြောတတ်ဘူး"

"တို့အဖွဲ့တွေ သင့်တော်တဲ့နေရာမှာ ခဏစောင့်ကြ၊ တို့အဖွဲ့တွေ တောင်ခြေတစ်ဝိုက် လိုက်ကြည့်ရအောင်"

ဟုပြောကာ သေနတ်များကို အဆင်သင့်ကိုင်ဆောင်ကာ လူများနှင့်တောင်ခြေသို့ လိုက်လံကြည့်ကြလေသည်။

တစ်နေရာရောက်သောအခါ သွေးညှီနံ့များကို အရင်ရသည်။ ထို့နောက် ယင်မမည်းရိုင်းများ ဝေါခနဲ ဝေါခနဲ ပျံသံများကို ကြားကြရသည်။

တိုင်းလုံ က ရှေ့ဘက်ကို လက်ညှိုးထိုးပြသည်။

သို့ကြောင့် ခြေသံလုံလုံဖြင့်တိုးကပ်သွားရာ တောင်ခြေ တစ်နေရာရောက်တော့ မြင်ကွင်းက မကောင်းလှပေ။

ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော လူသေများနှင့် မြင်းသေအချို့ကို တွေ့ရသည်။

ယင်မမည်းရိုင်းများက ဝေါခနဲအုံလာလိုက်၊ ဝေါခနဲ ထပျံလိုက် လုပ်နေကြသည်။

"ပတ်ဝန်းကျင်မှာတော့ ဘာမှ အရိပ်အယောင်မတွေ့ရဘူး။ ကျားဆွဲလို့သေတာလား၊ ဒါမှမဟုတ် ဘယ်လိုဖြစ်လို့ သေကြတာလဲ မသိဘူး။ သွားကြည့်ရအောင်"

အနီးသို့သွားကြည့်တော့ မြင်းများမှာ ကျားကိုက်ခံရသဖြင့် သေဆုံးကြဟန်ရှိပြီး လူများကတော့ သေပုံဆန်းသည်။ သုံးယောက်



www.burmeseclassic.com

စလုံး မျက်လုံးများအဖောက်ခံရပြီး ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်နေသည်။

ဝမ်းဗိုက်များကို လက်သည်းချွန်များဖြင့် ကုပ်ဆွဲ၍ ကွဲပြဲနေခြင်းဖြစ်ဟန်ရှိပေသည်။

"ဒါ ကျားကြီးရာဇာဂိုဏ်းကလူတွေဆိုတာ သေချာတယ်၊ ကျားဆွဲလို့သေတာလား၊ ဘာကြောင့်သေကာလဲဆိုတာတော့ မပြောနိုင်ဘူး။ ဒီပုံအတိုင်းဆိုရင် ကျန်တဲ့လူတွေလဲ အသက်ရှင်ဖို့ သိပ်မလွယ်တော့ဘူး"

"ဘယ်လိုလုပ်မလဲ ဆရာ"

"သူတို့သေနတ်တွေ ကောက်ယူလာခဲ့ စခန်းချဖို့အတွက် လုံခြုံတဲ့နေရာ ရှေးမှဖြစ်တော့မယ်"

ဟု ပြောဆိုကာ သေနတ်များကိုကောက်ယူကာ မိမိတို့အဖွဲ့သားများရှိရာသို့ ပြန်လာကြလေသည်။

ညနေစောင်းသွားပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။





## အခန်း (၁၅)

## လူသားစားသည့်လူပုံများ

ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ပြီး မိမိတို့အဖွဲ့သားများ အပြင်၌ စခန်းမချသင့်ကြောင်း ဆုံးဖြတ်ကာ အတန်အသင့်လုံခြုံမှုရသောနေရာကို ရှာဖွေရာ ကံအားလျော်စွာ အတန်အသင့်ကျယ်ဝန်းသောဂူပေါက်တစ်ခုကို တွေ့သဖြင့် ဂူပေါက်အတွင်းမှာ ဝင်ရောက်ကာ စခန်းချကြလေသည်။

ဂူမှာ အလျားရှည်သောဂူမျိုးမဟုတ်ဘဲ လိုဏ်ပေါက်သဘောမျိုးသာဖြစ်သဖြင့် ဦးစွာ မြင်းနှင့်လားများကို အတွင်းပိုင်းသို့ မောင်းသွင်းထားလိုက်သည်။

www.burmeseclassic.com



လူများက ဝူပေါက်ဝအနီးမှာပင် နေရာယူကြသည်၊ မီးပုံကြီးများကိုတော့ ဝူပေါက်ဝမှာပင်ဖိုထားသည်၊ ဒေါက်တာခင်းသင်ကျော်က စေခိုင်းသဖြင့် အလုပ်သမားများက နေ့လယ်ပိုင်းကပစ်ထားသော ကျားသေသုံးကောင်ကို ဝူပေါက်ဝနှင့် မလှမ်းမကမ်းနေရာ၌ ချထားကြသည်၊ ညဦးပိုင်းမှာတော့ လက်ဖက်ရည်ကြမ်းခါးခါး ကော်ဖီခါးခါး သားခြောက်မီးကင်တို့ကို စားသောက်ကြရင်း စကား ပြောနေကြသည်၊

အမှန်တော့ နာဂတွေဟာ အိန္ဒိယနယ်၊ အာသံနယ်ဘက်တွေကနေကမှတစ်ဆင့် ရေမြေတောတောင်ကောင်းတဲ့ မြန်မာပြည်မြောက်ဖျားဒေသတွေကို တဖြည်းဖြည်းရောက်လာပြီး နာဂတောင်တန်းတွေဘက်မှာ ဝင်ရောက်နေထိုင်ခဲ့ကြတာပါပဲ”

ဦးဘကျော်သာက ကပ္ပိတန်ဆေးတံသောက်ဆေးမှုန့် ထည့်ထားသောဆေးတံကို မီးညှိ၍ဖွာနေရင်းမှ အေးအေးဆေးဆေး ပြောပြသည်၊

“အမှန်တော့ အိန္ဒိယ အာသံဘက်ကနေမှတစ်ဆင့် မြန်မာနိုင်ငံမြောက်ဖျားတွေကို ဝင်ရောက်နေထိုင်ခဲ့ကြတဲ့လူမျိုးတွေမှာ နာဂတွေဟာ အစောဆုံးရောက်တဲ့သူတွေလို့တောင် ပြောလို့ရတယ်၊ ဒါကြောင့် မြန်မာနိုင်ငံမြောက်ဖျားအစွန်ဆုံးမှာရှိတဲ့ တောင်တန်းကြီးတွေမှာ နေရာရကြတာပဲ”

“ဟုတ်ကဲ့ ဆရာကြီး”





“သူတို့နောက်မှ ချင်းလူမျိုးတွေဝင်ရောက်လာကြတယ်၊ ချင်းလူမျိုးတွေ ဝင်ရောက်လာတဲ့အချိန်မှာ နာဂတောင်တန်းတွေပေါ်မှာ နာဂတွေရောက်နေနှင့်လို့ အောက်ဘက်ကိုဆင်းပြီးချင်းတောင်တန်းတွေမှာ နေရာယူကြရတယ်၊ အဲဒီကစပြီး မြစ်ဖျားခံခဲ့တဲ့မြစ်ကြီးကိုလဲ ချင်းပြည်နယ်အတွင်းဘက်မှာရှိလို့ ‘ချင်းတွင်း’မြစ်ရယ်လို့ အမည်ပေးခဲ့ကြတယ်”

“ဟုတ်ကဲ့”

“အင်္ဂလိပ်တွေ မြန်မာပြည်ကိုပြန်ရောက်တော့ နာဂတောင်တန်းဘက်မှာနေတဲ့ နာဂတွေကို စာရင်းကောက်တော့ ခြောက်သောင်းလောက်ရှိမယ်လို့ ခန့်မှန်းကြတယ်၊ အိန္ဒိယနယ်ဘက်မှာတော့ (၃)သိန်းနီးပါးရှိတယ်လို့ ဖော်ပြတယ်၊ ဒါပေမယ့် သူတို့ခန့်မှန်းတာထက် အများကြီးရှိမှာ သေချာပါတယ်၊ ဘာကြောင့်လဲဆိုတော့ အများအားဖြင့် နာဂတွေဟာ တောထဲတောင်ထဲမှာ လူတွေ့မခံဘဲ ပုန်းနေကြတာ အများကြီးရှိကြမှာပါ”

“ဟုတ်ပါတယ် ဆရာကြီး၊ တော်လှန်ရေးကာလတွေမှာ အင်္ဂလိပ်တွေရော ဂျပန်တွေပါ နာဂတောင်တန်းတွေဘက်မှာ အတော်ကလေးအထိနာခဲ့ကြတယ်၊ နာဂတွေဟာ သူတို့နေတဲ့နေရာကို လူစိမ်းဝင်တာ မနှစ်သက်လေတော့ ကျူးကျော် ဝင်ရောက်လာတဲ့ အင်္ဂလိပ်တွေကိုရော ဂျပန်တွေကိုပါ တိုက်ထုတ်ခဲ့ကြတာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာကြီး နာဂတွေမှာ ခေတ်မီလက်နက်တွေ မရှိပေမယ့် အသံတိတ်ကျည်ဆန်လို့တောင် ကင်ပွန်းတပ်ခဲ့ရတဲ့ အဆိပ်လူးမြားချက်တွေကြောင့် အတော်ကလေး အကျအဆုံးများခဲ့တယ်"

"ဟုတ်တယ်၊ သူတို့က တောတောင်ထဲမှာ ကျွမ်းကျင်ကြတော့ ဝင်လာသမျှရန်သူတွေကို နည်းအမျိုးမျိုးနဲ့ သုတ်သင်ပစ်နိုင်ကြတယ်။ အဲဒီကာလနောက်ပိုင်းမှာ အခု ကျုပ်တို့ရောက်နေတဲ့ လူမျက်နှာတောင်တစ်ဝိုက်မှာ နာဂတွေ နေထိုင်ခဲ့တဲ့နေရာဟောင်းတွေရှိခဲ့ဖူးတယ်၊ ဒါကြောင့် သူတို့ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေကို လူမျက်နှာတောင်ရဲ့အတွင်းတစ်နေရာမှာ ဝှက်ထားခဲ့တာ ဖြစ်မှာပေါ့"

"ဆရာကြီး တစ်ခါရောက်ကြတုန်းက ဒီဂူထဲမှာ နာဂကြီး တစ်ယောက်တွေ့ခဲ့ရတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ သူ့ကို ဆေးကုပေးတာနဲ့ သူ ခေါ်လာလို့ ဒီနေရာကိုရောက်ခဲ့ကြတာပဲ"

"ဆရာကြီးတို့ ဒီနေရာရောက်ခဲ့တာ (၁၅)နှစ်လောက်ကြာပြီဆိုတော့ အဲဒီနာဂကြီးက ရှိပါဦးမလား"

"ကျုပ်အထင်ပြောရရင်တော့ သူက ကျောက်သွေးတွေစားနေလို့ အသက်အတော်ရှည်တယ်၊ ရှိဦးမယ်ထင်ကယ်"

ဟု ပြောဆိုနေကြရာ တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ရောက်





လာချေပြီ။

အပြင်ဘက်မှ ညဉ့်ငှက်အော်သံများနှင့် ညအချိန် အစာရှာထွက်လာသော တောကောင်ကြီးများအော်သံ၊ ဟိန်းသံများကို တစ်ခါတစ်ရံ ကြားရသည်။

အပြင်ဘက်မှာ နှင်းများကျလာသဖြင့် သစ်ရွက်များပေါ်သို့ နှင်းကျသံတဖြောက်ဖြောက်ကိုလည်း ခပ်သဲ့သဲ့ ကြားနေရသည်။ ဂူအတွင်းမှာလည်းဖြစ်၊ မီးအပူငွေ့ကလည်းရှိနေသဖြင့် အတန်အသင့် အနွေးဓာတ်ရနေသည်။

ဂူပေါက်ဝနှင့် မလှမ်းမကမ်းမှာချထားသော ကျားသေကြီး သုံးကောင်ကိုလည်း မီးရောင်ဖြင့် လှမ်းမြင်နေရသည်။ ညဉ့်နက်ပိုင်းရောက်လာတော့ အချို့က အိပ်ကြပြီး အချို့က စကားပြောရင်း ထိုင်စောင့်နေကြသည်။

သန်းခေါင်ယံအချိန်လောက်ရောက်သောအခါ ကောင်းကင်ပေါ်မှ ထူးခြားသောအသံများကို ကြားလာရသဖြင့် နားစွင့်လိုက်ကြသည်။

"ဖန်း ဖန်း ဖန်း ဖန်း"

ထိုအသံများကြားသောအခါ ဂူအတွင်းသွင်းထားသော မြင်းအချို့မှာ ဂနာမငြိမ်ဖြစ်လာကြသည်။

နာခေါင်းမှုတ်သံ၊ ရွှံယက်သံများ ပေါ်ထွက်လာသည်။ ဒါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ ဦးမွန်ထော်၊ စောထီး၊ မေမေအောင်



www.burmeseclassic.com

www.burmeseclassic.com



တို့က သေနတ်များကို အသီးသီး ကောက်ကိုင်လိုက်ကြသည်။

ကျန်လူများကလည်း အိပ်နေရာမှထကာ ၎င်းတို့လက်နက်များကို ကောက်ယူလိုက်ကြလေသည်။

"ဖန်း ဖန်း ဖန်း ဖန်း"

"ဘာသံတွေလဲ"

"ငှက်ကြီးတွေ အတောင်ပံခတ်သံမျိုးပဲ"

"ကျွန်တော် ငယ်ငယ်က လူကြီးတွေနဲ့လိုက်တုန်းက အဲဒီအသံမျိုးတွေ ကြားဖူးတယ်၊ ဒီအသံတွေကြားရင် ငှက်မည်းကြီးတွေ ရောက်လာတော့မယ်"

ဟု တိုင်းလုံ က ပြောသည်။

အသံများက ဝှပေါက်ဝနှင့် မနီးမဝေးရောက်လာရာ လေဟပ်သဖြင့် မီးပုံမှ ပြာများလွင့်လာပြီး မီးများငြိမ်းမတတ်ဖြစ်လာတော့သည်။

ရဟတ်ယာဉ်ဆင်းခါနီး လေဟပ်သည့်ပုံသဏ္ဍာန်မျိုးဖြစ်သည်။ အတောင်ပံခတ်သံများအပြင် တဝိုးဝိုးနှင့်လေဟပ်သံများကိုပါ ကြားလာရသည်။

ခဏကြာတော့ မည်းမည်းသဏ္ဍာန်ကြီးနှစ်ကောင် ကျားသေကောင်များအနီးသို့ ခုန်ချလာသည်။

ဒေါက်တာမင်းထင်ကျော်တို့ရှိနေရာနှင့် ခပ်ဝေးဝေးလှသဖြင့် မီးရောင်ကြောင့် ဆင်းလာသောသတ္တဝါကြီးများအား အတိုင်းသား





လှမ်းမြင်ရသည်။ ၎င်းတို့မှာ လူပုံသဏ္ဍာန်ဖြစ်ပြီး ခြေထောက် နှစ်ချောင်းဖြင့်ရပ်နေသည်။

လင်းနို့တောင်ပံသဏ္ဍာန် ကြီးမားလှသည့် အတောင်ပံကြီးများအား ဘေးတစ်ဖက်တစ်ချက်သို့ ကားဖြန့်ထားသည်။

တစ်ကိုယ်လုံးပိန်ကပ်နေပြီး အရိုးများအပြိုင်းပြိုင်းထနေသည်။ အရိုးစုများကဲ့သို့ဖြစ်နေသော ခြေဆံလက်ဆံများက သာမန်ထက်ရှည်သယောင်ရှိသည်။

အတောင်ပံကြီးများက ကျောနှင့်လက်နှစ်ဖက်တွင် တွဲလျက်သားဖြစ်နေပြီး လက်ကလှုပ်ခတ်လိုက်သည်နှင့် လင်းနို့တစ်ကောင်အတောင်ပံခတ်သကဲ့သို့ ဖြစ်သွားတော့သည်။

၎င်းတို့သည် မြေပေါ်မှာပျံတက်ရာတွင် အတောင်ပံကို ဖြန့်စွာခတ်၍ ဖြည်းလေးစွာတက်ရသော်လည်း လေထဲရောက်သွားသောအခါ လေဟုန်စီး၍ အလိုက်သင့်ပျံသွားနိုင်ကြသည်။

အမြင့်ရောက်လေလေ လေဟုန်စီးနိုင်လေလေဖြစ်၏။ ဦးခေါင်းက သာမန်ထက်ကြီးပြီး မည်းမည်းပိန်ပိန်ဖြစ်သည်။ နားရွက်နှစ်ဖက်က ဘေးသို့ကားထွက်နေပြီး မျက်လုံးက ရှေ့သို့ပြူးထွက်ကာ နီရဲနေသည်။

နှာခေါင်းက အတွင်းသို့ချိုင့်ဝင်နေပြီး အပေါက်နှစ်ခုသာ ပေါ်နေသည်။ ပါးစပ်ပေါက်ကတော့ သာမန်လူတစ်ယောက်ပါးစပ်ပေါက်ထက် နှစ်ဆခန့်ကျယ်ကာ အစွယ်နှင့်သွားများက ကျိုးတိုးကျဲတဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ပေါ်ထွက်နေသည်။

ဂူအတွင်းမှလူများကိုမြင်သောအခါ လင်းတကြီးမှ ခုန်သကဲ့သို့ ခုန်ဆွခုန်ဆွလုပ်ကာ မာန်ဖီနေသည်။ မာန်ဖီလိုက်တိုင်း ပါးစပ်တွင်းမှ သွားများက အဖွေးသားပေါ်လာလေသည်။

ဂူအတွင်းမှလူများကတော့ သူတို့တစ်သက်တွင် တစ်ကြိမ် တစ်ခါမှမမြင်ဖူးသောလူပုံကြီးများကိုကြည့်ကာ အသက်ရှူရှုန်ပင် မေ့နေကြသည့်အလား တအံ့တသြဖြစ်နေကြသည်။

စောထီးနှင့် မေဲအောင်က သေနတ်နှင့်ပစ်ရန် ချိန်လိုက်သည်။

"မပစ်ကြနဲ့"

ဒေါက်တာမင်းထင်ကျော် က လက်ကာပြီးတားလိုက်သဖြင့် အငိုက်တုံ့သွားကြသည်။

လူပုံကြီးများက ဂူအတွင်းမှလူများကို မြင်သော်လည်း ဂူပေါက်ဝ၌ မီးပုံကြီးရှိနေသဖြင့် ဝင်မရဘဲရှိနေရာ ဒေါသထွက်နေကြဟန်ဖြင့် တဂီးဂီးတဂဲဂဲနှင့် မာန်ဖီနေကြလေသည်။

အဟန်ကြာသောအခါ ဒေါက်တာမင်းထင်ကျော်တို့ချထားသော ကျားသေနှစ်ကောင်ကို တစ်ယောက်တစ်ကောင်စီ ကုပ်ချီကာ အပေါ်သို့ ပျံတက်သွားကြလေသည်။

အတောင်ပံခတ်သံများ တဖြည်းဖြည်းဝေးသွားသောအခါမှ အပြင်ဘက်သို့ထွက်ကြည့်ကြရာ တောင်ထိပ်ပေါ်သို့ပျံတက်သွားကြသည်ကို ဝိုးတဝါးလှမ်းမြင်လိုက်ကြရသည်။





"ကျွန်တော်တို့အဖွဲ့ အပြင်မှာသာနေရာယူနေကြရင် ဒီလူမည်းကြီးတွေက ကျွန်တော်တို့ကို ကုပ်ယူသွားမှာ သေချာတယ် ဆရာ"

"ဒီလောက်ကြီးတဲ့တောကောင်ကြီးကိုတောင် အသာကလေး ကုပ်ယူသွားနိုင်မှတော့ လူတစ်ယောက်ဆိုရင် ကြက်ကလေး ငှက်ကလေးဖမ်းသလို-ဖမ်းသွားမှာ သေချာတယ်"

"ကျွန်တော်တို့လဲ တောထဲတောင်ထဲ နေရာအနှံ့ သွားနေကြတာပါပဲ၊ ဒီလောက်ထူးဆန်းတဲ့သတ္တဝါမျိုးတွေကိုတော့ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဟုတ်ပါရဲ့ ဆရာရယ်၊ ဘယ်ခေတ် ဘယ်အချိန်ကများ သက်ဆိုးရှည်နေတဲ့သတ္တဝါကြီးတွေလဲမသိပါဘူး"

စောထီးနှင့်မေဲအောင်တို့က တအံ့တသြပြောနေကြသည်။

"ဟိုး လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဖဇ်လယ်ထဲက အက်ဒမန်ကျွန်းကိုရောက်သွားတုန်းက 'ဒစီဝါလူး' တို့ကျွန်းသူကျွန်းသားတွေကို ဒုက္ခပေးတာ ဒီလိုသတ္တဝါမျိုးတွေပဲ"

"ဘယ်လိုဒုက္ခပေးတာလဲ ဆရာ"

"အဆိပ်လက်သည်းတွေနဲ့ကုတ်ပြီး ကျွန်းသားတွေကို သတ်တာ၊ ကြီးတာသေးတာပဲကွာတယ်၊ ပုံသဏ္ဌာန်က စောစောကတွေ့လိုက်ရတဲ့ပုံသဏ္ဌာန်မျိုးပဲ"

(ဒေါက်တာမင်းထင်ကျော် တွေ့ကြုံခဲ့ရသော ထိုသတ္တဝါများ အကြောင်းကို ကျွန်ုပ် ရေးသားခဲ့သော 'မာယာအဆိပ်ကျွန်း' ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



ရှည်၌ ဖတ်ရှုနိုင်ပါသည်။)

အတန်ကြာသောအခါ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် ကောင်းကင်မှ ပျံဆင်းလာသည်ကို မြင်ရသဖြင့် ဂူပေါက်အတွင်းသို့ အလျင်အမြန် ပြန်ဝင်လာကြရလေသည်။

လင်းယုန်ကြီးက ကျန်နေသော ကျားသေတစ်ကောင်ကို ခြေသည်းများဖြင့်ကုပ်ယူကာ ကောင်းကင်ပေါ် သို့ပျံတက်သွားလေတော့သည်။

ဤသို့ဖြင့် တစ်ညလုံးလိုလို အောက်သို့ဆင်းလာလိုက်၊ ပျံတက် သွားလိုက်နှင့် လုပ်နေကြရာ ဂူအတွင်း၌ရှိနေသူများမှာ မအိပ်ရဲကြ သဖြင့် ဒီအတိုင်းထိုင်နေကြရသည်။

အရုဏ်တက်ချိန်ရောက်လာပြီး အရှေ့ဘက်မှ အလင်းရောင် များတက်လာသောအခါ လင်းယုန်ကြီးများ ပျောက်ကွယ်သွားလေတော့ သည်။ မည်သည့်အရပ်ဆီသို့ ပျံတက်သွားကြသည်ကိုတော့ မသိနိုင် ကြတော့ပေ။

★★☆★☆





အခန်း (၁၆)

## မရဏာတောင်ချောက်နှင့် ပျောက်ဆုံးသွားသောပုပ္ပါးမျက်နှာတောင်

နောက်တစ်နေ့နံနက်လင်းသောအခါ ဂူအတွင်းသို့ဝင်ရန် ဖောင် များပြုလုပ်ကြရလေသည်။

ဝါးခုတ်သူကခုတ်၊ ဖောင်ဖွဲ့သူကဖွဲ့ကြသည်။

ဂူအတွင်းကိုတော့ အားလုံးမလိုက်ဘဲ ဦးဘကျော်သာ၊ ဦးရန် နိုင်၊ ဒေါက်တာမင်းထင်ကျော်၊ တိုင်းလုံ၊ ဦးဗန်ကောင်း၊ စောထီး၊ မေခဲအောင်၊ သုနှောင်းနှင့် နန်းမြသီတာတို့သာ လိုက်ရန်ပြင်သည်။

ဦးဘကျော်သာနှင့် ဦးရန်နိုင်တို့က နန်းမြသီတာနှင့် သုနှောင်း



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ကို မလိုက်စေလိုသော်လည်း ဇွတ်လိုက်ကြသဖြင့် ခေါ်ခဲ့ရခြင်းဖြစ်၏။

ဝါးဖောင်ပေါ်မှာ သေနတ်၊ ဓားလှံများအပြင် လက်နှိပ်မီးများ၊ အဝေးသို့လှမ်းမြင်နိုင်သည့် မီးပြောင်းများကိုပါ ယူဆောင်ခဲ့ကြသည်။

ကျန်လူများကိုတော့ မူလလိုဏ်ဂူအတွင်းမှာပင် စောင့်နေကြရန် မှာကြားထားခဲ့လေသည်။

နာဂအဖွဲ့ကတော့ အနီးဝန်းကျင်သို့ထွက်ကာ အမဲလိုက်ကြရန် ပြင်ဆင်နေကြသည်။

ဂူအတွင်းမဝင်မီ ဒေါက်တာမင်းထင်ကျော်က ဦးဘကျော်သာတို့နှစ်ယောက်ထံမှ ရွှေခွက်နှစ်လုံးကိုတောင်း၍ တိုက်ရွတ်ဆေးကြောလိုက်သောအခါ ကြေးညှော်များကင်းစင်သွားပြီး အရောင်များဝင်းလာသည်။

ထိုအခါ ရွှေခွက်များပေါ်မှာရေးထားသော အရေးအကြောင်းများက ပေါ်လာသည်။

ဒေါက်တာမင်းထင်ကျော်က မှန်ဘီလူးကိုထုတ်ယူပြီး ရွှေခွက်နှစ်လုံးပေါ်မှာ ရေးခြစ်ထားသော အရေးအကြောင်းများကို အသေအချာကြည့်ရှုနေလေသည်။

ပထမတစ်လုံးပေါ်မှာရေးထားသောအရေးအကြောင်းများမှာ ဂူပေါက်ဝမှ အတွင်းသို့ရောက်အောင်ဝင်ရမည့်လမ်းကြောင်းများကို





ရေးထားခြင်းဖြစ်သည်။

မဝင်ရမည့်အပေါက်များ၊ နေရာများကို ကြက်ခြေအမှတ်အသားပြထားလေသည်။

"ဒါက ဂူထဲကိုဝင်ရမယ့်လမ်းတွေကို ရေးထားတဲ့မြေပုံပါ"

ဒေါက်တာမင်းထင်ကျော် ပြောမှ ဦးဘကျော်သာတို့ကလည်း ယူကြည့်ကြသည်။

ဒေါက်တာမင်းထင်ကျော်က နောက်ထပ် ရွှေခွက်တစ်လုံးကို စစ်ဆေးကြည့်နေပြန်သည်။

အတန်ကြာမှ ...

"ဒီရွှေခွက်မှာပါတဲ့ အရေးအကြောင်းတွေက ပိုပြီးအရေးကြီးတယ်"

ဟု ပြောသည်။

"ဘာတွေပါနေလို့လဲ ဆရာရဲ့"

"ဒီရွှေခွက်ပေါ်မှာရေးထားတာက ဂူထဲဝင်သွားရင် မထိ၊ မကိုင်ရမယ့်ကျောက်တုံးကျောက်ဆောင်တွေကို ကြက်ခြေခတ်ပြထားတယ်။ မထိမကိုင်ရမယ့် ကျောက်တုံးကျောက်ဆောင်တွေကို သွားထိလိုက်ရင် အန္တရာယ်တစ်ခုခုနဲ့ တွေ့မယ့်သဘောရှိပါတယ်"

"တော်ပါသေးရဲ့ ဆရာရယ်၊ ဆရာသာ ပြောမပြရင် ကျုပ်တို့တော့ ဘာမှသိကြမှာမဟုတ်ပါဘူး။ ဆရာ ရောက်လာတာ ကျုပ်တို့အတွက်ကတော့ အတော့်ကို ကံကောင်းတယ်လို့ ပြောရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြလေသည်။

ဒေါက်တာမင်းထင်ကျော်က မြေပုံပေါ်မှ အရေးအကြောင်းများကို စာရွက်လွတ်တစ်ရွက်ပေါ်မှာ ဖောင်တိန်ဖြင့်ရေးဆွဲလိုက်သည်။

ထို့နောက် မိမိတို့သွားမည့်လမ်းကြောင်းတစ်လျှောက်မှာရှိသော အန္တရာယ်ရှိမည့်နေရာများကို ကြက်ခြေအမှတ်အသားများ ပြထားလိုက်သည်။

"ဂူထဲမှာ ရေနက်သလား"

"မနက်လှပါဘူး"

"ရေစီးကြမ်းသလား"

"ပုံမှန်လောက်ပဲရှိပါတယ်"

"ဒါဖြင့် ထိုးဝါးသုံးပြီးသွားကြရမယ်"

ထို့နောက် စောထီးနှင့်မဲအောင်တို့နှစ်ယောက်အား ထိုးဝါး တောင့်တောင့်ဖြောင့်ဖြောင့် လေး၊ ငါးလုံး ခုတ်ယူစေသည်။

ဂူအတွင်းဝင်ခါနီးတော့မှ ဒေါက်တာမင်းထင်ကျော်မှာ တစ်ခါက သူ မက်ခဲ့ဖူးသောအိပ်မက်အကြောင်းကို ပြန်လည်သတိရမိလေသည်။

အိပ်မက်ထဲတွင် လူမျက်နှာတောင်ရောက်ပါက ယစ်ပူဇော်ပွဲလုပ်ပေးရမည်ဟု ပြောသည်။

အကယ်၍ မပြုလုပ်ပါက ဂူအတွင်း၌ အန္တရာယ်များနှင့် ကြုံ





တွေ့ရမည်ဟုလည်း ပြောသွားသေးသည်။

ထိုအိပ်မက်မှာ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေသာကြောင့် ယုံရအခက်၊ မယုံရအခက်ဖြစ်နေသည်။

တစ်ခုထူးသည်မှာ အခြားအချိန်များတွင် ထိုအိပ်မက်ကို လုံးဝသတိမရဘဲ ဂူပေါက်အတွင်းဝင်ခါနီးမှ တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်သတိရခြင်းကတော့ ထူးဆန်းသလိုဖြစ်နေတော့သည်။

သို့သော် မတတ်သာတော့ပေ။

ဂူအပြင်ဘက်တွင်ကျန်နေခဲ့ကြမည့် ဦးမွန်ထော်တို့အား သတိဝီရိယဖြင့်နေကြရန်မှာကြားပြီးနောက် ဝါးဖောင်ဖြင့် ဂူအတွင်း စတင်ဝင်ကြလေသည်။

ရေကြောင်းမှာ အချို့နေရာများတွင် အပြောင်းအလဲရှိသော်လည်း အချို့နေရာများမှာတော့ ဖြောင့်စွာသွားရလေသည်။

ရေစီးမကြမ်းသဖြင့် အန္တရာယ်မရှိသော်လည်း ရေစီးကြောင်းအလယ်၌ထွက်နေသည့်ကျောက်စွန်းကျောက်တုံးများကို လှမ်းမြင်ရသည်။

ထိုကဲ့သို့မြင်လျှင် ဒေါက်တာမင်းထင်ကျော်က ဖောင်ကို အရှိန်တုံ့ကာ ဖြည်းဖြည်းချင်းသွားလေသည်။

မြေပုံအတွင်း၌ အမှတ်အသားပြထားသောနေရာ၌ရှိသည့် ကျောက်တုံးများပေါ်တွင် ကြက်ခြေခတ်အမှတ်အသားကြီးများ ပြုလုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ကျန်လူများကို မြင်သာအောင် လက်နှိပ်ဓာတ်မီးဖြင့်ထိုးပြသည်။

"ဒါ ဘာအမှတ်အသားတွေလဲ ဆရာ"

"ထိလိုက်တာနဲ့ အန္တရာယ်ဖြစ်စေနိုင်ကဲ့ အမှတ်အသားတွေ ပါပဲ"

"ဒီလိုသာ မသိဘဲရမ်းပြီးဝင်လာရင်တော့ အန္တရာယ်နဲ့တိုးမှာ အမှန်ပါပဲ"

"ကျွန်တော့်အထင်ပြောရရင်တော့ ကျွန်တော်တို့ရှေ့က အရင် ဝင်ကြတဲ့ ကျားကြီးတို့အဖွဲ့တွေကို မတွေ့ရတာထောက်ရင် ဒီဂူထဲ မှာ အန္တရာယ်တွေနဲ့တွေ့ပြီး သေကုန်ကြတာပဲဖြစ်ရမယ်"

"အပြင်မှာကျန်တဲ့လူတွေနဲ့မြင်းတွေကလဲ ကျားနဲ့လူပုံကြီးတွေ လက်ချက်နဲ့ သေကုန်ကြတော့ တစ်ယောက်မှမကျန်တော့ဘာ ဖြစ် မယ်"

"ကဲ ဘာပဲဖြစ်ဖြစ် သတိနဲ့တော့ဝင်ရမှာပဲ၊ ဂူအတွင်းရောက်ရင် တော့ ဆရာကြီးတို့ တစ်ခေါက်ရောက်တုန်းက တွေ့ခဲ့ရတဲ့ နာဂ အဘိုးကြီးနဲ့ တွေ့ချင်တွေ့ရဦးမှာပေါ့"

ဟု ပြောကာ ရှေ့သို့ ခရီးဆက်ဝင်လာကြသည်။

ဂူအတွင်းပိုင်းရောက်လေလေ လမ်းများက ပိုမိုရှုပ်ထွေးလာပြီ လမ်းတစ်လျှောက်လုံး အန္တရာယ်ထောင်ချောက်များကလည်း တစ်ခုပြီးတစ်ခု တွေ့လာရသည်။





ဖောင်ကို ထိုးဝါးဖြင့်ထောက်ကာ ထိန်းကာနှင့် ဝင်လာကြရာ အတွင်းပိုင်းရောက်သောအခါ ကျောက်ပြားတစ်ခုပေါ်မှာ လဲနေ သော လူတစ်ယောက်ကို လှမ်းမြင်ရသဖြင့် ဖောင်ကို အနားကပ် ကြည့်သောအခါ အဘိုးကြီးတစ်ယောက်ဖြစ်မှန်းသိသဖြင့် ဖောင်ကို ရပ်လိုက်သည်။

မှောင်နေသဖြင့် မည်သူမည်ဝါမှန်းမသိရဘဲရှိနေရာ ဒေါက်တာ မင်းထင်ကျော်က မီးရောင်ဖြင့်ထိုးကြည့်လိုက်သည်။

"ဟင် ..."

"ဒါ..ဒါ ကျုပ်တို့ တစ်ခါတွေ့ခဲ့ရတဲ့ နာဂအဘိုးကြီး မဟုတ် လား"

"ဟုတ်တယ်ထင်တယ်၊ ဘယ်လိုဖြစ်နေတာလဲမသိဘူး"

သုံးယောက်သား ကျောက်ပြားပေါ်သို့ တက်ကြည့်သောအခါ နာဂအဘိုးကြီးမှာ သေနတ်ဒဏ်ရာဖြင့် လဲနေမှန်းသိရသဖြင့် ဖောင် ပေါ်သို့ ပွေ့ယူလာသည်။

"ဒါ ကျားကြီးတို့လက်ချက်ဖြစ်မှာပဲ"

"ဒါထက် သူ သေပြီလား"

ဆရာဝန်တစ်ဦးဖြစ်သော ဦးရန်နိုင် က စမ်းကြည့်သည်။

"မသေသေးဘူး၊ အသက်ငွေ့ငွေ့ရှိနေသေးတယ်၊ ဒါပေမယ့် ဒဏ်ရာရတာကြာနေတော့ သွေးထွက်လွန်သွားပြီ၊ အသက်ရှင်ဖို့ တော့ မလွယ်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် တတ်စွမ်းသမျှ ပြုစုကုသပေးသောအခါ တဖြည်းဖြည်းနှင့် သတိပြန်ရလာသည်။

"မင်း... မင်းတို့ ဘယ်သူတွေလဲ"

လေသံသဲ့သဲ့ဖြင့်မေးသည်။

"ကျုပ်တို့ တစ်ခါကလာတဲ့ လူနှစ်ယောက်ပေါ့၊ အဘ ရွှေတုံးနှစ်လုံး ပေးလိုက်တဲ့လူတွေပါ"

"သြော်... မင်းတို့ရောက်လာပြီကိုး၊ အခုမှပဲ ရောက်ကြတော့တယ်"

ထိုစကားကြားသောအခါ ဦးဘကျော်သာနှင့် ဦးရန်နိုင်တို့ နှစ်ယောက်မှာ စိတ်မကောင်းဖြစ်သွားကြသည်။

"အဘကို ဘယ်သူတွေ သေနတ်နဲ့ပစ်သွားကြတာလဲ"

"လူဆိုးတွေပေါ့ကွယ်၊ သူတို့ ငါ့ကို ဒုက္ခပေးပြီး အထဲဝင်သွားကြတာ တစ်ယောက်မှ ပြန်ထွက်မလာနိုင်ကြတော့ဘူး။ ငါလဲ မနေရတော့ပါဘူး၊ မင်းတို့ အခုလိုရောက်လာတာ အတော်ပဲ၊ မှာချင်တာလေးတွေ မှာခဲ့ပါရစေ"

"ကျုပ်တို့ ဘာလုပ်ပေးရမလဲ အဘ"

"ဂူထဲမှာ ရတနာတွေရှိတယ်၊ သတ္တုရိုင်းတွေ အများကြီးရှိတယ်၊ နောက်ပြီး ကျောက်သွေးထွက်တဲ့နေရာတွေ ရှိတယ်၊ အဲဒီပစ္စည်းတွေကို သင့်သလောက်ယူသွားကြပါ။ မင်းတို့တစ်တွေလဲ သုံး၊ ပိုလျှံတာတွေကို နာဂတောင်တန်းပေါ်မှာရှိတဲ့ နာဂတွေ ကောင်းဖို့





အတွက် ဝေမျှသုံးပေးပါ"

"စိတ်ချပါ အဘ၊ ကျွန်တော်တို့ လုပ်ပေးပါ့မယ်"

ဒေါက်တာမင်းထင်ကျော် က ဝင်ပြောလိုက်သည်။

"ငါတို့နာဂတွေဟာ ရိုးသားကြတယ်၊ တောထဲတောင်ထဲမှာပဲ နေရပြီး အကူအညီပေးမယ့်သူမရှိဘူး၊ မင်းတို့က သူတို့အတွက် တတ်နိုင်သမျှ လုပ်ပေးလိုက်ကြပါ"

"လုပ်ပေးပါ့မယ် အဘ"

"အားလုံးပြီးရင် မင်းတို့ ဒီလမ်းက ပြန်မထွက်ကြနဲ့၊ ကျောက်သွေးတွေစိမ့်ကျနေတဲ့ လူမျက်နှာတောင်ရဲ့ ပါးစပ်ပေါက်နေရာက နေထွက်ရင် အပြင်ရောက်တယ်"

"ဟုတ်ကဲ့"

"ပစ္စည်းတွေယူပြီးတာနဲ့ အခန်းအလယ်မှာရှိတဲ့ ကျောက်တုံးကြီးကို တွန်းဖယ်လိုက်ပါ၊ ပြီးတာနဲ့ ဂူထဲက အမြန်သာထွက်ပြေးကြတော့ကွယ်"

ဟု ပြောဆိုမှာကြားပြီး သေဆုံးသွားလေတော့သည်။

ဦးဘကျော်သာနှင့်ဦးရန်နိုင်တို့နှစ်ယောက်မှာ နှစ်ပေါင်းများစွာ ဝေးကွာနေသည့်မိတ်ဆွေဟောင်းနှင့် ပြန်တွေ့ရသော်လည်း နိဂုံးမလှသည့်အဖြစ်မျိုးနှင့် ပြန်တွေ့ရသဖြင့် စိတ်မကောင်းဖြစ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့ပင် ယခုမှပင် ဆုံတွေ့ရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်မကောင်းဖြစ်နေကြလေသည်။

ထို့နောက်တွင် နာဂအဘိုးကြီးအလောင်းကို ဖောင်ပေါ်တင်၍ အတွင်းသို့ ဆက်ဝင်ခဲ့ကြရာ နောက်ဆုံး အဘိုးကြီးနေခဲ့သည့် အခန်းကျယ်အတွင်းသို့ ရောက်သွားကြတော့သည်။

ထိုနေရာရောက်သောအခါ အလောင်းကို သူနေသည့် ကျောက်စင်ပေါ်သို့တင်ပေးလိုက်သည်။

ဦးဘကျော်သာနှင့်ဦးရန်နိုင်တို့မှာ နာဂအဘိုးကြီး ပြသထားသောအခန်းရှိရာသို့ သွားကြည့်ကြရာ ထိုအခန်းထဲ၌ ရှေးနာဂများ အသုံးပြုခဲ့သည့် ဓား၊ လှံ၊ ရဲတင်း၊ လေးမြား စသည့် လက်နက်များ အစွယ်တပ်ထားသည့် ဦးပေါင်းဦးထုပ်များ ရွှေဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများစွာတို့ကို တွေ့ကြရသည်။

ထိုပစ္စည်းများကို ချည်အိတ်တစ်လုံးအတွင်းသို့ထည့်ကြသည်။ နောက်အခန်းတွင်းမှာတော့ ဒေါက်တာမင်းထင်ကျော်တို့ အလိုအရှိဆုံးဖြစ်သည့် ပလက်တီနမ်(Platinum)သတ္တုခဲအမြောက်အမြားကို တစုတဝေးတည်း တွေ့ကြရသည်။

ထိုသတ္တုခဲများရှိသောနေရာတွင် အပြင်သို့စီးထွက်သွားသော စမ်းချောင်းရှိသဖြင့် မိုးများပြီး တောင်ကျရေဆင်းသောအချိန်၌ အချို့မှာ ရေစီးနှင့်အတူ အပြင် ဘက်သို့ ပါသွားကြဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ဝမ်းသာအားရဖြင့် အိတ်ကြီးအိတ်ငယ်ဖြင့် ထည့်ယူကြသည်။





အခြားအခန်းမှာတော့ ကျောက်ချပ်နှစ်ခုကြား သဘာဝ အတိုင်းစိမ့်ကျနေသော ကျောက်သွေးများကို ဦးဗန်ကောင်းက ရနိုင်သမျှထည့်ယူနေလေသည်။

သူတို့သည် ဂူအတွင်း၌ ရွှေဖြင့်ပြုလုပ်ထားသောပစ္စည်းများကို ယူသူကယူ၊

ပလက်တီနမ်သတ္တုခဲများကို ယူသူကယူ၊

ကျောက်သွေးများကို ထည့်သူကထည့်နှင့် အလျှင်အမြန် ပြုလုပ်ကြလေသည်။

ပြီးသည်နှင့် .....

ကျောက်သွေးများစီးကျနေသောအပေါက်ဝမှ အပြင်သို့ထွက်ကြသည်။

ထိုနေရာမှာ လူမျက်နှာတောင်၏ ပါးစပ်ပေါက်နေရာပင်ဖြစ်လေသည်။

"တကယ်တော့ ကျုပ်တို့က လူတစ်ယောက်ရဲ့ဗိုက်ထဲကို ရောက်နေသလိုပါပဲ၊ အခုမှ ပါးစပ်က အပြင်ကို ပြန်ထွက်ကြရတယ်"

ဟုပြောကာ ပါးစပ်ပေါက်ဝမှ အောက်သို့ ခက်ခက်ခဲခဲ ဆင်းကြရလေသည်။

ပစ္စည်းထုပ်များကိုတော့ ကြိုးများကို အသုံးပြု၍ အောက်သို့ချသည်။

"ကဲ ဆရာကြီးတို့က အပြင်မှာရှိတဲ့လူတွေပါ ခေါ်ပြီး လွတ်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ သွားနေကြပါ။ ကျွန်တော်တို့က နာဂအဘိုးကြီးမှာခဲ့တဲ့ အတိုင်း ဂူထဲကို တစ်ခေါက်ပြန်ဝင်ရဦးမယ်”

“သတိထားနော် ဆရာ”

“စိတ်ချပါ”

ထို့နောက်တွင် .....

ဒေါက်တာမင်းထင်ကျော်၊ တိုင်းလုံ၊ စောထီး၊ ငမဲအောင်တို့ လေးယောက်သား အတွင်းသို့ ပြန်ဝင်ခဲ့ကြလေသည်။

နာဂအဘိုးကြီးနေသောနေရာမှာ ရေပတ်လည်ဝိုင်းနေသော နေရာ ဖြစ်သည်။

ရေလယ်နေရာ၌ ကြီးမားလှသည့်ကျောက်တုံးကြီးတစ်လုံး ရှိနေသည်။

ရေထဲမှာ တစ်ဝက်တစ်ပြက်ပေါ်နေခြင်းဖြစ်သည်။

“နာဂအဘိုးကြီးပြောတာ ဒီကျောက်တုံးကြီးပဲဖြစ်မယ်”

“ဘယ်လိုလုပ်မလဲ”

“ဖောင်ကို အရှိန်ပြင်းပြင်းထိုးလာပြီး ဝင်တိုက်ရုံရှိတာပေါ့”

“ဖြစ်ပါ့မလား ဆရာ”

“ဒီနည်းပဲရှိတယ်၊ ဖောင်နဲ့ကျောက်တုံးနဲ့ဝင်ဆောင့်မိတာနဲ့ တစ်ပြိုင်နက် ရေထဲကိုခုန်ချပြီး ဒီအပေါက်ကနေ အပြင်ကိုရောက် အောင် ပြေးကြ”

ဟု မှာကာ လေးယောက်သား ဖောင်ပေါ်ပြန်တက်ကြသည်။





ထို့နောက် ...”

ဖောင်ကို အတော်ဝေးဝေးနေရာရောက်အောင် ယူသွားကြသည်။

ပြီးသည်နှင့် လေးယောက်သား ထိုးဝါးတစ်ချောင်းစီကိုင်၍ တက်ညီလက်ညီထိုးလာကြသည်။

ရေစီးအရှိန်၊ လေးယောက်၏ထိုးဝါးအရှိန်ကြောင့် ဖောင်က အရှိန်မြန်မြန်ဖြင့် ကျောက်တုံးကြီးရှိရာသို့ ဦးတည်သွားနေလေသည်။

ထိုသို့သွားနေရင်းမှ ဂူကြီးအတွင်းမှ ကြောက်မက်ဖွယ်ကောင်းသော ပဲ့တင်သံကြီးကို ကြားလာရသည်။

“ဒီကျောက်တုံးကြီးက ဂူတစ်ခုလုံးရဲ့ အဓိကနေရာ ဖြစ်နိုင်တယ်၊ အားလုံး သတိထားကြ”

အရှိန်ပြင်းပြင်းဖြင့် သွားနေသောဖောင်က ကျောက်တုံးကြီးကို ဝုန်းခနဲဝင်ဆောင့်လေတော့သည်။

“ဒုန်း ... ဝုန်း”

ထိုအခိုက်အတံ့လေးမှာပင် ကျောက်တုံးကြီးပေါ်မှာ ထွင်းထားသောကြက်ခြေခတ်ကြီးများကို လှမ်းမြင်လိုက်ရသည်။

ကျောက်တုံးနှင့် ဝင်ဆောင့်လိုက်သောအရှိန်ကြောင့် လေးယောက်သား ရေထဲသို့ ပြုတ်ကျသွားလေတော့သည်။

“ဝုန်း ဝုန်း ဝုန်း”



www.burmeseclassic.com

www.burmeseclassic.com



ရေမှာ ရေခဲတမျှ အေးလွန်းရာ တစ်ကိုယ်လုံး ကျဉ်သွားလေသည်။

"ကမ်းရောက်အောင် မြန်မြန်ကူးကြဟေ့"

ဒေါက်တာမင်းထင်ကျော် သတိပေးလိုက်သည့်အချိန်မှာပင် ကျောက်လုံးကြီးက ဘေးသို့စောင်းကျသွားသည်။

ထိုနှင့်တစ်ပြိုင်နက် .....

တဝေါဝေါနှင့် အသံကြီးပေါ်လာကာ ဝဲကတော့ကြီး ဖြစ်ပေါ်လာလေတော့သည်။

"ဝေါ ဝေါ ဝေါ ဝေါ"

ဒေါက်တာမင်းထင်ကျော်တို့မှာ ဝဲဂယက်အတွင်း ပါမသွားစေရန် နီးစပ်ရာကျောက်တုံးများကို ဖမ်းဆွဲထားရလေသည်။

"သတိထားကြဟေ့၊ ကမ်းပေါ်ရောက်အောင် အမြန်တက်ကြ"

ခဏချင်းမှာပင် ဝဲကတော့ကြီးမှာ ပိုမိုကြီးမားလာပြီး ရေနှင့်မျောက်တုံးကျောက်ခဲများကို အောက်သို့ စုပ်ဆွဲသွားလေရာ ...

ဒေါက်တာမင်းထင်ကျော်တို့မှာ ကမ်းစပ်ရောက်အောင် အလျင်အမြန်တက်ကာ အပေါက်ဝရောက်အောင် ပြေးကြရလေတော့သည်။

"ဝေါ ဝေါ ဝေါ ဝေါ"

ဝဲကတော့ကြီးက တဖြည်းဖြည်းနှင့်ကြီးမားကျယ်ပြန့်လာကာ ကျောက်တုံးကျောက်ဆောင်များပါတိုက်စား၍ ဝဲကတော့အပေါက်





ကြီးအတွင်းသို့ဆွဲချသွားရာ ဂူကြီးမှာ နံရံများပဲ့ပြီး တဝုန်းဝုန်းနှင့် ပြိုကျလာလေတော့သည်။

"ဝုန်း ဝုန်း ဝုန်း"

အပေါ်မှကျောက်တုံးကျောက်ခဲများ တဝုန်းဝုန်းနှင့်ပြိုကျလာသောကြောင့် လေးယောက်သား ဘေးလွတ်အောင်ရှောင်တိမ်းရင်း အပေါက်ဝရောက်အောင်ထွက်ပြေးကြရလေသည်။

နောက်ပိုင်းမှာတော့ ဝဲကတော့ကြီးက တဖြည်းဖြည်းနှင့် ကြီးသထက်ကြီးလာပြီးလိုဏ်ခေါင်းကြီးမှာလည်း တဝုန်းဝုန်းပြိုကျလာတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ပြိုကျစပြုနေသော ကျောက်ဂူဝပေါက်ကြီးမှ အောက်သို့ အလျင်အမြန်ဆင်းကြရသည်။ ထိုအချိန်မှာပင် ဂူကြီးတစ်ခုလုံးမှာ လျှင်လှုပ်သကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်လာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ အောက်သို့ရောက်သွားပြီး ဘေးလွတ်ရာနေရာသို့ရောက်သောအခါ .....

လှုမျက်နှာတောင် ဂူကြီးမှာ တအိအိနှင့်ပြိုကျသွားသည်ကို လှမ်းမြင်ကြရလေသည်။

ရှေးနာဂများ သိုဝှက်ထားသော ရတနာပစ္စည်းများ၊ အဖိုးတန်ပလက်တီနမ် သတ္တုခဲများ၊ လူတစ်ယောက်ကို နှစ်ပေါင်းများစွာ အသက်ရှည်စေသောကျောက်သွေးများမှာ နက်ရှိုင်းလှသော မြေ



www.burmeseclassic.com

www.burmeseclassic.com



အောက်တစ်နေရာဆီသို့ ဝဲကတော့ကြီးများက သယ်ဆောင်သွားကြလေပြီ။

အချိန်အတော်ကြာသောအခါ လူ့မျက်နှာတောင်နေရာမှာ ပျောက်ကွယ်သွားပြီး ချိုင့်ခွက်ကျယ်ကြီးဖြစ်သွားတော့သည်။

ထိုနောက် ချိုင့်ခွက်ကြီးအတွင်းသို့ ရေများဝင်လာကာ ပြည့်သွားပြီးနောက် ရေကန်ကြီးသဖွယ်ဖြစ်သွားလေတော့သည်။

တစ်ခါက အမှန်တကယ်ရှိနေခဲ့သော လူ့မျက်နှာတောင်မှာလည်း အိပ်မက်ပမာ ပျောက်ဆုံးသွားခဲ့ချေပြီ။

☆★☆★☆





အခန်း (၁၇)

## လှပသောချစ်ခြင်းတရားဖြင့် ...

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့မှာ အပြန်ခရီး၌ နာဂရွာများသို့ဝင်၍ ပါလာသောလက်ဆောင်ပစ္စည်းများ၊ စားသောက်စရာများကို ပေးထားခဲ့သည်။

မိမိတို့အတွက် လမ်းခရီးတွင်စားသုံးရန် စရိတ်အနည်းငယ်သာချန်ထားပြီး ကျန်တာများကို အားလုံး ပေးထားခဲ့ခြင်းဖြစ်၏။ ထို့ပြင် ၎င်းတို့နှင့်လိုက်လာသော ရိချောင်းကို တူမီးသေနတ်နှင့် ဓားတစ်ချောင်း၊

တောင်အုပ်ကြီးအား သေနတ်တစ်လက် လက်ဆောင်ပေးခဲ့ရာ များစွာ ကျေနပ်ဝမ်းသာမှုရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာဂရွာတွင် ခရီးတစ်ထောက်နားပြီးမှ နန်းမြို့သို့ပြန်ကြရာ ချောမောစွာပြန်ရောက်ကြသည်။

နေရပ်သို့ပြန်ရောက်သောအခါ ရလာသည့်ရွှေနှင့် ပလက်တီနမ်သတ္တုများကို အညီအမျှ ခွဲဝေယူကြကာ ဦးရန်နိုင်တို့သားအဖလည်း ထင်းရှူးမြိုင်သို့ ပြန်သွားကြသည်။

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ကတော့ ဦးဘကျော်သာတို့ထံမှာ ခေတ္တနားနေကြလေသည်။

ထိုသို့ရှိနေစဉ် သုနောင် က ပြောသည်။

"ဆရာကတော့ တကယ့်ကို သူရဲကောင်းတစ်ယောက်ပါပဲ၊ ဒါကြောင့် နန်းမြသီတာက သဘောကျနေတာဖြစ်မှာပါ"

"ဟာ မဟုတ်တာကွာ၊ နန်းမြသီတာက မင်းရဲ့ချစ်သူ မဟုတ်လား"

"မဟုတ်ပါဘူး ဆရာရယ်၊ သူက ကျွန်တော့်ကို လုံးဝ သက်မခံပါဘူး။ သူ တကယ်သဘောကျနေတာက ဆရာ့ကိုပါ"

"မင်းက ဘယ်လိုသိတာလဲ"

"တော ထဲမှာတုန်းက ကျွန်တော့်ကို သူကိုယ်တိုင် ဖွင့်ပြောခဲ့တာပဲ"

"ဟင် ..."

"ဘာပဲဖြစ်ဖြစ် နန်းမြသီတာလိုစိတ်ဓာတ်မာတဲ့ အမျိုးသမီးတစ်ယောက်ရဲ့အချစ်ကိုရတာ ဆရာ့အနေနဲ့ ကံကောင်းပါတယ်၊





ဆရာတို့နှစ်ယောက်က လိုက်လဲလိုက်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ပါတယ်"

ဟု ဝမ်းနည်းနေသောလေသံဖြင့် ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ သုနောင် စကားကိုနားထောင်ပြီး မစဉ်းစားတတ်အောင်ရှိနေတော့သည်။

နောက်တစ်နေ့တွင် ထင်းရှူးမြိုင်မှ ဦးရန်နိုင် လွှတ်လိုက်သော ဂျစ်ကား ရောက်လာကာ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့အား လာခေါ်လေသည်။

"ဆရာကြီးက ဆရာတို့အဖွဲ့ကို ထင်းရှူးမြိုင်ကို လိုက်ခဲ့ဖို့ ခေါ်ခိုင်းလိုက်ပါတယ်"

ဟု ပြောသဖြင့် လိုက်သွားကြလေသည်။

ထင်းရှူးမြိုင်ရောက်သောအခါ ၎င်းတို့အတွက် ညစာခံကျွေးမွေးရန် စီစဉ်ထားသည်။

နန်းမြသီတာမှာလည်း အစွမ်းကုန်ပြင်ဆင်ခြယ်သထားသဖြင့် အလှကြီးလှနေလေသည်။

"ဒါထက် ကိစ္စတွေပြီးပြီဆိုတော့ ဆရာတို့ အစီအစဉ်က ဘယ်လိုရှိကြသလဲ"

ဟု ထမင်းစားပွဲတွင် ဦးရန်နိုင် က မေးသည်။

"ပထမတော့ ကိစ္စပြီးရင် ရန်ကုန်ကိုပြန်ဖို့ပါပဲ၊ ဒါပေမယ့် အခုတော့ အစီအစဉ်တစ်မျိုးပြောင်းသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအစီအစဉ်မျိုးလဲ ဆရာ"

"လူမျက်နှာတောင်မှာ နာဂအဘိုးကြီးကို ကတိပေးခဲ့တဲ့အတိုင်း နာဂတောင်တန်းတွေပေါ် ကို တစ်ခေါက် ပြန်တက်ပါမယ်။ ကျွန်တော့် အတွက်ရတဲ့ပစ္စည်းတွေကို ထုခွဲရောင်းချလို့ရတဲ့ငွေတွေနဲ့ သူတို့ အတွက် တစ်ခုခုလုပ်ပေးနိုင်ဖို့ ကြိုးစားရပါမယ်"

"သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ၊ လေးစားဖို့ကောင်းတဲ့ စိတ် ဓာတ်မျိုးပါပဲ။ ကျုပ်အနေနဲ့လဲ ဒီပစ္စည်းတွေကို ကိုယ်ကျိုးအတွက် မသုံးစွဲချင်ပါဘူး။ ဒါကြောင့် ကျုပ်အတွက် ရတဲ့ဝေစုကိုလဲ ရောင်းချ ပြီး ဆရာနဲ့ထည့်ပေးလိုက်ပါ့မယ်"

ဟု ပြောလေသည်။

ညအချိန် အေးအေးဆေးဆေးနားကြသောအခါ ဒေါက်တာ မင်းထင်ကျော်နှင့် နန်းမြသီတာတို့နှစ်ယောက် အေးအေးဆေးဆေး တွေ့ဖြစ်ကြသည်။

"ဆရာရဲ့ဆုံးဖြတ်ချက်ကို ဖေဖေကတော့ အရမ်းကို သဘော ကျနေတယ်၊ သူကိုယ်တိုင် မလိုက်နိုင်တာကို စိတ်မကောင်းဖြစ်နေ သေးတယ်၊ ဒါထက် ဆရာ တောင်ပေါ်သွားရင် ကြာမှာလားဟင်"

"အဆင်ပြေသလောက်နေမှာပါ၊ သီတာက စိတ်ဝင်စားလို့ လား"

"ဟုတ်တယ်၊ ကျွန်မက အဲဒီလိုသွားရတာ သိပ်သဘောကျ တယ်၊ ဆရာ့အတွက် အနှောင့်အယှက်မဖြစ်ဘူးဆိုရင်တော့ ဖေဖေ့





ကိုယ်စား ကျွန်မ လိုက်ခဲ့ချင်တယ်"

"ဆရာကြီးတို့ သမီးတစ်ယောက်တည်း ထည့်ပါ့မလား"

"ကျွန်မ ဖေဖေ့ဆီမှာ ခွင့်တောင်းထားပြီးပါပြီ၊ ဖေဖေက ကျွန်မ သဘောကျအတိုင်း ဆုံးဖြတ်ခွင့်ပေးထားပါတယ်၊ ဆရာ့ရဲ့သဘော သာပြောပါ"

နန်းမြသီတာက ပွင့်လင်းသော တိုင်းရင်းသူပီပီ ပွင့်လင်းစွာ မေးလေသည်။

"ကိုယ်ကတော့ ဒီခရီးမှာ သီတာ ပါလာရင် ပိုပြီး ပျော်စရာ ကောင်းမှာပေါ့"

"ဘာဖြစ်လို့လဲဟင်"

"ကိုယ့်အတွက် အဖော်ရမှာမို့လေ"

"ဘယ်လိုအဖော်မျိုးလဲဟင်"

"ကိုယ့်အတွက် ခရီးဖော်တစ်ယောက်ဖြစ်သလို ဘဝအဖော်မွန် တစ်ယောက်အတွက်ပါ ရည်ရွယ်ထားတာမို့ပါ"

ထိုစကားကြားသောအခါ နန်းမြသီတာ၏ ပါးပြင်နှစ်ဖက်ပေါ် မှာ ပန်းနုရောင်သမ်းသွားပြီး ခေါင်းငုံ့သွားလေသည်။

"ကိုယ်ပြောတာကို စိတ်ဆိုးသွားသလား သီတာ"

"စိတ်မဆိုးပါဘူး၊ ဆရာက ဒီစကားကို တကယ်ပြောတာလား ဟင်"

"တကယ်ပြောတာပေါ့ သီတာရယ်၊ ဒီစကားမျိုးက စိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ ပြောလို့ရတဲ့စကားမျိုးမှမဟုတ်တာ၊ သီတာ့ သဘောကိုလဲ ပြောပါဦး"

ဒေါက်တာမင်းထင်ကျော်က နန်းမြသီတာ၏လက်ကလေး တစ်ဖက်ကို ဆုပ်ကိုင်ကာ မေးလိုက်သည်။

"ဆရာ့ရဲ့နောက်ကို လိုက်ခဲ့ပါ့မယ်လို့ပြောထားပြီးမှပဲ၊ ဆရာက ဘယ်ကိုပဲခေါ်ခေါ် လိုက်ရတော့မှာပေါ့"

"အဲဒါဖြင့် ဆရာကြီးတို့ဆီမှာ ခွင့်တောင်းပြီး တစ်ခါတည်း လက်ထပ်ပြီးမှ သွားကြရင် ပိုမကောင်းဘူးလား"

"ဒါကတော့ ဆရာ့သဘောပါပဲ"

"ဒီလိုဆိုရင် ခရီးထွက်မယ့်ရက်ကိုရွှေ့ပြီး မင်္ဂလာပွဲကို ကျင်းပဖို့စီစဉ်လိုက်တော့မယ်နော်။ ဒါထက် သီတာ က ကိုယ့်ကို အခုထိ ဆရာလို့ ခေါ်နေတုန်းပဲလား"

"အဲဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"လက်ထပ်တော့မယ့်ချစ်သူဘဝရောက်ခဲ့ကြပြီဆိုတော့ အစ်ကို ဒါမှမဟုတ် မောင် လို့ ခေါ်ပေါ့"

"အို... ရှက်စရာကြီး"

ဟု ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က ရယ်မောကာ နန်းမြသီတာကိုယ်လေးကို ထွေးဖက်ထားလိုက်လေသည်။ နန်းမြသီတာကလည်း ဒေါက်တာမင်းထင်ကျော်ရင်ခွင်မှာ မှိုဝင်နေလေသည်။





"ဆရာ... အဲ... မောင်က ကျွန်မကို ဘယ်အချိန်က စပြီး ချစ်ခဲ့တာလဲင်"

"ထင်းရှူးမြိုင်ရောက်ပြီး စတွေ့တဲ့အချိန်ကတည်းကပေါ့၊ သီတာရောဟင်"

"ကျွန်မလဲ မောင့်ကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့တာပါ၊ တောထဲတောင်ထဲကို ခရီးအတူတူသွားကြတော့ ပိုပြီးလေးစားပြီး ချစ်မိတာ"

"သီတာ မောင့်ကို ချစ်နေတာကို သိပြီးသားပါ"

"ဟင် ... မောင်က ဘယ်လိုသိတာလဲ"

"သုနောင်က ဖွင့်ပြောပြလို့ သိရတာလေ"

"ဟုတ်တယ်၊ ကျွန်မစိတ်ကို မညာချင်တာနဲ့ သူ့ကို ဖွင့်ဖွင့်လင်းလင်းပြောလိုက်တာ"

"သူ့ကို ကျေးဇူးတင်ရမယ်၊ သူပြောလို့ သီတာရဲ့သဘောကို သိခဲ့ရလို့ အခုလို ရဲရဲတင်းတင်းဖွင့်ပြောဝံ့တာပေါ့။ အခုတော့လဲ မောင်တို့နှစ်ယောက်ရဲ့ ဘဝခရီးလမ်းအတွက် ဖြောင့်တန်းသာယာပြီပေါ့နော်၊ မောင်တော့ သီတာ့ကို ပိုင်ဆိုင်ခွင့်ရတာ သိပ်ပြီးဝမ်းသာတာပဲ၊ သီတာရော ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာပါတယ် မောင်ရယ်၊ ကျွန်မအတွက် မျှော်လင့်တောင် တနေခဲ့ရတဲ့ အိပ်မက်ထဲကချစ်သူကို အပြင်မှာ တကယ်ရလိုက်သလိုပဲ၊ အရမ်းပျော်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်ကို တင်းတင်းလေး ပြန်ဖက်ထားလိုက်လေတော့သည်။

အဝေးတွင် လရောင်ဆမ်းထားသည့်တောင်တန်းကြီးများကို မှုန်ပျပျလှမ်းမြင်နေရသည်။

နှင်းမှုန်နှင်းစက်များက တဖွဲဖွဲကျဆင်းလျက်ရှိနေသည်၊ လေနှင့်အတူပါလာသော ထင်းရှူးနံ့များက သင်းပျံ့နေကြသည်။ သဘာဝ အလှအပများဖြင့် တန်ဆာဆင်ထားသော သဘာဝပတ်ဝန်းကျင်မှာ ချစ်သူနှစ်ယောက်တို့၏ လှပသောစကားလုံးများ၊ မေတ္တာရနံ့များဖြင့် ဖြည့်ဆည်းလိုက်သောအခါ ပိုမိုလှပသွားလေတော့သည်။

ဤနေရာတွင် ကျွန်ုပ် ရေးသားသော (မရဏထောင်ချောက်) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

*အနီဃာ ဟောန္တု သုခီအတ္တာနံ ပရိဟရန္တု*

ဖြိုးခကျွ

*စာပြီးချိန်။ ။ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ(၄)ရက်၊ အင်္ဂါနေ့ နံနက်(၁၁)နာရီ။*

ရွှေသမင်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com